# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၀၈၆)


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

ကျွန်မတို့ အခု ကိုဗစ်ရောဂါကနေစပြီးတော့ ပြောရမယ်ဆိုရင် အရင်ငါးရက်အတွင်းကတော့ ၁၀၀၀ အောက် ကျလာပါတယ်။ ရောဂါကူးစက်တဲ့သူတွေ ၁၀၀၀ အောက် ကျလာတယ်ဆိုတော့ ဒါတိုးတက်မှုလို့ ပြောရပေမယ့်လည်း သိပ်ကြီးကောင်းပြီလို့တော့ ပြောလို့မရသေးပါဘူး။ ဒါပေမယ့်လည်း အားလုံးဝိုင်းဝန်းပြီးတော့ ထိန်းချုပ်ပေးဖို့၊ ဒီရောဂါကို ထိန်းချုပ်ပေးဖို့ ကြိုးစားကြလို့ ကျေးဇူးတင်တယ်လို့ ကျွန်မပြောချင်ပါတယ်။ ဒါဆက်ပြီးတော့ ထိန်းသိမ်းထားကြပါ။ အဲဒီတော့ ကျွန်မတို့အနေနဲ့ အခုဆိုရင် အဓိက ဦးတည်နေတာကတော့ ကာကွယ်ဆေးပေါ့။ ကာကွယ်ဆေးကို လူ (၁၅) သန်းအတွက်၊ ဝယ်ယူဖို့အတွက် အခု ကျွန်မတို့ အဖွဲ့တစ်ဖွဲ့ အိန္ဒိယနိုင်ငံမှာ ရောက်နေပါတယ်။ ဒီကာကွယ်ဆေးဝယ်ယူရေးကိစ္စတွေနဲ့ ပတ်သက်လို့ဆိုရင် နောက်တစ်ပတ်လောက်အတွင်းမှာ တိတိကျကျပိုပြီးတော့ သိရပါလိမ့်မယ်။


*စာမျက်နှာ ၃ ကော်လံ ၁* ❂


**“ကာကွယ်ဆေးဝယ်ယူဖို့ လက်မှတ်ထိုးပြီးပြီ၊ အားလုံးအဆင်သင့်ရှိပြီးပြီဆိုတာနဲ့ မကြာခင်ကာလမှာ ကာကွယ်ဆေးထိုးတဲ့ အစီအစဉ်တွေစဖို့လည်း ကျွန်မတို့ စီစဉ်ထားပြီးပါပြီ။ တစ်တိုင်းပြည်လုံးမှာပေါ့”**

COVID - 19 ကာလတွင် Merry Christmas and Happy 2021 New Year ဖြစ်စေချင်


ဆောင်းပါး စာ » ၆


အစိပတိလမ်းမပေါ်မှာ လျှောက်ဖူးခဲ့ပါသည်

ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ်ဆောင်းပါး


စာ » ၉


COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁၉ ဦး တွေ့ရှိ


စာ » ၁၅





မြန်မာ့အလင်း

# ဤမြေပေါ်သို့ ကောင်းချီးမင်္ဂလာရောက်စေသော်

ယနေ့ (ဒီဇင်ဘာလ ၂၅ ရက်နေ့)သည် ခရစ်ယာန်ဘာသာဝင်တို့ အလေးအမြတ်ပြုကာ ပွဲတော်အဖြစ် ကျင်းပသည့် ခရစ္စမတ်နေ့ ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က သည်လိုရက်တွင် တမန်တော်ယေရှုကို မွေးဖွားခဲ့သည်ဟု အမှတ်အသားပြု၍ တမန်တော်၏ မွေးနေ့ကို ခရစ္စမတ်ပွဲတော်အဖြစ် သတ်မှတ်ကာ ပျော်ကြ ရွှင်ကြ ကျင်းပကြသည်။

ဤသို့ ခရစ္စမတ်နေ့အဖြစ် သတ်မှတ်ကာ ပျော်ကြရွှင်ကြ၊ ခင်မင်သူချင်း ဆုံကြတွေ့ကြ၊ လက်ဆောင်ပစ္စည်းများ အလဲအလှယ် လုပ်ကြလေ့ရှိ၏။ မိမိတို့၏ အိမ်ထဲ၊ ခြံထဲတို့တွင် ခရစ္စမတ်သစ်ပင် ထူကာ မွမ်းမံပြုပြင် အလှဆင်ကြ၏။ ဝေးကွာနေသည့် မိသားစုဝင်များ ခရစ္စမတ်ကာလတွင် မိဘနေအိမ်သို့ မရောက်ရောက်အောင် ပြန်လာကြကာ ဆုံတွေ့ကြ၊ ချစ်ခင်ထွေးပွေ့ကြ၏။ စားဖွယ် သောက်ဖွယ်အမျိုးမျိုးကို ချက်ပြုတ်ပြင်ဆင်ကာ ဆွေမျိုးသားချင်းများ၊ အိမ်နီးနားချင်းများ၊ ရင်းနှီးခင်မင်သူ မိတ်ဆွေ သူငယ်ချင်းများကြား အပြန်အလှန် ဖိတ်ခေါ်တည်ခင်း ကျွေးမွေးကြ၏။

ဤသည်မှာ ကမ္ဘာတစ်ဝန်း နေရာအနှံ့အပြားမှာ ဖြစ်ပေ၏။ ခရစ္စမတ်ယဉ်ကျေးမှုသည် ဘာသာရေးအခြေပြုပွဲတော်တစ်ခု ဖြစ်သော်လည်း ယခုအခါတွင် ခရစ်ယာန်ဘာသာဝင်မှမဟုတ်၊ လူမျိုးမရွေး၊ ဘာသာမရွေးဆိုသလို လူတိုင်းလိုလို ပါဝင်လာကြရင်း ချစ်ခင်ပျော်ရွှင်မြူးထူးစွာဆင်နွှဲကြသည့် နိုင်ငံတကာ ယဉ်ကျေးမှုတစ်ခုပင် ဖြစ်နေချေပြီ။ ခရစ္စမတ်ပွဲတော်ကာလသည် ခရစ်နှစ် နှစ်သစ်ကူးနှင့် ဆက်စပ်သွားကာ နိုင်ငံတကာတွင် ရုံးပိတ်ရက်ရှည်၊ ကျောင်းပိတ်ရက်ရှည်အဖြစ် သတ်မှတ်ထားသည့်အတွက်လည်း ပိုမိုစည်ကားသိုက်မြိုက်သည့် ပွဲတော်ကြီး ဖြစ်လာပေသည်။

ယခုလို နိုင်ငံတကာ ယဉ်ကျေးမှုအနေဖြင့် ဖြစ်လာသည့်အခါ ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလ၏ စီးပွားရေးဈေးကွက်သည်ပင် နှစ်တစ်နှစ်အတွင်း၌ ရောင်းအားအမြင့်ဆုံး ရောင်းအားတွင်ကျယ်ဆုံး အချိန် ဖြစ်လာသည်။ ထွန်းလင်းတောက်ပနေသော မီးရောင်စုံ ဘုရားကျောင်းကြီးများနှင့်အပြိုင် ဈေးဆိုင်ကြီးများ၊ ကုန်တိုက်ကြီးများနှင့် မိမိတို့ဒေသရှိ အထင်ကရ ဗိသုကာလက်ရာ အဆောက်အအုံကြီးများသည် လျှပ်စစ်မီးထိန်ထိန် အရှိန်တဝင်းဝင်းဖြစ်နေလေ့ရှိပေသည်။ ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလ ဈေးလျှော့ရောင်းပွဲများကလည်း အပြိုင်အဆိုင်ဖြစ်လေရာ နိုင်ငံအသီးသီး၏ မြို့အသီးသီးသည် ရောင်စုံပွဲတော်၊ ဈေးပွဲတော်၊ အလင်းပွဲတော်၊ မီးပွဲတော်အဖြစ် စည်ကားလို့ နေပါတော့သည်။

သို့သော်လည်း ယခုနှစ်က ကိုဗစ်ရောဂါနှင့် ထိပ်တိုက်ရင်ဆိုင်နေရသည်။ မနှစ်က ခရစ္စမတ်ကာလအထိ မြန်မာနိုင်ငံက ကိုဗစ်နှင့် လွတ်ကင်းနေသည့်အတွက် ပွဲတော်ကျင်းပသူ မိတ်ဆွေများနှင့် ဆုံကြ ပျော်ရွှင်ခဲ့ကြသေးသည်။ ယခုနှစ်မှာတော့ တွေ့ကြဆုံကြရန် ခက်ခဲနေချေပြီ။ တစ်နယ်စီရောက်နေကြသော မိသားစုဝင်များလည်း ပြန်လာရန် ခက်ခဲနေကြပြီ။ တစ်မြို့တည်းနေကြသူချင်းပင် တွေ့ရန်ဆုံရန် ခက်ခဲနေကြချိန်။

ရန်ကုန်မြို့ရှိ ကိုဗစ်ရောဂါဖြစ်နေကြသူများ၏ ၆၅ ရာခိုင်နှုန်းမှာ ရောဂါလက္ခဏာမပြကြ ဆိုသည့်အခါ မိမိအနားရောက်လာသည့် မည်သူမဆိုသည် ရောဂါပိုးရှိနေသူ ဖြစ်နေနိုင်သည်။ လူစုလူဝေးရှိခြင်း၊ နေရာတစ်နေရာတွင် လူဦးရေ ထူထပ်သိပ်သည်းနေခြင်းတို့က ကိုဗစ်ရောဂါ ပျံ့နှံ့စေနိုင်သည့် ပင်မနေရာများ ဖြစ်လာနေသည်လည်း ဖြစ်ရာ ထပ်တလဲလဲ သတိပေးနေရသော လက်ကို မကြာခဏ စနစ်တကျဆေးပါ၊ နှာခေါင်းနှင့် ပါးစပ်စည်းများ၊ မျက်နှာဖုံးများ ဝတ်ဆင်ကြပါဟူသည်က အရေးပါနေဆဲဖြစ်သကဲ့သို့ လူစုလူဝေးကို မဖန်တီးကြပါနှင့်ဟူသည့် တောင်းဆိုမှုကလည်း အလေးဂရုပြု လိုက်နာရမည့်အချက် ဖြစ်နေပါသည်။

ထို့ပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရိယာအတွင်းရှိ ပန်းခြံများကို ဒီဇင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ခေတ္တပိတ်ပင်ထားရှိသည့်အတိုင်းနှင့် အမြို့မြို့အနယ်နယ်မှ ပန်းခြံအစရှိသည့် လူစုလူဝေးပြုလုပ်ရာနေရာတို့ကို ယခုနှစ်တွင် ရှောင်ကြဉ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ခရစ္စမတ်ကာလ နှစ်သစ်ကူး ပျော်ရွှင်စုဝေးကြရမည့် ကာလကို တိတ်ဆိတ်ည၊ သန့်ရှင်းညတေးကို သီကျူးရင်း အားလုံးအေးချမ်း၊ အားလုံးတောက်ပလင်းလက်စွာ၊ ဆိတ်ငြိမ်စွာ အောင့်အည်းသည်းခံကာ ဖြတ်သန်းကြခြင်းဖြင့် ဤမြေပေါ်သို့ ကောင်းချီးမင်္ဂလာရောက်စေသော်ဟု ခရစ္စမတ်ဆုမွန်နှင့် နှစ်သစ်ဆုမွန်ပြုအပ်ပါသတည်း။ ။

# ၂၀၂၁ ခုနှစ်၊ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူ ရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံးစီးပွားရေးအကြံပေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ Korea - Myanmar Industrial Complex (KMIC)ပန္နက်တင် အခမ်းအနား၊ Myanmar Korea Desk ဖွင့်ပွဲအခမ်းအနားတက်ရောက်၊ ဟွန်ဒိုင်းမော်တော်ကားစက်ရုံသို့ သွားရောက်လေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံး စီးပွားရေးအကြံပေး Mr. Park Bokyeong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် တွေ့ဆုံသည်။**(အောက်ပုံ)**

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံး စီးပွားရေးအကြံပေးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ကိုရီးယား- မြန်မာ စက်မှုဇုန်စီမံကိန်း(KMIC)၏ ပန္နက်တင်အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည့် Korea Desk သို့ တက်ရောက်သည်။

ယင်းနောက် ဟွန်ဒိုင်း (Hyundai) မော်တော်ကား စက်ရုံလုပ်ငန်းခွင်သို့ သွားရောက်လေ့လာကြသည်။

**သတင်းစဉ်**




## သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ်(၃)ကို ဒီဇင်ဘာ ၂၅ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၃)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင် ကျော်ထက်အောင်နှင့် သရုပ်ဆောင် ပိုင်ဖြိုးသုတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၂၅ ရက် နှင့် ဒီဇင်ဘာ ၂၆၊ ၂၇ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီသတင်းအပြီးနှင့် MRTV Facebook Page တို့၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ (၁၁-၂-၁၉၄၇) ရက်နေ့တွင် ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**



ရွှေကြက်ယက်၊ ရွှေကြက်ကျာဘုရား    ဓာတ်ပုံ - သန့်ဇော်ဦး

❂ ရှေ့ဖုံးမှ

ကျွန်မတို့ဟာ ကာကွယ်ဆေးဝယ်ယူဖို့ လက်မှတ်ထိုးပြီးပြီ၊ အားလုံးအဆင်သင့်ရှိပြီးပြီဆိုတာနဲ့ မကြာခင်ကာလမှာ ကာကွယ်ဆေးထိုးတဲ့ အစီအစဉ်တွေစဖို့လည်း ကျွန်မတို့စီစဉ်ထားပြီးပါပြီ။ တစ်တိုင်းပြည်လုံးမှာပေါ့။ ကျွန်မတို့က တစ်ဆင့်ပြီးတစ်ဆင့် ဦးစားပေးမှာဆိုတော့ ဥပမာအားဖြင့်ဆိုရင် ပထမဦးစားပေးက ကျွန်မတို့ ရှေ့တန်းက ကျန်းမာရေးဝန်ထမ်းတွေပေါ့။ အဲဒါပြီးတော့မှ နောက် ကျွန်မတို့အနေနဲ့ နိုင်ငံအတွက်ရော၊ ပြည်သူတွေအတွက်ရော လိုအပ်ချက်အရ ကျွန်မတို့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်သွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ကာကွယ်ဆေးရပြီးတာနဲ့လည်း လနဲ့ချီပြီးမှ ကျွန်မတို့ တစ်တိုင်းပြည်လုံးကို ကာကွယ်ဆေးထိုးပေးလို့ပြီးမှာပါ။ ဒါကြောင့် ဒီကြားထဲမှာ သိပ်ပြီးတော့ သတိထားဖို့လိုပါတယ်။ ပန်းတိုင်မြင်ရတဲ့အချိန်မှာမှ ခလုတ်တိုက်တာမျိုး မဖြစ်စေချင်ပါဘူး။ ဒါကြောင့် ကျွန်မတို့ ပြည်သူတွေ ဒီကြားထဲမှာ ကာကွယ်ဆေးမရောက်ခင်ပေါ့။ ဒါ လပိုင်းနဲ့ချီပြီးတော့ ကြာနိုင်ပါတယ်လို့ ကျွန်မထပ်ပြောပါရစေ။ ဒီကြားထဲမှာ ရောဂါမကူးစက်အောင်လို့၊ ကိုယ့်ဆီကလည်း သူများမကူးစက်အောင်လို့၊ သူများဆီကလည်း မကူးစက်အောင်လို့ သတိနဲ့နေကြပါလို့ ကျွန်မထပ်လောင်းပြီးတော့ မေတ္တာရပ်ခံချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုစပြီးတော့လည်း နည်းနည်းတော့ ကျလာပြီ။ နည်းနည်းတော့ကျလာပြီဆိုတော့ များများကျလာအောင်

> **"ဒီလို ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်မှာ သိပ်ပြီးတော့ ပျော်ပွဲရွှင်ပွဲတွေ လုပ်ချင်တဲ့စိတ်နဲ့ စည်းမျဉ်းစည်းကမ်း၊ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းတွေ ချိုးဖောက်တဲ့အခြေအနေမျိုးကို မရောက်ပါစေနဲ့လို့ သတိပေးချင်တာ တစ်ဖက်၊ တစ်ဖက်ကလည်း ဒီအချိန်မှာတော့ ကျွန်မကနေပြီးတော့ နှုတ်ခွန်းဆက် ဆုတောင်းမေတ္တာပို့ချင်ပါတယ်"**

လို့ ကျွန်မတို့လုပ်ရမယ်။ ဆက်ပြီးတော့ကျရမယ်။ အားလုံး တစ်ခါတည်း ပျောက်ကင်းသွားအောင်လို့ ကျွန်မတို့ကြိုးစားရမယ်။ နောက်ပြီးတော့ ကာကွယ်ဆေးနဲ့ တစ်ဖက်ကထိန်းသွားမယ်ဆိုရင် ကျွန်မတို့နိုင်ငံအနေနဲ့ ပုံမှန်ပြန်ပြီးတော့ လည်ပတ်လို့ရမှာပါ။

တချို့ကမ္ဘာ့နိုင်ငံတွေမှာဆိုရင် အခုကပြောရတာတောင်မှ လှိုင်းက နံပါတ်ဘယ်လောက် ရောက်နေမှန်းမသိပါဘူး။ တတိယလှိုင်းလား၊ စတုတ္ထလှိုင်းလား၊ ပဉ္စမလှိုင်းလား။ ပိုပိုပြီးတော့ ဆိုးလာတဲ့နေရာတွေရှိပါတယ်။ အဲဒါကြောင့် ကျွန်မတို့ အခုဘယ်လိုမှ ပေါ့လို့ မရတော့ဘူးဆိုတာကို ကျွန်မထပ်ပြီးတော့ ပြောချင်ပါတယ်။ နောက်တစ်ခုကတော့ ဒီအချိန်က ခရစ္စမတ်ကာလလည်း ဖြစ်ပါပြီ။ မနက်ဖြန်ဆိုရင် ခရစ္စမတ်နေ့ ဖြစ်ပါလိမ့်မယ်။ မကြာခင်မှာဆို နှစ်သစ်ကူးနေ့ဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့်လည်း သတိပေးတာကတော့ တစ်ဖက်ပေါ့။ ဒီလို ခရစ္စမတ်အချိန်၊ နှစ်သစ်ကူးအချိန်မှာ သိပ်ပြီးတော့ ပျော်ပွဲရွှင်ပွဲတွေ လုပ်ချင်တဲ့စိတ်နဲ့ စည်းမျဉ်းစည်းကမ်း၊ ရောဂါကာကွယ်ရေးစည်းမျဉ်းစည်းကမ်းတွေ ချိုးဖောက်တဲ့အခြေအနေမျိုးကို မရောက်ပါစေနဲ့လို့ သတိပေးချင်တာ တစ်ဖက်၊ တစ်ဖက်ကလည်း ဒီအချိန်မှာတော့ ကျွန်မကနေပြီးတော့ နှုတ်ခွန်းဆက် ဆုတောင်းမေတ္တာပို့ချင်ပါတယ်။ ကျွန်မတို့ရဲ့ ခရစ်ယာန်ဘာသာဝင်များသာမက ကျွန်မတို့ ပြည်သူပြည်သားများအားလုံးနဲ့ ကမ္ဘာသူကမ္ဘာသားများအားလုံး ဒီလိုအချိန်ကာလမှာ ငြိမ်းချမ်းရေးနဲ့ ပြည့်ဝကြပါစေ။ ရွှင်လန်းခြင်းနဲ့ ပြည့်ဝကြပါစေလို့ ကျွန်မအနေနဲ့ ဆုတောင်းမေတ္တာပို့လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဇီကော်ပိုရေးရှင်းကုမ္ပဏီလီမိတက် (Z Corporation Co., Ltd.) အား ၁၉၉၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း ဆောင်ရွက်ရန် ၂၅-၆-၂၀၁၄ ရက်နေ့တွင် စတင်ခွင့်ပြုခဲ့ပြီး ၂၀၁၆ ခုနှစ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်လက်မှတ်(Registration Certificate) အမှတ်၊ NBFI/ FC(R)-08/ 08/2016 ကို ၂၆-၈-၂၀၁၆ ရက်နေ့တွင် ထုတ်ပေးခဲ့ပါသည်။

ဇီကော်ပိုရေးရှင်းကုမ္ပဏီလီမိတက် (Z Corporation Co., Ltd.) သည် လုပ်ငန်းဆောင်ရွက်ချက် အလွန်နည်းပါးခြင်း၊ သင့်လျော်သည့်လုပ်ငန်းဖွဲ့စည်းမှုပုံသဏ္ဌာန် မထားရှိခြင်း၊ စာရင်းထိန်းသိမ်းထားရှိမှုနှင့် ဘဏ္ဍာရေးရှင်းတမ်းများ ပြုစုထားရှိမှုတွင် အလွန်အားနည်းခြင်းများကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ On-site နှင့် Off-site စစ်ဆေးမှုများအရ တွေ့ရှိရပြီး ၎င်းတို့ကို ပြုပြင်ဆောင်ရွက်ရန် အကြိမ်ကြိမ်သတိပေးခဲ့သော်လည်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ရာ ၆-၁၁-၂၀၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ဇီကော်ပိုရေးရှင်းကုမ္ပဏီလီမိတက် (Z Corporation Co., Ltd.)အား ထုတ်ပေးထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်ကို ၈-၁၂-၂၀၂၀ ရက်နေ့မှစတင်၍ ရုပ်သိမ်းကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

● ကျောဖုံးမှ

ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

နေအိမ်ပြင်ပသို့ သွားရောက်သည့်အခါ နှာခေါင်းစည်းတပ်ဆင်ခြင်း မရှိသည့် လမ်းသွားလမ်းလာများ၊ မြို့နယ်ရှိ ပြည်သူများကို ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ခြင်း၊ လက်ကို ဆပ်ပြာ/ လက်သန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦးအသိပေးခြင်းနှင့် သတိပေးခြင်း၊ မြို့မဈေးသို့ မဖြစ်မနေ ဈေးရောင်း/ ဈေးဝယ်သူများအနေဖြင့် နှာခေါင်းစည်းတပ်ဆင်၍ ဈေးရောင်း/ဈေးဝယ်မှုများ ဆောင်ရွက်စေခြင်းစသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲမင်းပိုင်(ပင်လောင်း)**

❖ ကျောဖုံးမှ

တံတားကြီးကို အပိုင်းသုံးပိုင်းခွဲခြား တည်ဆောက်လျက်ရှိသည်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက "တံတားကြီးကို အပိုင်းသုံးပိုင်း ပိုင်းဖြတ်ပြီး တည်ဆောက်နေတာပါ။ Package 1,2,3 ဆိုပြီးတော့ပေါ့၊ Package 1 နဲ့ 2ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းက စတင်ခဲ့တာပါ။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီထဲမှာ ပြီးဖို့လျာထားတယ်။ Package 3 ကိုတော့ ၂၀၁၉ မေလအတွင်းက စတယ်။ ၂၀၂၃ ခုနှစ် မေလထဲမှာ ပြီးစီးမယ်လို့ လျာထားချက်ရှိပါတယ်။

"Package 1 က သန်လျင်ဘက် အခြမ်းမှာပါ။ မြစ်ထဲအထိပေါ့။ ၁၃၁၂ မီတာရှည်မယ်။ Package 2 က ၁၃၆၃ မီတာရှည်မယ်။ တစ်ဖက်ကမ်း (သာကေတ) ရောက်တဲ့အထိပေါ့။ Package 3 က ၈၂၅ မီတာရှည်မယ်။ သာကေတကုန်းပေါ် အဝိုင်းထိပ်နားအထိလောက်ကို မိုးပျံတံတားပုံစံနဲ့ သွားမှာပါ။

"အခုလောလောဆယ် Package 1 ရဲ့ ပြီးစီးမှုက ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်အထိ ၄၉ ဒသမ ၅၉ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ နဂိုရည်မှန်းချက်က ၆၂ ဒသမ ၆၃ ရာခိုင်နှုန်းပါ။ ဒါပေမယ့် ကိုဗစ်ကြောင့် လုပ်ငန်းတုံ့ဆိုင်းမှုလေးတွေ ရှိခဲ့တဲ့အတွက်ပါ။

"Package 2 ကလည်း ပြီးခဲ့တဲ့ နိုဝင်ဘာလအကုန်မှာ ၆၃ ဒသမ ၉၆ ရာခိုင်နှုန်းပြီးဖို့ မျှော်မှန်းခဲ့ပေမယ့် ၅၀ ဒသမ ဝ၆ ရာခိုင်နှုန်းပဲ ပြီးစီးမှုရှိခဲ့ပါတယ်။။ Package 3 က အခု နိုဝင်ဘာလကုန်မှာ သူတို့မှန်းထားတဲ့ ၇၈ ဒသမ ၈၆ ရာခိုင်နှုန်းထက် ပိုပါတယ်။ ၈၃ ဒသမ ၇၇ ရာခိုင်နှုန်းပြီးစီးသွားပါပြီ။ တံတားတစ်ခုလုံးရဲ့ ပြီးစီးမှုကို ခြုံပြောရရင်တော့ ၆၀ ရာခိုင်နှုန်းနီးပါးအထိ ပြီးစီးနေပြီလို့ ဆိုရမှာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

သန်လျင်-ရန်ကုန် အမှတ်(၃) တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ခံ၍ ဂျပန်နိုင်ငံမှ ကုမ္ပဏီများဖြစ်သည့် Sumitomo Mitsui Construction နှင့် Yokogawa Bridge တို့က Package 1နှင့် 2 ကို လည်းကောင်း၊ Package 3 ကို Tokyu Construction တို့က တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

အမှတ်(၃) သန်လျင်-ရန်ကုန် တံတားသစ်ကြီးကို လက်ရှိတံတားဟောင်းတစ်ခုဖြစ်သည့် သန်လျင် အမှတ်(၁)တံတားနှင့်ယှဉ်လျက် မီတာ ၁၂၅ အကွာတွင် တည်ဆောက်နေခြင်းဖြစ်သည်။ အမှတ်(၃) တံတားသစ်ကြီး ပြီးစီးပါကလည်း တံတားအဟောင်းကို ဆက်လက်အသုံးပြုသွားနေဦးမည်ဟု သိရသည်။

တံတားကြီး တည်ဆောက်ပြီး ဖွင့်လှစ်နိုင်ပါက မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက "ကျွန်တော်တို့ သန်လျင်မြို့နယ်ကို အတော်များများက ဒုတိယပြင်ဦးလွင်လို့ တင်စားခေါ်ဝေါ်ကြတယ်။ အေးချမ်းပြီး နေထိုင်လို့ကောင်းတဲ့ ရှေးဟောင်းမြို့လေးတစ်မြို့ပါ။ အလုပ်က အငြိမ်းစားယူပြီးတဲ့ဝန်ထမ်းတွေက ကြိုက်ကြတယ်။ စီးပွားရေးလုပ်ဖို့ကျတော့ မြစ်ခြားနေတာရယ်၊ တံတားအခက်အခဲကြောင့် စဉ်းစားကြတယ်။ အခုဆို သီလဝါအထူးစီးပွားရေးဇုန်ကြီးပေါ်လာတဲ့အပြင် JICA အကူအညီနဲ့ ကျိုက်ခေါက်ဘုရားလမ်းကြီးကလည်း နိုင်ငံတကာအဆင့်မီရှိလာပြီ။ အခုဒီတံတားသစ်ကြီးကလည်း မကြာမီပြီးတော့မှာမို့ သန်လျင်နဲ့ ဝန်းကျင်တစ်ခွင်ကတော့ ဖွံ့ဖြိုးမှုတွေနဲ့အတူ တိုးတက်လာတော့မှာပါ"ဟု ပြောသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ၏ Presidential Committee on New Southern Policy ၏ ဥက္ကဋ္ဌ Mr. Park Bokyeong ၊ ကိုရီးယားသံအမတ်ကြီးနှင့် တာဝန်ရှိသူများ ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်းကို ပန္နက်တင်ပေးစဉ်။ သတင်းစဉ်

# ကိုရီးယား – မြန်မာ စက်မှုဇုန်စီမံကိန်း ပန္နက်တင်အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

**ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်း (Korea–Myanmar Industrial Complex, KMIC) ပန္နက်တင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ စီမံကိန်းဧရိယာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID–19 ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ကိုရီးယားသမ္မတနိုင်ငံ၏ Presidential Committee on New Southern Policy ၏ ဥက္ကဋ္ဌ Mr. Park Bokyeong အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဗီဒီယိုမိန့်ခွန်းကို စာမျက်နှာ–၅ တွင် သီးခြားဖော်ပြထားပါသည်။)**

**အပြန်အလှန် အကျိုးဖြစ်ထွန်း**

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းက အမှာစကား ပြောကြားရာတွင် ယခုအချိန် ကမ္ဘာတစ်ဝန်းတွင် COVID ကပ်ရောဂါကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေချိန်တွင် KMIC စီမံကိန်းက မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့နိုင်ရန်အတွက် အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ယခုစီမံကိန်းသည် ကိုရီးယား–မြန်မာ နှစ်နိုင်ငံအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းမည် ဖြစ်ပြီး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မြဲစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း– MSDP နှင့် ကိုရီးယားသမ္မတနိုင်ငံ၏ New Southern Policy တို့သည် အခြေခံမူများ တူညီသည့်အတွက် မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**အဓိကနိုင်ငံတစ်ခုဖြစ်**

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ၏ Presidential Committee on New Southern Policy ၏ ဥက္ကဋ္ဌ Mr. Park Bokyeong က ပြောကြားရာတွင် မြန်မာနိုင်ငံသည် ကိုရီးယားသမ္မတနိုင်ငံ အစိုးရအတွက် များစွာအရေးကြီးသည့် ပူးပေါင်းဆောင်ရွက်ရေး အဓိကနိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် KMIC စက်မှုဇုန်၊ ဒလ တံတားဆောက်လုပ်ရေး၊ မြို့သစ်စီမံကိန်း အစရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောင်အနာဂတ်တွင်လည်း KMIC ကဲ့သို့ ထင်ရှားသည့် စီမံကိန်းများ ပိုမို များပြားလာပြီး၊ မြန်မာ–ကိုရီးယား နှစ်နိုင်ငံ၏ ချစ်ကြည်ရေးကို ယခုထက် ပိုမိုခိုင်မာလာစေကာ မြန်မာနိုင်ငံ၏ စီးပွားရေးကို များစွာတိုးတက်ပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်မည့် လမ်းခရီးအစ ဖြစ်ရန်အတွက် မျှော်လင့်ပါကြောင်း ပြောကြားသည်။

**အမှာစကားများ ပြောကြား**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ Korea Land and Housing Corporation ၏ ဒုတိယဥက္ကဋ္ဌ Mr. Lee Yong–sam တို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဆန်းဟွာ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**အကျိုးတူပူးပေါင်း**

ကိုရီးယား – မြန်မာ စက်မှုဇုန်စီမံကိန်း (Korea–Myanmar Industrial complex, KMIC) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်ပြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Korea Land and Housing Corporation (LH) တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်သည်။

**မဟာဗျူဟာကျကျတည်ရှိ**

ယခုစီမံကိန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမကြီး၊ ရန်ကုန်ဆိပ်ကမ်းတို့၏အနီးတွင် မဟာဗျူဟာကျကျ တည်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

**ခေတ်မီစက်မှုဇုန်တစ်ခု**

ကိုရီးယား–မြန်မာ စက်မှုဇုန်ကို အဆင့်မြင့် နည်းပညာများ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော ခေတ်မီစက်မှုဇုန်တစ်ခုအဖြစ် ဖန်တီးမည်ဖြစ်သည်။ ယခု စီမံကိန်းသည် "ပြည်သူ"၊ "သာယာဝပြောမှု" နှင့် "ငြိမ်းချမ်းရေး" စသည်တို့ကို အခြေခံထားသည့် ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပိုမိုခိုင်မာသည့် ခင်မင်ရင်းနှီးမှုကို ဖော်ဆောင်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် မင်းတပ်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ ကျိုင်းတုံမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယား - မြန်မာ စက်မှုဇုန်စီမံကိန်း ပန္နက်တင်အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၄ ရက်)

**ကြွရောက်လာကြတဲ့ ဧည့်သည်တော်အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။**

ဒီနေ့ကျင်းပတဲ့ ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်း ပန္နက်တင်အခမ်းအနားမှာ အမှာစကားပြောကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။ ဒီနေ့အခမ်းအနား ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ တစ်ယောက်ချင်းစီတိုင်းကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြား လိုပါတယ်။

တောင်ပိုင်းဆိုင်ရာ မူဝါဒသစ်ကော်မတီ (New Southern Policy Committee) ဥက္ကဋ္ဌဖြစ်သူ Mr. Park Bokyeong နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Sang-hwa တို့ကို နွေးထွေးစွာ ကြိုဆိုပါတယ်။

ပြည်သူပိုင်မြေကို ထိရောက်စွာအသုံးပြုပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ယခုကဲ့သို့ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအတွက် ကိုရီးယားမြေနဲ့ အဆောက်အဦ ကော်ပိုရေးရှင်းနဲ့ Global Sae-A Co., Ltd တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ယနေ့ ကြွရောက်လာကြသူအားလုံးရဲ့ ကြိုးပမ်းအားထုတ်မှုများဟာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖို့၊ မြန်မာပြည်သူများအတွက် သာယာဝပြောစေဖို့သာမက မြန်မာနဲ့ ကိုရီးယား နှစ်နိုင်ငံလူများအကြား ချစ်ကြည်ရေး အားကောင်းစေလာဖို့အတွက်ဆိုတာ သံသယရှိဖွယ် မရှိပါဘူး။

ယနေ့အခမ်းအနားဟာ စက်မှုဇုန်စီမံကိန်း ဖော်ထုတ်ခြင်းသာမက မြန်မာပြည်သူများနဲ့ ရန်ကုန်မြို့ရှိ ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက် စီးပွားရေးဆိုင်ရာ အခြေခံအုတ်မြစ်များကို တည်ဆောက်ပေးတဲ့ အခမ်းအနား ဖြစ်ပါတယ်။

ယခုနှစ်ဟာ စိန်ခေါ်မှုများနေတဲ့ နှစ်တစ်နှစ်ဆိုတာ အားလုံးသိပြီးသား ဖြစ်ပါတယ်။ စီးပွားရေးကျဆင်းမှုများနဲ့ အလုပ်အကိုင်ဆုံးရှုံးခြင်းများကို ကြုံတွေ့နေရပါတယ်။ ဒီလို အခက်အခဲတွေဟာ အထူးသဖြင့် ကာလရှည် ကန့်သတ်ခြင်းများကို ရင်ဆိုင်နေရတဲ့ ရန်ကုန်မြို့နေ ပြည်သူလူထုများအပေါ် သက်ရောက်မှု ရှိနေတာပဲဖြစ်ပါတယ်။

ဒါပေမယ့် ၂၀၂၀ ပြည့်နှစ်ရဲ့အခန်းကဏ္ဍကိုရပ်ပြီး နောက်နှစ်သစ်အတွက် ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် KMIC နဲ့ အလားတူစီမံကိန်းတွေဟာ ကျွန်မတို့ နိုင်ငံရဲ့ ရေရှည်တည်တံ့မှုနှင့် အားလုံးပါဝင်တဲ့ ပြန်လည်ကုစားမှုအတွက် အင်အားအဖြစ် ပံ့ပိုးနိုင်မယ်ဆိုတာ အသေအချာပဲဖြစ်ပါတယ်။

COVID-19 ကြောင့် အခက်အခဲနဲ့စိန်ခေါ်မှုတွေကို ကြုံတွေ့ခံစားနေရပေမယ့် မြန်မာနိုင်ငံကတော့ ဘက်ပေါင်းစုံကနေ ကြိုးစားပြီး ကောင်းမွန်စွာ ရပ်တည်နေဆဲ ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့က နောက်ဆုံးထုတ်ပြန်ထားတဲ့ အချက်အလက်တွေအရ အခြားဒေသတွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် မြန်မာနိုင်ငံရဲ့ GDP တိုးတက်မှုနှုန်းဟာ အခြေအနေကောင်းတစ်ခုကို ထိန်းသိမ်းနိုင်ဆဲပဲဖြစ်ပါတယ်။ COVID-19 ကြောင့် ထိခိုက်မှုများကို ခံစားရပေမယ့် နောက်နှစ်များမှာ အခြေအနေကောင်းကို ဆက်လက်ထိန်းသိမ်းထားနိုင်မယ်လို့ ယုံကြည်ပါတယ်။

အဲဒါနဲ့ဆက်စပ်ပြီး ဆိုးလ်မြို့မှာ မနှစ်ကကျင်းပခဲ့တဲ့ မြန်မာ-ကိုရီးယား စီးပွားရေးဖိုရမ်မှာ ကိုရီးယားသမ္မတနိုင်ငံသမ္မတ Mr. Moon Jae-in ပြောကြားခဲ့တဲ့ စကားအချို့ကို အမှတ်ရမိပါတယ်။ KMIC စီမံကိန်းဟာ ရောဝတီမြစ်ဝှမ်းရဲ့ အံ့ဖွယ်ဖန်တီးမှုများအတွက် ထောက်ပံ့ပေးနိုင်မယ့် ခြေလှမ်းသစ်တစ်ခု ဖြစ်တယ်လို့ သမ္မတကြီးက ပြောကြားခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒီမျှော်မှန်းချက်ကို အပြည့်အဝ မျှဝေလိုက်ပါတယ်။

နောက် လက်ရှိအစိုးရရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ဆောင်ရွက်ချက်များကြောင့် KMIC စီမံကိန်း ပြီးစီးအောင် ဆောင်ရွက်နိုင်မှာဖြစ်သလို KMIC စီမံကိန်းကဲ့သို့ စီမံကိန်းအသစ်တွေလည်း ပေါ်ပေါက်လာစေမှာဖြစ်ပါတယ်။

ဒီလို ပြုပြင်ပြောင်းလဲမှုတွေကြောင့်ပဲ ကျွန်မတို့ ရပ်တည်နေထိုင်တဲ့ နေရာမှာ စက်မှုဇုန်အသစ်တစ်ခုကို တွေ့မြင်ရတော့မှာပဲဖြစ်ပါတယ်။

KMIC စီမံကိန်းကို အကောင်အထည်ဖော်ပြီးတဲ့အခါ နိုင်ငံတော်က အားပေးဆောင်ရွက်နေတဲ့ အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၊ ထောက်ပံ့သူများနှင့် စားသောက်ဆိုင်များ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယား-မြန်မာ စက်မှုဇုန်စီမံကိန်း ပန္နက်တင်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

> **"KMIC နှင့် အလားတူ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ရရှိနိုင်တဲ့ အလုပ်အကိုင်များဟာ ၂၁ ရာစု အလုပ်အကိုင်များသာ ဖြစ်ပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံမှုများက ကုန်ထုတ်လုပ်မှုနဲ့ စက်မှုလုပ်ငန်းကဏ္ဍကို ပိုမိုတိုးတက်စေပြီး ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များတွင် ပါဝင်လာစေဖို့ ပံ့ပိုးပေးနိုင်ပါတယ်။ ဒ့ါအပြင် မကြာသေးမီက လက်မှတ်ရေးထိုးခဲ့တဲ့ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP)တွင် ပါဝင်ခြင်းကလည်း အထောက်အကူပြုပါတယ်။ ဒါတင်မက ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများက အရည်အသွေးရှိတဲ့ "Made in Myanmar" အမှတ်တံဆိပ် ပေါ်ပေါက်လာစေရန် အထောက်အကူပြုနိုင်ပါတယ်"**

အပါအဝင် စက်မှုလုပ်ငန်းပေါင်းများစွာကို တိုးချဲ့ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ယခုလို KMIC စက်မှုဇုန်ပေါ်ပေါက်အောင် အားလုံးက ပူးပေါင်းကြိုးစားဆောင်ရွက်ပေးကြတဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယခုအစိုးရ တာဝန်ယူချိန်ကတည်းက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ခွင့်ပြုပေးနိုင်ခဲ့တဲ့အတွက် အဆိုပါစီမံကိန်းများကနေ အရည်အသွေးရှိတဲ့ အလုပ်အကိုင် အခွင့်အလမ်းသစ်ပေါင်း သိန်းနဲ့ချီပြီး ဖန်တီးပေးနိုင်ခဲ့ပြီပဲ ဖြစ်ပါတယ်။

ဒီကနေ့အထိ စက်မှုလုပ်ငန်းကဏ္ဍကနေ နိုင်ငံ့စီးပွားရေးမှာ ၃၈ ရာခိုင်နှုန်းအထိ အထောက်အကူပြုနေပြီး သမားရိုးကျစက်ရုံများကနေ ဖန်တီးပေးတဲ့ အလုပ်အကိုင်မျိုးသာမက အမျိုးသမီးများ အလုပ်အကိုင်ရရှိရေးအတွက်ပါ အကျိုးကျေးဇူးများစွာ ဆင့်ပွားပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အရည်အသွေးရှိတဲ့ အလုပ်အကိုင်ပေါင်းများစွာ ဖန်တီးပေးနိုင်တဲ့ကဏ္ဍအဖြစ် ကိုယ်စားပြုရပ်တည်လျက်ရှိပါတယ်။

ဒီလိုတိုးတက်မှုမျိုးဟာ အလွယ်တကူဖြစ်လာတာမျိုး မဟုတ်သလို အဆင်ပြေချောမွေ့စွာနဲ့ ရရှိလာခြင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရန်ကုန်မြို့ ဒီနေရာမှာ၊ မြန်မာနိုင်ငံတစ်ဝန်းမှာ မျက်ဝါးထင်ထင် တွေ့မြင်ရပြီ ဖြစ်ပါတယ်။

KMIC စီမံကိန်းကို အကောင်အထည်ဖော်ရာမှာ ရိုးစင်းတဲ့အယူအဆအဖြစ် အလုပ်အကိုင်နဲ့ စက်မှုလုပ်ငန်းတွေ တိုးတက်မှုအတွက် လုပ်သာကိုင်သာရှိတဲ့ ဝန်းကျင်ကို ဖန်တီးပေးရမယ်ဆိုတဲ့ အစိုးရရဲ့တာဝန်ရှိမှုဟာ အရေးအကြီးဆုံးပဲ ဆိုတာကို ကျွန်မတို့ တွေ့မြင်သိမြင်နိုင်ပါတယ်။

အစိုးရချည်းပဲ အလုပ်အကိုင်များ ဖန်တီးရေး၊ စဉ်ဆက်မပြတ်တိုးတက်ရေးတို့ ဖြစ်မြောက်အောင် မလုပ်နိုင်ပါဘူး။ ဒ့ါကြောင့် အစိုးရအနေနဲ့ MSME များနှင့် အရင်းအနှီးကို ချိတ်ဆက်ပေးပြီး ပြောင်းလဲနေတဲ့ နည်းပညာလိုအပ်ချက်များနဲ့ ကိုက်ညီတဲ့ အလုပ်အကိုင်များကို ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ပေးခြင်းနဲ့ ၂၁ ရာစု အလုပ်အကိုင်များအတွက် အဆင်သင့်ဖြစ်စေတဲ့ ယခုလို ရင်းနှီးမြှုပ်နှံမှုများအတွက် အခြေခံအုတ်မြစ်များ ချပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများ၊ ၎င်းတို့ရဲ့ မိသားစုများနဲ့ ရပ်ရွာအသိုက်အဝန်းများကို စီးပွားရေးအခွင့်အလမ်းကောင်းတွေ ရရှိစေမှာဖြစ်ပါတယ်။

နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် ဆန်းသစ်တီထွင်မှုနဲ့ ကျွမ်းကျင်မှုတွေကြောင့် ပုဂ္ဂလိကကဏ္ဍရဲ့ စွမ်းရည်က ပိုမိုအားကောင်းလာမှာ ဖြစ်ပါတယ်။ အဲဒီလို ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းက မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုး တိုးတက်မှုစီမံကိန်း (MSDP) မှာ ဖော်ပြထားတဲ့အတိုင်း ကျွန်မတို့အစိုးရရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်လည်း ဖြစ်ပါတယ်။

KMIC နှင့် အလားတူ ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် ရရှိနိုင်တဲ့ အလုပ်အကိုင်များဟာ ၂၁ ရာစု အလုပ်အကိုင်များသာ ဖြစ်ပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံမှုများက ကုန်ထုတ်လုပ်မှုနဲ့ စက်မှုလုပ်ငန်းကဏ္ဍကို ပိုမိုတိုးတက်စေပြီး ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်များတွင် ပါဝင်လာစေဖို့ ပံ့ပိုးပေးနိုင်ပါတယ်။ ဒ့ါအပြင် မကြာသေးမီက လက်မှတ်ရေးထိုးခဲ့တဲ့ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP)တွင် ပါဝင်ခြင်းကလည်း အထောက်အကူပြုပါတယ်။ ဒါတင်မက ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများက အရည်အသွေးရှိတဲ့ "Made in Myanmar" အမှတ်တံဆိပ် ပေါ်ပေါက်လာစေရန် အထောက်အကူပြုနိုင်ပါတယ်။

ဒီနေ့အခမ်းအနားက ကျွန်မတို့မျှော်မှန်းချက်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် လမ်းကြောင်းမှန်ပေါ် ရောက်နေပြီဆိုတာကို ပြသနေတာ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ အခြေခံအဆောက်အဦများဖြစ်တဲ့ လမ်းသစ်များ၊ တံတားများ၊ ဆိပ်ကမ်းများ၊ စာသင်ကျောင်းများ၊ Smart စက်ရုံများနှင့် အဝေးပြေးလမ်းများအတွက် ဆက်လက်ရင်းနှီးမြှုပ်နှံရပါမယ်။ ဒ့ါအပြင် ရေနှင့် စွန့်ပစ်ပစ္စည်းစနစ်များသာမက ပိုမိုအားကောင်းတဲ့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့၊ အားလုံးပါဝင်တဲ့ အစိမ်းရောင်စီးပွားရေးကို ဖော်ဆောင်နိုင်ဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလို ဖော်ဆောင်ရာမှာ အဖွဲ့အစည်းဆိုင်ရာ အခြေခံအဆောက်အဦနဲ့ လူသားစွမ်းဆောင်ရည်များတွင် ဆက်လက်ရင်းနှီးမြှုပ်နှံရမှာ ဖြစ်ပါတယ်။

ဘယ်လိုရိုက်ခတ်မှုများမဆို ကျော်လွှားနိုင်မယ့်အသေချာဆုံးနည်းလမ်းက နောက်ကို ပြန်မလှည့်ဘဲ ရှေ့သို့ဆက်လျှောက်ခြင်းပဲ ဖြစ်ပါတယ်။ ရှေ့ကို ဆက်လက်ချီတက်ခြင်းကို ကျွန်မတို့လုပ်ကြရမှာပါ။

KMIC စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းက ကိုရီးယား-မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေမယ့် သာဓကတစ်ခုလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ အောင်မြင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# COVID-19 ကာလတွင် Merry Christmas and Happy 2021 New Year ဖြစ်စေချင်

## ပါမောက္ခသိန်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်

နှစ်တိုင်းလို နိုဝင်ဘာလလယ်နဲ့ ဒီဇင်ဘာလဆန်းလောက်ဆို မိမိတို့ ယူကေပညာတော်သင်သွားတုန်းက ကြုံတွေ့ခဲ့ရတာလေးတွေ အမြဲသတိရလေ့ရှိပါတယ်။ မိမိတို့ မြန်မာနိုင်ငံမှာ တပေါင်းလ / တန်ခူးလဆန်း ( မတ်လ / ဧပြီလဆန်း) မှာ ကြုံတွေ့လေ့ရှိတဲ့ အတွေ့အကြုံလိုပါပဲ။ ဧပြီလလယ် ၁၃ ရက်နေ့မှာ ကျရောက်တော့မယ့် အတာကူးတဲ့ သင်္ကြန်ပွဲတော်အတွက် အရပ်စကားနဲ့ပြောရရင် "သင်္ကြန်ပိုး" လေးတွေ ထကြတာပေါ့။ ဘယ်တော့မှ မရိုးနိုင်တဲ့ "တူးပို့ တူးပို့" အပါအဝင် သင်္ကြန်သီချင်းတွေကို လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဈေးဆိုင်တိုင်းက ဖွင့်ကြ၊ ရေပက်ခံကားတွေငှားကြ၊ ပြင်ဆင်ကြ၊ သင်္ကြန်အလှပြကား၊ ပြိုင်ပွဲဝင်ကြမယ့် ကားတွေငှားကြ၊ ပြင်ဆင်ကြ၊ သံချပ်၊ အက၊ အလှ ပြိုင်ပွဲဝင်ကြမယ့် အသင်းအဖွဲ့တွေ ဆိုင်းတွေဗုံတွေ "တူးပို့" သံတွေနဲ့ အကတွေ သံချပ်တွေတိုက်ကြ ၊ ကလေးတွေ ရေပက်ဆော့ကစားဖို့ ရေပက်တဲ့ပိုက် ပြွန်ခွက် ၊ အဝတ်အစား၊ မျက်မှန်၊ မျက်နှာဖုံးတွေ အပြိုင်အဆိုင် တစ်နှစ်နဲ့တစ်နှစ်မတူအောင် ထွင်ကြ ရောင်းကြ၊ အခါတွင်းကို အလှူအတန်းကုသိုလ်ကောင်းမှု တရားဘာဝနာနဲ့ ကျော်ဖြတ်မယ့်သူတွေကလည်း လှူဒါန်းမယ့် လှူဖွယ်ပစ္စည်းတွေ စုဆောင်းကြ၊ တရားစခန်းဝင်ဖို့ စာရင်းပေး၊ ပြင်ဆင်ကြနဲ့ပေါ့။

### ခရစ္စမတ်နဲ့ နယူးရီးယားပိုး

ထိုနည်းတူစွာပါပဲ၊ မိမိတို့ကြုံခဲ့တဲ့ ယူကေနိုင်ငံ အပါအဝင် ခရစ်ယာန်ဘာသာဝင် အများစုရှိကြတဲ့ အနောက်တိုင်းနိုင်ငံတွေမှာလည်း နိုဝင်ဘာလလောက် ကစပြီး "ခရစ္စမတ်နဲ့ နယူးရီးယားပိုး" ထကြတယ်၊ Christmas and New Year Mood လို့ ပြောနိုင်ပါတယ်။ အိမ်တွေ၊ ခြံတွေကို သန့်ရှင်းရေးတွေ လုပ်ကြ၊ အိမ်တွေမှာ မီးအလှတွေဆင်ကြ၊ ထွန်းကြဖို့ ပြင်ဆင်ကြသလို အဲဒီကာလတွေမှာ မိဘ မိသားစုတွေရှိရာ ဒေသကိုသွား၊ မိသားစုဆုံစည်းကြဖို့၊ ခွင့်ယူကြဖို့၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ညှိကြ၊ လက်ဆောင်တွေပေးဖို့ဝယ်ခြမ်း၊ စုဆောင်းကြလေ့ရှိပါတယ်။ စနေ၊ တနင်္ဂနွေလို Weekend အလုပ်ပိတ်ရက်တွေမှာ ဆိုရင်တော့ Down Town ခေါ်တဲ့ မြို့လယ်ခေါင်မှာ ဘာစည်ကားသလဲ မမေးနဲ့ပဲ။ ရှိသမျှ ဆိုင်တွေမှာ "CHRISTMAS SALE" ဆိုတဲ့ စာတန်းတွေ ဆွဲပြီး ဈေးတွေ လျှော့ရောင်း ၊ Christmas Song တွေ အပြိုင်အဆိုင်ဖွင့်၊ မီးဆိုင်းမီးတန်းတွေ အလှဆင် ထွန်းညှိကြတဲ့အပြင် ဈေးဝယ်လာတဲ့ ဖောက်သည်တွေကို ချောကလက်တို့၊ ကိတ်တို့၊ တချို့ဆို ဝိုင်တောင် ခွက်လေးတွေနဲ့ အခမဲ့ကျွေးကြ၊ တိုက်ကြနဲ့မို့ လူအတော်များများက အဲဒီမြို့လယ်ခေါင်မှာပဲ တစ်နေ့လုံး အချိန်ဖြုန်းကာနေကြ၊ လည်ကြ၊ စားကြ၊ သောက်ကြ၊ ဝယ်ကြ၊ ချမ်းကြနဲ့ ပျော်စရာကြီးပါပဲ။

ဒီနှစ် ၂၀၂၀ ကတော့ အားလုံးသိကြတဲ့အတိုင်း ၂၀၁၉ နှစ်ကုန်ခါနီး တရုတ်နိုင်ငံ ဝူဟန်ကစခဲ့ပြီး တစ်ကမ္ဘာလုံးပျံ့နှံ့ခဲ့တဲ့ COVID-19 ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် လူစုလူဝေး လုပ်လို့ လုံးဝ ၊ လုံးဝ မဖြစ်တာကြောင့် တစ်ကမ္ဘာလုံးမှာ ဘာပွဲလမ်းသဘင်မှ လုပ်လို့ မရခဲ့၊ မရသေးပါဘူး။ မိမိတို့နိုင်ငံမှာဆိုရင်လည်း မတ်လမှာ ပထမဆုံး ကိုဗစ်ပိုးရှိလူနာ စတွေ့ခဲ့ပြီး ဒီရောဂါဟာ လူလူချင်းသာ ကူးတဲ့ရောဂါ ၊ ကူးရင်လည်း Droplet infection ခေါ်တဲ့ အသက်ရှူလမ်းကြောင်းကထွက်လာတဲ့ အမှုန်အမွှားကတစ်ဆင့် ကူးတာ၊ လူတွေ (အဲဒီအချိန်တုန်းက သိထားကြတာက ) တစ်ဦးနဲ့တစ်ဦး ၃ ပေအတွင်း အကာအကွယ်မရှိဘဲ ပူးကပ်နေထိုင်ကြရင် ကူးနိုင်တာတွေ စသိခဲ့ကြတဲ့အချိန်ပါ။

### ကိုဗစ်နဲ့အားလပ်ရက်တွေ

နောက်ရက်ပိုင်းအတွင်းမှာ ရက်ရှည်သင်္ကြန် ရုံးပိတ်၊ အားလပ်ရက် ရှိလာ၊ ရလာကြတော့မယ်အချိန်၊ အပေါ်မှာ ပြောခဲ့သလိုပဲ ရာသီချိန် သင်္ကြန်ပိုးတွေနဲ့ Long Holiday ကို နည်းအမျိုးမျိုးနဲ့ လူစုလူဝေးနဲ့ ကုန်ဆုံး ကျော်ဖြတ်ကြဖို့ စိုင်းပြင်းနေကြတဲ့အချိန်ပါ။ အဲဒီတုန်းက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဦးဆောင်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ရက်ရှည်ရုံးပိတ်ရက်အတွင်းမှာ လူစုလူဝေးမဖြစ်ကြရအောင် ကျန်းမာရေးရှုထောင့်အရ နှစ်စဉ်လို ရေသဘင်ပွဲဆင်နွှဲမှု မလုပ်ကြစေဖို့၊ ရေပက်ခံကား ၊ ရေပက်မဏ္ဍပ်၊ အလှပြမဏ္ဍပ်များ မပြုလုပ်ကြဖို့၊ လူစုလူဝေးဖြစ်နိုင်တဲ့အခါတွင်း တရားစခန်းများ အလှူသဘင်ပွဲများကိုပင် မပြုလုပ်ကြဖို့၊ လူအများ အရေးပေါ်အခြေအနေမှလွဲ၍ လုံးဝ အိမ်ပြင်မထွက်ကြဘဲ " Strict Stay Home " နေကြဖို့၊ ရပ်ကွက် တစ်ခုမှတစ်ခု၊ မြို့တစ်မြို့မှတစ်မြို့ ကူးလူး ဆက်ဆံသွားလာမှုလုံးဝမလုပ်ကြဖို့ အသိပေး နှိုးဆော်ညွှန်ကြားခဲ့သလို အများပြည်သူလူထုကလည်း စည်းကမ်းရှိရှိ စနစ်တကျ လိုက်နာကျင့်သုံးခဲ့ကြတာကြောင့် မိမိတို့နိုင်ငံ အနေနဲ့ ကိုဗစ်ပထမလှိုင်းမှာ အထိအခိုက် အသေအပျောက်နည်းခဲ့တာကို အားလုံးမှတ်မိကြမယ်ထင်ပါတယ်။ ဘာသာရေးအကြောင်းပြပြီး စုဝေးခဲ့ကြတဲ့ အခမ်းအနားတွေကနေ ကူးစက်မှုတချို့ရှိခဲ့လို့ လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေလည်း ဆောင်ရွက်ခဲ့ကြရတာ ရှိခဲ့ပါတယ်။

အဲဒီလိုနဲ့ ဩဂုတ်လလယ်အထိ ပိုးတွေ့လူနာ(၃၇၄) ဦး ၊ သေဆုံးသူ ၆ ဦးနဲ့ ကမ္ဘာနဲ့ အာဆီယံမှာ မျက်နှာ



**"D 614 ကနေ G 614 ပြောင်းစဉ်ကလည်း ကူးစက်မှုများပြီး မြန်သော်လည်း ပိုမပြင်းထန်ပါဘူးဆိုပြီး တစ်ဖက်ပိတ်ပြောခဲ့ကြတာ နားယောင်ခဲ့ကြလို့ ဒုက္ခလှလှတွေ့ခဲ့ကြပြီးပါပြီ။ ပိုကူးစက်တယ်ဆိုတာနဲ့ကို (ခြောက်တယ်လို့ ပြောရင်လည်းခံပါမယ်) ပိုကြောက်သင့် ကြောက်ရမှာပါ။ ပိုကူးရင် ဆေးရုံရောက်တာပိုများ၊ သက်ကြီးရွယ်အိုနဲ့ ရောဂါအခံရှိသူတွေပါလာရင် ပိုသေမှာပါ"**

ပန်းလှလှနေခဲ့ကြရာကနေ ဒုတိယလှိုင်းလို့ခေါ်ရမယ့် အချိန် ဩဂုတ်လကုန်၊ စက်တင်ဘာလကစ၍ ကူးစက်မှု အလွန်မြန်ပြီး (ပိုပြင်းတယ်လို့ တချို့က လက်ခံကြတဲ့) ကိုဗစ်ပိုးရဲ့ မျိုးရိုးဗီဇ ( D 614 to G 614သို့) ပြောင်း တာရယ်၊ လူထုရဲ့ သတိလက်လွတ် နေထိုင်ပြုမူကြတဲ့ အလေ့အကျင့်၊ စည်းမျဉ်းစည်းကမ်းတွေ မလိုက်နာကြတော့တဲ့ အခြေအနေတွေကြောင့် နိုင်ငံရဲ့ အနောက်တံခါးနဲ့ အဲဒီ ပြည်နယ်ကနေ ရန်ကုန်နဲ့ တစ်နိုင်ငံလုံးကို မထိန်းမသိမ်းနိုင်တဲ့အထိ ပျံ့နှံ့သွားကာ ၂၀၂၀ ဒီဇင်ဘာလ ၂၃ ရက် ကိန်းဂဏန်းအရ ပိုးတွေ့လူနာ ၁၁၈၈၆၉ ဦး၊ သေဆုံး လူနာ ၂၅၀၇ ဦးနဲ့ အာဆီယံနိုင်ငံတွေထဲမှာ ပိုးတွေ့ရော ၊ သေဆုံးပါ တတိယ နေရာရောက်နေအောင် ဝမ်းနည်းဖွယ် ရင်ဆိုင်ကြုံတွေ့နေကြရတာပါ၊

### လူစုလူဝေးနဲ့ပိုးကူးစက်မှု

ကမ္ဘာ့နိုင်ငံအတော်များများမှာလည်း အလားတူအဖြစ်တွေ ကြုံခဲ့ကြရပါတယ်။ အထူးသဖြင့် ခရစ်ယာန်ဘာသာဝင်တွေရဲ့ ကျေးဇူးတော်ချီးမွမ်းခြင်းနေ့ ( Thanksgiving Day) အချိန်ကဖြစ်ခဲ့တာပါ။ အဲဒီ Thanksgiving Day က တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ကျင်းပတဲ့ရက်တွေ မတူကြပါဘူး။ ဒီထဲက နိုင်ငံနှစ်နိုင်ငံအကြောင်းပဲ အနည်းငယ်ဖော်ပြပါမယ်။

ကနေဒါနိုင်ငံမှာ အောက်တိုဘာလ ၁၂ ရက်မှာ ကျင်းပခဲ့ပြီး အမေရိကန်နိုင်ငံမှာတော့ နိုဝင်ဘာလ ၂၆ ကြာသပတေးနေ့ကစပြီး ၂၉ ရက် တနင်္ဂနွေနေ့အထိ ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီ နှစ်နိုင်ငံလုံး အဲဒီပွဲတော်အပြီးမှာ ကိုဗစ်ရောဂါကူးစက်မှုနှုန်းရော ၊ ကိုဗစ်ရောဂါနဲ့ ဆေးရုံတက်ရတဲ့လူနာရော သေဆုံးတဲ့လူနာပါ ပွဲတော်မတိုင်မီ ကထက် ပိုများလာတာကို စာရင်းဇယားတွေနဲ့ ဖော်ထုတ်တင်ပြထားကြပါတယ်။ အမေရိကန်နိုင်ငံမှာဆို မက်ဆာချူးဆက်ပြည်နယ်၊ နော့ကရိုလိုင်းနားပြည်နယ်၊ တင်နက်(စ)ဆီ ပြည်နယ်နဲ့ နယူးဂျာစီပြည်နယ်တွေမှာ သိသိသာသာ တိုးလာတာဟာ လူစုလူဝေး စုမိပြီး သတ်မှတ်ထားတဲ့ ကာကွယ်မှုတွေ မလုပ်ကြလို့ဆိုတာ သာဓကပါပဲ။

မိမိတို့နိုင်ငံမှာ ဒုတိယလှိုင်းအစကနေပြီး ကိုဗစ်ရောဂါဆိုးကြီးကို အားလုံးက စိတ်တူ လက်တူ ခုခံတိုက်ခိုက်နေကြပေမယ့် အမှန်အတိုင်းဝန်ခံရရင် အောင်မြင်တဲ့ အခြေအနေ မရောက်ရှိ၊ မရရှိသေးပါဘူး။ နိုင်ငံတော်နဲ့ တာဝန်ရှိသူတွေက ရောဂါဖြစ်တဲ့ ၊ ခံစားရတဲ့ လူနာတွေကို အသက်ကယ်နိုင်အောင်၊ ခံစားရတာတွေ လျော့နည်းအောင်၊ နည်းစနစ်ကျကျ အဆင့်ဆင့်သော ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းအဆင့်ဆင့်၊ စေတနာ့ဝန်ထမ်း (Volunteer) အဖွဲ့အစည်းတွေ၊ လူတွေနဲ့ စေတနာရှင်၊ အလှူရှင်တွေရဲ့ အင်အားတွေနဲ့ ဆောင်ရွက်နေသလို တစ်ဖက်မှာလည်း ရောဂါပိုပြီး မကူးစက်၊ မပြန့်ပွားရလေအောင် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေပြီး အများပြည်သူကိုလည်း မဖြစ်မနေ လိုက်နာရမယ့် ......

(၁) မလိုအပ်ရင် အိမ်ပြင်လုံးဝမထွက်ဘဲ အိမ်ထဲမှာပဲနေ( Stay Home)၊

(၂) မဖြစ်လို့ အိမ်ပြင်ထွက်ရရင် တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံး (၆) ပေခွာနေ (SocialDistancing)၊

(၃) အပြင်ထွက်တိုင်း နှာခေါင်းစည်း၊ ပါးစပ်စည်းကို( မေးစေ့မှာ ချိတ်မထားဘဲ) စနစ်တကျ တပ်၊ ပြီးရင်လည်း စနစ်တကျ စွန့်ပစ် ( Wearing Masks and proper disposal ၊

(၄) လက်ကို ဘာနဲ့မှ မထိမိအောင် အထူးဂရုစိုက်ပြီး တစ်ခုတစ်ခုနဲ့ ထိပြီးတိုင်း ၊ အပြင်က ပြန်လာတိုင်း သတိရတိုင်း ဆပ်ပြာ သို့မဟုတ် Alcohol ၆၀% နဲ့ အထက်ပါတဲ့ လက်သန့်ဆေးရည်နဲ့ အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျ ဆေး ( Hand washing and hand hygiene)

......စတဲ့ ငွေကုန်ကြေးကျသိပ်မများပေမယ့် သေချာပေါက် ရောဂါမဝင်အောင် ကာကွယ်စေမယ့် ကာကွယ်မှုနည်းလမ်းတွေ မမေ့မလျော့ ဆောင်ရွက်ကြဖို့ စဉ်ဆက်မပြတ် ပညာပေးနှိုးဆော်လျက်ရှိပါတယ်။

ဒီလို အတန်တန် စည်းကမ်းတွေထုတ်၊ တားမြစ်မှုတွေ လုပ်နေတဲ့ကြားထဲကပဲ လူ့သဘာဝကြောင့်ရော၊ သတိလက်လွတ်မိကြလို့၊ ပေါ့ပေါ့ဆဆ တွေးတောခဲ့ကြလို့၊ ရွေးကောက်ပွဲအပြီး အောင်ပွဲခံခဲ့ကြတာ (အတန်တန်တားခဲ့တာပါ)၊ တန်ဆောင်တိုင်ရက်ရှည် ရုံးပိတ်ရက်နဲ့ ရန်ကုန်တက္ကသိုလ်ရာပြည့်ပွဲတွေမှာ လူစုလူဝေးတွေ လုပ်ခဲ့မိကြတာကြောင့် အထူးသဖြင့် ရန်ကုန်မြို့မှာ ပိုးတွေ့မှုနဲ့ သေဆုံးမှု တန်းနေရာက လျော့ကျရတော့မယ့်အချိန်မှာ မလျော့တော့ဘဲ တချို့ရက်တွေ ပိုများလာတာတောင်ရှိလာလို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပြောရတဲ့အထိဖြစ်ခဲ့ပြီး အခုရက်မှာ နည်းနည်းပြန်ငြိမ်လာတဲ့ အခြေအနေပါ။

အခု ခရစ္စမတ်နေ့ရောက်ပြီ။ မကြာခင် ၂၀၂၀ နှစ် ဟောင်းကုန်ပြီး ၂၀၂၁ နှစ်သစ်ကူးတော့မှာပါ။ မိမိ ဒီဆောင်းပါးအစမှာ ဖော်ပြခဲ့သလိုပဲ ပုံမှန်ဆို "ခရစ္စမတ်ပိုး" (Christmas Mood) ထကြရတော့မယ့် အချိန်ကာလပေမယ့် ဒီနှစ်တော့ ဘယ်တိုင်းပြည်၊ ဘယ်နိုင်ငံမှာမှ နှစ်တိုင်းလို မဖြစ်နိုင်ကြတော့ပါဘူး။ နိုင်ငံတိုင်းလိုလိုမှာပဲ ဒီအတောအတွင်း ပိုများလာတဲ့ ပိုးကူးစက်ပြန့်ပွားမှုတွေ၊ ထပ်မံ တင်းကျပ်ထုတ်ပြန်လိုက်တဲ့ သွားလာမှု ကန့်သတ်ချက်တွေကြောင့် လူစုလူဝေးတွေနဲ့ ဝတ်ပြုဆုတောင်းပွဲတွေ မလုပ်ကြဖို့ ကမ္ဘာအနှံ့ တပ်လှန့်နှိုးဆော်နေရတဲ့အချိန်ပါ။

တိုက်တိုက်ဆိုင်ဆိုင်ပဲ (ပထမလှိုင်းမပြီးခင် ဒုတိယလှိုင်းစခါနီးမှာ နိုင်ငံတွေမှာ ကြုံခဲ့ကြရသလိုပဲ) ယူကေနိုင်ငံမှာ အခု မျိုးရိုးဗီဇပြောင်းလဲနေတဲ့ကိုဗစ်ပိုးကို တွေ့နေကြရတာပါ။ စတွေ့တာက UK နိုင်ငံ Kent မြို့မှာပါ။ Cog-UK လို့ ခေါ်တဲ့ Covid-19 Genomic Consortium အဖွဲ့အစည်းဟာ ကမ္ဘာပေါ်မှာ ဒီကိုဗစ်ရောဂါပိုးရဲ့ မျိုးရိုးဗီဇ (Genomes) တွေရဲ့ အခြေအနေပြောင်းလဲမှုတွေနဲ့ပတ်သက်လို့ နာမည်အကြီးဆုံး၊ အကျွမ်းကျင်ဆုံး အဖွဲ့အစည်းကြီးပါ။ ကိုဗစ်ရောဂါပိုး သိန်းနဲ့ချီပြီး Genome တွေကို စူးစမ်းလေ့လာနေကြတာပါ။ အဲဒီ အဖွဲ့ကြီးရဲ့ ဦးဆောင်ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့ Professor Sharon Peacock အဆိုအရ Kent မြို့မှာ စတွေ့တယ်ဆိုပေမယ့် အဲဒီ case ဟာ တကယ့်ကို index case အဲဒီမြို့က လူနာဆီကပဲလား၊ တခြားမြို့/ နိုင်ငံတွေက ရောက်လာတာလားဆိုတာကို ကံသေကံမ မပြောနိုင်ပါဘူးလို့ ပြောထားပါတယ်။

UK နိုင်ငံ Wales မြို့က Professor Tom Connor ဆိုတဲ့ပညာရှင်ကတော့ အလားတူ မျိုးရိုးဗီဇပြောင်းပိုးတွေဟာ တခြားနိုင်ငံတွေမှာလည်း ရှိနေနိုင်ပါတယ်၊ မတွေ့ကြသေးတာပဲဖြစ်မှာပါ၊ ယူကေနိုင်ငံက Survei–llance System ခေါ်တဲ့ စောင့်ကြည့် လေ့လာသုတေသနလုပ်နေတဲ့ Cog–UK လို အဖွဲ့ကြောင့် စောစောသိတာပါလို့ ဆိုပါတယ်။ University of Cambridge မှ Professor Ravi Gupta ကလည်း ဒီပိုးအသစ်ဟာ နဂိုရှိနေတဲ့ပိုးတွေထက် ကူးစက်မှု ပိုမြန်တာကို သေချာပေါက်တွေ့နေရပါတယ်၊ တောင်အာဖရိကမှာလည်း စတွေ့နေပါပြီလို့ ဆိုပါတယ်။ နယ်သာလန်၊ ဩစတြေးလျ၊ ဒိန်းမတ်နိုင်ငံတွေမှာလည်း တွေ့သလို သတင်းတွေ ထွက်လာပါပြီ။

အခု တွေ့နေကြတဲ့ မျိုးရိုးဗီဇအသစ် ကိုဗစ်ပိုးဟာ Mutation ဆိုတဲ့ ဗီဇပြောင်းတဲ့အခါမှာ ထူးခြားမှုကတော့ Gene ရဲ့ ၂၃ နေရာအထိ ပြောင်းလဲမှုဖြစ်နေပြီး အဲဒီထဲက ၁၇ နေရာဟာ Spike Protein ခေါ်တဲ့ ရောဂါပိုးက လူ့ခန္ဓာထဲက ကလာပ်စည်းတွေကို ချိတ်ဆက်တွယ်ကပ်တဲ့ ပရိုတိန်းနေရာမှာဖြစ်ကာ အဲဒီလို တစ်ကြိမ်တည်းမှာ အဲဒီလို အများကြီးပြောင်းတာ ဖြစ်ခဲတဲ့အဖြစ်လို့ ယူဆကြပါတယ်။ ပိုမိုကူးစက်မြန်တာ သေချာနေပြီး ရောဂါခံစားရမှုကို ပြင်းထန်မှုရှိမရှိ/ သေဆုံးမှု ပို/မပိုတော့ လေ့လာနေဆဲပါ။

D 614 ကနေ G 614 ပြောင်းစဉ်ကလည်း ကူးစက်မှုများပြီး မြန်သော်လည်း ပိုမပြင်းထန်ပါဘူးဆိုပြီး တစ်ဖက်ပိတ်ပြောခဲ့ကြတာ နားယောင်ခဲ့ကြလို့ ဒုက္ခလှလှတွေ့ ခဲ့ကြပြီးပါပြီ။ ပိုကူးစက်တယ်ဆိုတာနဲ့ကို ( ခြောက်တယ်လို့ ပြောရင်လည်းခံပါမယ်) ပိုကြောက်သင့် ကြောက်ရမှာပါ။ ပိုကူးရင် ဆေးရုံရောက်တာပိုများ၊ သက်ကြီးရွယ်အိုနဲ့ ရောဂါအခံရှိသူတွေ ပါလာရင် ပိုသေမှာပါ၊

*စာမျက်နှာ ၇ သို့*

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၄**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မိမိတို့အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများ လှူဒါန်းခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ် ရေးနှင့် ငြိမ်းချမ်းရေးသည် အဓိကကျသည့်အတွက် NRPC အနေဖြင့် တိုင်းရင်းသားပြည်သူများကြားထဲတွင် ပြန်လည်သင့်မြတ်ရေးကိစ္စများ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အတွက် အထူးလိုအပ်သည့် ငြိမ်းချမ်းရေး အတွက်လည်း ကြိုးပမ်းနေသည့် ဌာနတစ်ခုဖြစ်ပါကြောင်း၊ **COVID–19** ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသည်လည်း တစ်နိုင်ငံလုံးတွင် ကိုဗစ်ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ခေါင်းဆောင်မှုပေးကာ နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးအတွက် လုပ်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရှေ့တန်းမှနေ၍ ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ပေးနေသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း၊**COVID–19** ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် "မည်သူမျှမကျန်ခဲ့စေရ" ဟူသော မူဝါဒဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် ညှိနှိုင်းပူးပေါင်းရေးကို ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် ငြိမ်းချမ်းရေးအတွက် ရှေ့တန်းမှ ဆောင်ရွက်နေသလို **COVID–19** ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ




အနေဖြင့်လည်း ပြည်သူ့ကျန်းမာရေးအတွက် ရှေ့တန်းမှ ဆောင်ရွက်နေသည့်အဖွဲ့အစည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းအားလုံးတို့သည် လေးစားထိုက်သူများ ဖြစ်သဖြင့် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ အတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများအား ခက်ခဲဝေးလံဒေသနှင့် လုံခြုံမှုအားနည်းသော ဒေသများရှိ ပြည်သူများ သာတူညီမျှ လက်လှမ်းမီရရှိစေရေးအတွက် သာမက နိုင်ငံ၏လူမှုရေး၊ စီးပွားရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငြိမ်းချမ်းရေးရရှိရေးသည် အထူးအရေးကြီးပါကြောင်း၊ သို့ဖြစ်ပါ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ လုပ်ငန်းများ အမြန်ဆုံးအောင်မြင်စေရန်လည်း ဆန္ဒပြုအပ်ပါကြောင်း။

ယခုကဲ့သို့ လှူဒါန်းမှုများကြောင့် **COVID–19** လူနာများအား ဓာတ်ခွဲစစ်ဆေးခြင်း၊ ဆေးရုံများ၌ကုသမှုပေးခြင်းနှင့် အသွားအလာကန့်သတ်နေရာများ၌ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးနိုင်သည့်အပြင် ဆေးရုံများတွင် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများ တပ်ဆင်အဆင့်မြှင့်တင်ခြင်းတို့အတွက်လည်း အသုံးပြုနိုင်သဖြင့် ရေရှည်တွင် များစွာအကျိုးရှိပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုများအား အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက် အကျိုးရှိစေရန် စီမံခန့်ခွဲလျက်ရှိပါကြောင်း။

**COVID–19** ရောဂါသည် အသက်ရှူလမ်းကြောင်းမှ တစ်ဆင့်ကူးစက်သော ရောဂါဖြစ်ခြင်း၊ ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံရသူများရှိနေခြင်းနှင့် ရောဂါဖြစ်စေသည့် ဗိုင်းရပ်စ်ပိုး၏ ဗီဇပြောင်းလဲမှုများ ရှိနေခြင်းတို့ကြောင့် **COVID–19** ရောဂါသည် ရာသီတုပ်ကွေးရောဂါကဲ့သို့ပင် ဖြစ်ပွားမှုအနည်းအများနှင့်အပြင်း အပျော့သာ ကွာခြားပြီး ကမ္ဘာပေါ်တွင် နှစ်များစွာ ဆက်လက်ကူးစက်ဖြစ်ပွားနေမည် ဖြစ်ပါကြောင်း။

ထိုကဲ့သို့ ကမ္ဘာပေါ်တွင် ဆက်လက်တည်ရှိကူးစက်ဖြစ်ပွားနေမည့် **COVID–19** နှင့်အတူ မိမိတို့အနေဖြင့် ဆက်လက်ရှင်သန်နေထိုင်ရမည်ဖြစ်သဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လုပ်ငန်းကဏ္ဍအသီးသီးကို ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ကြိုတင်စဉ်းစားကြံဆ ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ သို့မဟုတ်ပါက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အလွန်နှောင့်နှေးသွားမည် ဖြစ်ပါကြောင်း။

ယခုလတ်တလောတွင် **COVID–19** ကူးစက်မှုသည် အနည်းငယ်ကျဆင်းလာသော်လည်း အချိန်မရွေး ပြန်တက်လာနိုင်သဖြင့် မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လျှော့ချ၍ မရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသော ပါးစပ်နှင့်နှာခေါင်းစည်း(mask) မဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက်ကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယခုအချိန်၌ ပါးစပ်နှင့်နှာခေါင်းစည်း (mask) တပ်ဆင်ခြင်း အပါအဝင် **COVID–19** ကာကွယ်ရေးနည်းလမ်းများကို နေ့စဉ်ဘဝနှင့် လုပ်ငန်းဆောင်တာများ လုပ်ဆောင်စဉ်တွင် ကျင့်သုံးလိုက်နာကြရန်အတွက် ပြည်သူများတစ်ဦးနှင့်တစ်ဦး အချင်းချင်းအသိပေး၊ သတိပေးကြခြင်း အထူးအရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက **COVID–19** ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန် အလှူငွေကျပ်သိန်း ၃၀၀၀ ကို လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်တင်၊ ဦးမင်းလွင်နှင့် ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်သူများသိရှိစေရန် ပန်ကြားချက်

**ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၄ ရက်**

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ COVID–19 ရောဂါပိုးတွေ့ရှိသူ ၆၅၄ ဦးရှိပြီး ရောဂါပိုးတွေ့ရှိမှုအပေါ် ဆန်းစစ်ရာတွင် ဒီဇင်ဘာလအတွင်း၌ ရောဂါပိုးတွေ့ရှိရမှု များပြားခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး ရောဂါပိုးတွေ့ရှိသူအများစုမှာ အခြားအရပ်ဒေသမှ ပြန်လည်ဝင်ရောက်လာသူများ၊ ကုန်တင်ယာဉ်မောင်း/ ယာဉ်နောက်လိုက်များဖြစ်သော်လည်း ဒေသတွင်းကူးစက်မှုအချို့ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း၌ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်း ခရစ်စမတ်ကာလနှင့် နိုင်ငံတကာနှစ်သစ်ကူး ရုံးပိတ်ရက်ကာလများတွင် COVID–19 ရောဂါပိုးဒေသတွင်း ကူးစက်မှုမဖြစ်ပွားစေရေးနှင့် ထိရောက်စွာ ကာကွယ်ဟန့်တားနိုင်ရန်အတွက် အများပြည်သူသွားလာလည်ပတ်၍ လူစုလူဝေးဖြစ်ပေါ်နိုင်ဖွယ်ရှိသော အောက်ပါနေရာဒေသများတွင် အများပြည်သူ သွားလာဝင်ထွက်ခွင့်အား ယာယီပိတ်ထားမည် ဖြစ်ပါသည်–

(က) ပေါင်းလောင်းချောင်း အပန်းဖြေစခန်း (ဇေယျာသီရိမြို့နယ်)
(ခ) ပုစွန်ဆိတ်ရေတံခွန် (ပျဉ်းမနားမြို့နယ်)
(ဂ) ဖလောင်းရေတံခွန် (ပျဉ်းမနားမြို့နယ်)
(ဃ) အဝေရာဆည် အပန်းဖြေနေရာ (ပျဉ်းမနားမြို့နယ်)
(င) မြသီတာရေတံခွန် (ပျဉ်းမနားမြို့နယ်)
( စ) ကိုးတစ်ရေပူစမ်း (ပျဉ်းမနားမြို့နယ်)
(ဆ) မင်္ဂလာကန်တော် (ဇမ္ဗူသီရိမြို့နယ်)

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း COVID–19 ရောဂါပိုးကူးစက်မှုထိရောက်စွာ ကာကွယ်ဟန့်တားနိုင်ရန်အတွက် အများပြည်သူများမှ မလိုအပ်ဘဲ လူစုလူဝေးရှိရာနေရာ ဒေသများသို့ သွားလာခြင်းမှရှောင်ကြဉ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ နေထိုင်၍ COVID–19 ရောဂါပိုးကူးစက်မှုအား ကာကွယ်ထိန်းချုပ်ရာတွင် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ပေးနိုင်ပါရန် အသိပေးပန်ကြားအပ်ပါသည်။

**နေပြည်တော်ကောင်စီ Coronavirus Disease 2019 (COVID–19)**
**ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

*စာမျက်နှာ ၆ မှ*

ဆေးရုံနဲ့ ကျန်းမာရေးဝန်ထမ်းတွေ သေချာပေါက် ဝန်ပိုပိမှာပါ။ ဒါကြောင့် အခြားနိုင်ငံက ကျွမ်းကျင်ပညာရှင်တွေက ကူးစက်တာသာမြန်တာ၊ ပိုမပြင်းပါဘူး၊ ပိုမသေပါဘူးလို့ ထပ်ပြောရင်တောင် တာဝန်ရှိသူတွေက အရင်တစ်ခါ အဖြစ်မျိုးမဖြစ်အောင် စကားကို ထိန်းပြောဖို့ လိုမှာပါ။

အထူးသဖြင့် N 501Y ဆိုတဲ့ ပရိုတိန်းမှာ အဓိကဖြစ်တာပါ။ ဒီပိုးအသစ်ကို New Strain B.1.1.7 လို့ တချို့က ခေါ်ကြသလို တချို့ကလည်း VUI–202012/01 ( Variant under investigation :December 2020) လို့ပြောဆိုသုံးစွဲနေကြပါတယ်။ ဒီ ဗီဇပြောင်း New Strain B.1.1.7 ကြောင့် UK မှာ လောလောဆယ် London နဲ့ South East and East England မှာ အသွားအလာ ထိန်းချုပ်မှု ကာကွယ်ရေးအဆင့် Tier 2 ကနေ အမြင့်ဆုံး Tier 4 အထိ တိုးမြှင့်ထားရသလို ဥရောပနိုင်ငံအချို့က ယူကေက လေယာဉ်ခရီးတွေကို လောလောဆယ် ဝင်ခွင့်ပိတ်ထားပါတယ်။

**အိမ်မှာပဲနေပါ**

ဒီလိုအချိန်မှာ မိမိတို့အနေနဲ့လည်း အခုထက်ပိုပြီး သတိထားဂရုစိုက်ကြရတော့မှာပါ။ အခုပိုးကူးစက်မှုနဲ့ သေနှုန်းတန်းနေတဲ့ ( Plateau) အခြေအနေကနေ ပြန်မတက်အောင်၊ တဖြည်းဖြည်း ကျသွားအောင်လုပ်ဖို့ အဓိကကတော့ အများပြည်သူလူထုပါ။ မိမိတို့နိုင်ငံအနေနဲ့ ၁၀ လနီးပါး ကျန်းမာရေးနဲ့တွဲပြီး ကြုံတွေ့နေရတဲ့ စီးပွားရေး၊ လူမှုရေး အခက်အခဲပြဿနာတွေအတွက် တချို့ကိစ္စတွေကို မဖြစ်မနေ စည်းကမ်းဘောင်တွေ အတွင်းက လျှော့ချ၊ ခွင့်ပြုရတော့မှာပါ။ အဲဒီလိုအချိန်မှာ ရောက်လာတော့မယ့် ရက်ရှည် ရုံးအလုပ်ပိတ်ရက်ရှည် ( ဒီဇင်ဘာ ၂၅, ၂၆,၂၇ ၊ ဒီဇင်ဘာ ၃၁, ဇန်နဝါရီ ၁,၂,၃,၄) တွေရယ်၊ သူများနိုင်ငံတွေမှာ စနေ၊ ပျံ့နေတဲ့ ဗီဇပြောင်းပိုးရယ် (မိမိတို့ဆီ လုံးဝ မရောက်နိုင်ဘူးလို့ ဘယ်သူမှ အာမမခံနိုင်ပါဘူး) တွေ့ကြရမယ့်အချိန်မှာ လောလောဆယ် အရေးအကြီးဆုံးက Holidays တွေမှာ ...

**(၁) အိမ်မှာပဲ နေပါ၊ (၂) အိမ်မှာပဲနေပါ၊ (၃) အိမ်မှာပဲနေပါ။**

နာတာလူးပွဲတော်က မိမိအိမ်မှာ လောလောဆယ်ရှိနေတဲ့ မိမိ မိသားစုနဲ့ပဲ ကျင်းပတာကို ယေရှုခရစ်တော်နဲ့ သူတော်စင်တွေက သေချာပေါက် ကောင်းချီးပေးကြမှာပါ။ TV / Video / Facebook အပါအဝင် Media ပေါင်းစုံက ဆုတောင်းမှုတွေကို ကြည့်ရှု၊ နားထောင်၊ တုံ့ပြန်ကြပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးအပြည့်နဲ့ ခရစ္စမတ်ကာလကို ဖြတ်ကျော်စေချင်ပါတယ်။ December 26 Boxing Day အတွက်လည်း ကျန်းမာရေးရှုထောင့်က အကြံကောင်းလေး ပေးပါရစေ။ မိမိက ငယ်ငယ်ကတည်းက မြို့မအမျိုးသားကျောင်းထွက်မို့ ခရစ်ယာန်ဘာသာအကြောင်း ဂဃနဏ မသိပါဘူး။ အတန်းဖော် သူငယ်ချင်းကို ဘာလို့ Boxing day လို့ ခေါ်တာလဲလို့မေးဖူးတော့ သူငယ်ချင်းပညာရှိက Christmas Day မှာ တချို့တွေက အပျော်လွန်၊ အသောက်လွန်၊ အမူးလွန်ပြီး နောက်တစ်နေ့မှာ အမူးမပြေသေးလို့ စကားများကြ၍ Boxing ထိုးကြရာက ဖြစ်တယ်လို့ ပြောတာကို ဖြီးတယ်ဆိုတာ သိခဲ့ပါတယ်။ နောက်ပိုင်းမှ Christmas Day မှာ မိသားစုတွေ၊ ခင်မင်တဲ့ မိတ်ဆွေသူငယ်ချင်းတွေဆီက Present ရတဲ့ လက်ဆောင် Box တွေကို ဖွင့်တဲ့နေ့လို့ သိခဲ့တာပါ။ ( မူကွဲ ရှိနေနိုင်ပါသေးတယ်နော်)ပြောချင်တဲ့အချက်က အဲဒီလို လက်ဆောင်အထုပ်တွေ ရောက်လာရင် အရက်ပြန်လို ပိုးသတ်ဆေးတွေ ဖျန်းထားဖို့၊ Box တွေ ဖြေရင်၊ ဖွင့်ရင် (ရှိခဲ့ရင်) လက်အိတ်စွပ်ပြီးမှ ဖွင့်ဖို့၊ ဖွင့်ပြီးရင် လက်ကိုဆပ်ပြာနဲ့ စက္ကန့် ၂၀ ကျော် သေသေချာချာ ဆေးဖို့၊ လက်ကို မျက်နှာ၊ မျက်စိ၊ နှာခေါင်း၊ ပါးစပ်တွေနဲ့ လုံးဝမထိဖို့ အရေးကြီးပါတယ်။

**အထူးဂရုစိုက်ကာ နှစ်သစ်ကိုဖြတ်သန်းပါ**

နောက်တစ်ချက်က လူငယ်လူရွယ်( တချို့လူလတ်လူကြီးတွေလည်း ပါနိုင်ပါတယ်)တွေ တစ်နှစ်တစ်ခါ စောင့်မျှော်နေကြတဲ့ New Year Count Down ပါ။ အားမနာတမ်းပြောရရင် ဘယ်သူမှ Count Down မလုပ်လည်း 2020 က 2021 ကို ရောက်ကိုရောက်မှာပါ။ ပုံမှန်အားဖြင့် ရေဒီယို၊ တီဗွီတွေက Count Down လုပ်ပေးကြလေ့ရှိပါတယ်။ Times Square တို့ ၊ Talgalfar Square တို့၊ ပြည်သူ့ရင်ပြင်တို့၊ အင်းလျားကန်ပေါင်တို့၊ မိုင်ဒါကွင်းတို့မှာ ည ၁၂ နာရီ သံစဉ်ထိုးပြီး " Happy New Year" အော်မှ နှစ်ကူးတာ မဟုတ်သလို လာမယ့်နှစ်က မင်္ဂလာအပေါင်း ခညောင်းမှာ မဟုတ်တာကို အားလုံးသိကြမှာပါ။

ဒီလိုအချိန်မှာ ဘယ်သူမဆို ( အထူးသဖြင့် လူငယ်လူရွယ်တွေ) ရောဂါလက္ခဏာ မခံစားရပေမယ့် ရောဂါပိုးရှိနေနိုင်တာမို့ အဲဒီလိုလူတွေနဲ့ ဒီ Long Holidays တွေမှာ လူစုလူဝေးထဲနေခဲ့၊ တွေ့ခဲ့ရင် ကိုယ်ကိုယ်တိုင်ရော၊ အိမ်က သက်ကြီးရွယ်အို မိဘ ဆွေမျိုးတွေပါ ရောဂါရပြီး အသက်ပါ ဆုံးနိုင်တာမို့ အခုပြောခဲ့တဲ့အချက်တွေကို အထူးဂရုစိုက်၊ ရှောင်ကြဉ်၊ လိုက်နာကြပြီး မင်္ဂလာရှိသော ခရစ္စမတ်နဲ့ ပျော်ရွှင်ဖွယ်ကောင်းသော နှစ်သစ် ( A Merry Christmas and a Happy New Year 2021) ဖြစ်ကြပါစေဖို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့အပ်ပါတယ် ခင်ဗျား။ ။

# (၇၃)နှစ်မြောက်တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲသိခ်ိသူ)အပါအဝင် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

**တပ်မတော်(ရေ)၏ (၇၃)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားကို ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။**

ရေးဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး မိုးအောင်က တပ်တော်ဝင်စစ်ရေယာဉ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် အိန္ဒိယတပ်မတော်၊ အရှေ့ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ်၊ ဌာနချုပ်မှူး Vice Admiral Atul Kumar Jain က ရေငုပ်သင်္ဘောလွှဲပြောင်းမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရေတပ်သင်္ဘောကျင်းဌာနချုပ် ဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် တပ်တော်ဝင်လုပ်ငန်းစဉ်များအား အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သည့် တိုက်ခိုက်ရေးရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲသိခ်ိသူ)အပါအဝင် ၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ် နှစ်စင်း၊ ၄၉ မီတာ အမြန်သွားတိုက်ခိုက်ရေးရေယာဉ် တစ်စင်း၊ ၅၆ မီတာ တင့်ကားတင် ကမ်းထိုးရေယာဉ် တစ်စင်းနှင့် ၂၆ မီတာ ပင်လယ်သွားတွဲဆွဲရေယာဉ် နှစ်စင်းတို့အား လှည့်လည်ကြည့်ရှုကြသည်။



တိုက်ခိုက်ရေးရေငုပ်သင်္ဘော စစ်ရေယာဉ်(မင်းရဲသိခ်ိသူ)။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## အလေးပြုခြင်းကို ခံယူ

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုဒ္ဒမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်တော်ဝင်ရေယာဉ်များ တည်ဆောက်ခဲ့ချိန်တွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့**

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့တွင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၂၁-၂၃) ရက်အတွင်း ကျင်းပခဲ့သော အကြိမ် (၂၀) မြောက် သုတေသနညီလာခံ၌ အွန်လိုင်းစနစ်ဖြင့် တင်ပြဆွေးနွေးသွားသော တက္ကသိုလ်/ကောလိပ်များမှ စာတမ်းရှင်သုတေသီများအား အကောင်းဆုံးသုတေသနစာတမ်းဆု (Best Paper Award) နှင့် ၂၀၂၀ ပြည့်နှစ် ပါရဂူကျမ်းအတွက် ချီးမြှင့်သော ပညာရှင်အဖွဲ့ဆု (Academy Award) ဆု ရသူများစာရင်း ကြေညာခြင်း။

**မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု (Academy Award) ဆု ရရှိသူများစာရင်း**

၂၀၁၉ ခုနှစ်၊ ပါရဂူဘွဲ့ယူကျမ်း (၃၃) စောင် တင်သွင်းခဲ့သည့်အနက် ဝိဇ္ဇာပညာရပ်ဆု (၃) ဆု၊ သိပ္ပံပညာရပ်ဆု (၄) ဆုနှင့် လူမှုရေး ပညာရပ်ဆု (၃) ဆု၊ စုစုပေါင်း (၁၀) ဆု ရရှိခဲ့ကြပါသည်။

**(က) ဝိဇ္ဇာပညာရပ်ဆု**

စဉ် အမည်

၁။  ဒေါက်တာခင်နွယ်ဆင့်
ကထိက၊ စိတ်ပညာဌာန၊
ရတနာပုံတက္ကသိုလ်

၂။  ဒေါက်တာဟိန်းမြတ်သူ
နည်းပြ၊ နိုင်ငံတကာဆက်ဆံရေး
ပညာဌာန၊ ရန်ကုန်တက္ကသိုလ်

၃။  ဒေါက်တာထက်ထက်စိန်ဝင်း
ကထိက၊ မြန်မာစာဌာန၊
ရန်ကုန်ပညာရေးတက္ကသိုလ်

**(ခ) သိပ္ပံပညာရပ်ဆု**

စဉ် အမည်

၁။  ဒေါက်တာအောင်ကျော်မြတ်
တွဲဖက်ပါမောက္ခ၊
ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂။  ဒေါက်တာဝင်းဝင်းနွယ်
ကထိက၊ အဏ္ဏဝါသိပ္ပံဌာန၊
စစ်တွေတက္ကသိုလ်

၃။  ဒေါက်တာဇာဇာဦး၊
ကထိက၊ ကုန်ထုတ်ဓာတုဗေဒဌာန၊
ရတနာပုံတက္ကသိုလ်

၄။  ဒေါက်တာဇေယျာပြည့်ဖြိုးအောင်
သရုပ်ပြ၊ ရူပဗေဒဌာန၊
မြိတ်တက္ကသိုလ်

**(ဂ) လူမှုရေးပညာရပ်ဆု**

စဉ် အမည်

၁။  ဒေါက်တာလှိုင်လှိုင်မိုး၊တွဲဖက်ပါမောက္ခ
စာရင်းအင်းပညာဌာန၊
ရန်ကုန်စီးပွားရေးတက္ကသိုလ်

၂။  ဒေါက်တာခိုင်ရည်မွန်
ကထိက၊ပညာရေးသဘောတရားဌာန၊
ရန်ကုန်ပညာရေးတက္ကသိုလ်

၃။  ဒေါက်တာဖြူဖြူသင်း
ကထိက၊ ဥပဒေပညာဌာန၊
ရန်ကုန်တက္ကသိုလ်

ဆက်လက်ဖော်ပြပါမည်

# အဓိပတိလမ်းမပေါ်မှာ လျှောက်ဖူးခဲ့ပါသည်

သင်း (ပညာရေးတက္ကသိုလ်)

**ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အကြိုလှုပ်ရှားမှု ပုံရိပ်များကို TV ဖန်သားပြင်မှ ညစဉ် ညစဉ် ကြည့်ရှုခံစားရင်း ပညာရေးတက္ကသိုလ်မှ ဘွဲ့ရခဲ့သူဖြစ်သော်လည်း အဓိပတိလမ်းမပေါ်မှာ လျှောက်လှမ်းခဲ့ဖူးပါသည်ဟု တင်ပြလိုစိတ်လေး ပေါ်ပေါက်လာကာ ဂုဏ်ယူဝင့်ကြွားစွာ ဟစ်ကြွေးချင်ပါတော့သည်။**

ကျွန်မသည် ၁၉၇၆-၇၇ ပညာသင်နှစ် ပညာရေးတက္ကသိုလ်ဝင်ခွင့်နှင့်အတူ အဆောင်နေခွင့်ရသည်ဟု စာတမ်းပါ စာတိုက်မှ ရောက်ရှိလာသော လျှောက်လွှာဖြတ်ပိုင်းလေး လက်ခံရရှိသည်နှင့် အလွန်ပျော်ရွှင်မိသည်။ ကံထူးသည်မှာကား ရန်ကုန်တက္ကသိုလ် ပရိဝုဏ်အတွင်းရှိ ထင်ရှားလှသော၊ ခမ်းနားထည်ဝါသော အင်းလျားဆောင်ကြီးမှာ အဆောင်သူအဖြစ် နေခွင့်ရသည်မို့ စိတ်လှုပ်ရှားမိသည်။ အင်းလျားဆောင်ကြီးမှာ အနီရင့်ရင့် အုတ်နံရံများ၊ အနီရင့်ရောင် အုတ်ကြွပ်မိုးနှင့် ရှေ့တည့်တည့်မှာ အင်းလျားလမ်း၊ အင်းလျားရေကန်၊ အဆောင်နောက်ပေါက်မှ ထွက်လျှင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ လမ်းသွယ်များ၊ အဓိပတိလမ်းနှင့် သစ်ပုပ်ပင်၊ ဘွဲ့နှင်းသဘင် အဆောက်အအုံတို့နှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည်ဟု သိနေခဲ့သည်။ အဓိပတိလမ်းပေါ် လျှောက်လှမ်းရတော့မည်မို့ ရင်ခုန်ခဲ့မိသည်။



ရန်ကုန်တက္ကသိုလ်ရှိ အင်းလျားဆောင်။

ကျွန်မသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့မှ ဖြစ်သည်။ အဆောင်ဝင်ရန် ကျွန်မ၏ အစ်မက လိုက်ပို့ခဲ့သည်။ ထိုနေ့မှာ အဓိပတိလမ်းမပေါ် ခြေမချရသေးပေ။ အဝေးမှ လှမ်းမြင်ခဲ့ရ၍ ရင်ဖိုမိသည်။ အငှားကားဖြင့် အင်းလျားလမ်း အဆောင်ရှေ့ပေါက်မှ ဝင်ခဲ့သည်။ ကျွန်မ ကံကောင်းလှသည်။ ကျွန်မ နေရမည့်အခန်းမှာ အင်းလျားကန်နှင့် မျက်နှာချင်းဆိုင် အဆောင်ရှေ့မျက်နှာစာ အပေါ်ထပ်အခန်း ၁၃/၁၄ ထောင့်ခန်းလေးမှာ သူငယ်ချင်း (၁၂) ယောက်နှင့်အတူ နေထိုင်ရသည့် အခန်းဖြစ်သည်။ ကျွန်မတို့အုပ်စုတွင် မွန်ပြည်နယ်ကများသည်။ တိုင်းနှင့် ပြည်နယ်သားချင်း အချင်းချင်းတွေ့ဆုံ ချစ်ခင်ရင်းပင်းကြသည်။

ကျွန်မတို့တက်ရမည့် ပညာရေးတက္ကသိုလ်မှာ မြန်မာ့အသံ အဆောက်အအုံနှင့် မျက်နှာချင်းဆိုင် ပြည်လမ်းမဘေးတွင် ရှိသည်။ ယခု အဆောင်နှင့် တက်ရောက်မည့်ကျောင်းအနည်းငယ်ဝေးသည်။ ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်တွင် နေကြရသော မြို့နယ်အသီးသီးမှ လာကြသည့် မအူမလည် ကျွန်မတို့မှာ ပညာရေးတက္ကသိုလ် သွားရန် လမ်းရွေးကြရတော့မည်။ လိုင်းကားလည်း မစီးတတ်ကြပါ။ နောက်မှ သိရသော ပုဂံလမ်း၊ သထုံလမ်းတို့ကိုလည်း မသိရ၊ မတွေ့ရ၊ မလျှောက်ရသေးပါ။

**အဓိပတိလမ်းမပေါ် ပထမဆုံး လျှောက်လှမ်းရသည့်နေ့**

ကျောင်းစဖွင့်သည့်နေ့ အဓိပတိလမ်းမပေါ် ပထမဆုံး လျှောက်လှမ်းရသည့်နေ့သည် အမှတ်တရ ရှိလှသည်။ ကျွန်မတို့ သူငယ်ချင်းတွေ အဆောင်နောက်ပေါက်မှ ထွက်ခဲ့သည်။ လွယ်အိတ်ကိုယ်စီ လွယ်၊ စာအုပ်ကို ပိုက်လျက် ခပ်ကုပ်ကုပ် လျှောက်ခဲ့ကြသည်။ ပျော်ရွှင်မြူးထူးရမှန်း မသိသေး။ အဓိပတိလမ်းမပေါ် ခြေလှမ်းစလိုက်ပါပြီ။

ကျွန်မ အံ့ဩမိသည်က ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများ အရောင်အသွေးစုံစွာ သွားလာလှုပ်ရှားနေကြပြီ၊ မိန်းကလေးတိုင်း ခေတ်မီ၍ လှပနေကြသည်။ ယင်းမြင်ကွင်းမှာ မည်းနက်တောက်ပြောင်နေသည့် အဓိပတိလမ်းမပေါ်မှာ ရောင်စုံအဖူးအပွင့် ကလေးများဖြင့် ပေါ်လွင်ထင်ရှား ကျက်သရေရှိစွာ လှပနေကြသည်ဟု ခံစားမိသည်။

> **“ကျွန်မ အံ့ဩမိသည်က ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်း ကျောင်းသား ကျောင်းသူများ အရောင်အသွေးစုံစွာ သွားလာလှုပ်ရှားနေကြပြီ၊ မိန်းကလေးတိုင်း ခေတ်မီ၍ လှပနေကြသည်။ ယင်းမြင်ကွင်းမှာ မည်းနက်တောက်ပြောင်နေသည့် အဓိပတိလမ်းမပေါ်မှာ ရောင်စုံအဖူးအပွင့် ကလေးများဖြင့် ပေါ်လွင်ထင်ရှားကျက်သရေရှိစွာ လှပနေကြသည်ဟု ခံစားမိ”**

ကျွန်မတို့ ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းအဝင်ပေါက်မှ ထွက်ပြီးပြည်လမ်းမဘေး ပလက်ဖောင်းမှ ခြေကျင်လျှောက်ခဲ့ကြသည်။ ပြည်လမ်းမတစ်လျှောက် ကားများ ဝီခနဲ ဝီခနဲ ဖြတ်သွားသည့်အရှိန်ကို လန့်ကာထိတ်ကာဖြင့် ကျောင်းကိုတည့်တည့် မတ်မတ် ရောက်ခဲ့ပါပြီ။ တစ်ပတ်လောက် ပြည်လမ်းမှသွားသည်။ နောက်အပတ်များမှာတော့ ဖြတ်လမ်းမှသွားကြသည်။

အင်းလျားဆောင်မှ ပညာရေးတက္ကသိုလ်သို့ ဖြတ်လမ်းမှသွားတတ်ပြီ။ အဆောင်မှာလည်း နေထိုင်မှု ကျင့်သားရသွားပြီ။ ကျွန်မတို့ အင်းလျားဆောင်သူဘဝ အပြည့်အဝခံစားကြပြီလေ။ နံနက်ကျောင်းမသွားမီ အင်းလျားကန်မှာ ရေကူးသွားသင်သည်။ ရေကူးကြသည်။ အဆောင် နံနက်စာကို ၈ နာရီမှာစားကြပြီး ကျောင်းသွား၊ အတန်းတက်ကြသည်။နေ့စဉ် အဓိပတိလမ်းပေါ် လျှောက်ရင်း၊ ရန်ကုန်တက္ကသိုလ်၏ ရောင်စုံရှုခင်းများကို ငေးမောရင်း တက္ကသိုလ် အဓိပတိအဝင်ဂိတ်မှ ဖြတ်လမ်းကူးပြီး တက္ကသိုလ်ဆေးရုံဘေးရှိ သထုံလမ်း၊ တက္ကသိုလ်ရေကူးကန်၊ တင်းနစ်ကွင်း၊ ပညာရေးတက္ကသိုလ် ပုဂံဆောင်နောက် နဝဒေးဆောင်နဲ့ တက္ကသိုလ်ဘောလုံးကွင်း၊ ပညာရေးတက္ကသိုလ် အားကစားရုံတို့ကို ကျော်ပြီး ကျောင်းဝင်းအတွင်း ဝင်ကြသည်။ ပျော်စရာ ကောင်းလှသည်။ လွမ်းမောဖွယ် ကောင်းလေစွ။

ကျွန်မတို့ ပညာရေးတက္ကသိုလ် ကျောင်းသူ (၁၀၀) ကျော်ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းက အင်းလျားဆောင်ကြီးမှာ တစ်နှစ်တာ ခိုလှုံခွင့်ရခဲ့ကြသည်။ ဂုဏ်ယူမိသည်။ ကျေနပ်မိသည်။ အင်းလျားဆောင်ရှေ့မှာ ကံ့ကော်ပင်တန်းရှိသည်။ ညနေထမင်းစားပြီး သူငယ်ချင်းတစ်တွေ ကံ့ကော်ပင်တန်းတစ်လျှောက်မှ အင်းလျားကန်သို့ လေညင်းခံ လမ်းလျှောက်ထွက်ကြသည်။ အင်းလျားကန်ဘေးမှာ အကြော်စုံစားကြသည်။ ကျွန်မတို့ မြို့က အကြော်နှင့်မတူ။ အချဉ်နှင့်တို့စားမှ စားကောင်းသည်။ လမ်းလျှောက်အပြန်တွင် ဘွဲ့နှင်းသဘင်နောက်ပေါက်မှ ရန်ကုန်တက္ကသိုလ်အတွင်း ဝင်သည်။ အဓိပတိလမ်းဘေးဝဲယာမှာ အဆောင်နေကျောင်းသားကျောင်းသူများ အပန်းဖြေကြသည်။ သစ်ပုပ်ပင် အလှနှင့် ဓာတ်ပုံရိုက်ကြသည်။ ညနေ ၆ နာရီအမီ အဆောင်သို့ အပြေးအလွှားဝင်ကြရင်း အဆောင်စည်းကမ်းကို လေးစားလိုက်နာကြရသည်။

အင်းလျားဆောင် ရင်ခွင်ကို ခိုလှုံကာ အဓိပတိလမ်းမပေါ် အကြိမ်ကြိမ်လျှောက်လှမ်းခဲ့ရဖူးသူမို့ ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ပျော်ပွဲမှာ တို့တွေလည်း ဆင်နွှဲနိုင်ပါလားလို့ ပါဝင်ခွင့်ရသူအဖြစ် ပီတိဖြစ်မိပါသည်။

**ကျွန်မနှင့် ရန်ကုန်တက္ကသိုလ်**

အဓိပတိလမ်းမပေါ်ကို ကျွန်မ ဘွဲ့ရအလုပ်ဝင်ပြီးနောက် ဆက်လက်လျှောက်နေရပါသေးသည်။ ကျွန်မနှင့် ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းတို့ ပဋ္ဌာန်းဆက်ရှိပုံပေါ်သည်။ ကျွန်မ အလုပ်ဝင်ပြီး (၂) နှစ်အကြာ အလုပ်တာဝန်ဖြင့် အဓိပတိလမ်းပေါ် လျှောက်လှမ်းရပြန်ပါသည်။ ကျွန်မသည် မြင်းခြံမြို့ အထက (၁) မှ အထက်တန်းပြဆရာမတစ်ဦး ဖြစ်ပါသည်။ ဘောဂဗေဒဘာသာပြ ဆရာတစ်ဦးပါ။ ကျွန်မတို့ ဆရာတွေ သင်ကြားမှု ထက်မြက်ဖို့ တက္ကသိုလ်ဝင်တန်း စာမေးပွဲအဖြေလွှာများ စစ်ဆေးခြင်းဖြင့် အတွေ့အကြုံယူရတာမို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ တစ်နှစ်တစ်ကြိမ် စာစစ်လာကြရသည်။ ထိုစဉ်က ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းအတွင်း ဘွဲ့နှင်းသဘင်နှင့် ကပ်လျက်မှာ ရှိသည်။

ကျွန်မ ကံကောင်းပြန်ပါသည်။ ကျွန်မ စာစစ်တာဝန်ကို ရန်ကုန်မြို့ထဲမှ မလာရပါ။ ကျွန်မ၏အစ်မဖြစ်သူ ဒေါ်မြမြဝင်း (မြန်မာစာ ပါမောက္ခ-ငြိမ်း)မှာ ရန်ကုန်တက္ကသိုလ် ကျောင်းဝင်းအတွင်း အင်းလျားအဆောင်မှူး တာဝန်ယူစဉ်ကာလဖြစ်လို့ပါ။ အဓိပတိလမ်းမှနေ့စဉ် ဖြတ်လို့ စီးပွားရေးတက္ကသိုလ် စာစစ်ရမည့်ဌာနသို့ သွားကာ တာဝန်ထမ်းဆောင်ရသည်။ ကျွန်မနဲ့ အဓိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်ရဲ့ မြင်ကွင်းများ၊ ပုံရိပ်များအဆက်မပြတ်ခဲ့ပါ။ ကျွန်မအလယ်တန်းကျောင်းအုပ်တာဝန်မယူမီ နှစ် (၂၀) နီးပါး ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းမပေါ် လျှောက်လှမ်းလို့ နိုင်ငံ့တာဝန်ထမ်းခဲ့ရတဲ့အတွက် ကျွန်မသည် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် ဆင်နွှဲနိုင်သူထဲက တစ်ဦးပါလို့ တင်စားဝင့်ကြွားဂုဏ်ယူလိုစိတ်ဖြင့် ခံစားတင်ပြအပ်ပါသည်။

**(၁၉၈၀ ပြည့်နှစ် ပညာရေးတက္ကသိုလ် ကျောင်းဆင်း အင်းလျားဆောင် ကျောင်းသူဟောင်းများကိုယ်စား ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့်အား ကြိုဆိုဂုဏ်ပြုပါသည်။)**



## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်း - ဒေါ်မြမြသင်း
၂၉-၆-၁၉၅၆ ရက်နေ့တွင် မွေးဖွားသည်။

- တက္ကသိုလ်ဝင်တန်းကို မြင်းခြံမြို့မှ အောင်မြင်သည်။
- ၁၉၇၆ မှ ၁၉၈၀ ပြည့်နှစ်အထိ ပညာရေးတက္ကသိုလ်တွင် တက်ရောက်ခဲ့သည်။ B.Ed (စနစ်သစ်၊ ဝိဇ္ဇာ) ဘွဲ့ရရှိသည်။
- ၁၇-၉-၁၉၈၁ ရက်နေ့မှစ၍ အထက (၁) မြင်းခြံမြို့တွင် အထက်တန်းပြ တာဝန်ထမ်းဆောင်ခဲ့သည်။
- ၂၀၀၁ မှ ၂၀၁၆ ခုနှစ်အထိ အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူး တာဝန်အဆင့်ဆင့် ထမ်းဆောင်သည်။
- ၂၀၁၆ ခုနှစ်တွင် ဒဂုံမြို့နယ် ပညာရေးမှူး ရာထူးဖြင့် အငြိမ်းစားယူသည်။
- သင်း (ပညာရေးတက္ကသိုလ်) အမည်ဖြင့် သင်ရိုးကုန် (ဘောဂဗေဒ) စာအုပ်များရေးသား ပြုစုခဲ့သည်။

# ကျွန်တော် အစဉ်လေးစားရသော ရန်ကုန်တက္ကသိုလ်

**ဇင်မင်းစိုး (ဗိုလ်ကလေး)**

**ရန်ကုန်တက္ကသိုလ် မွေးနေ့**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့သည် ရန်ကုန်တက္ကသိုလ်၏ နှစ်တစ်ရာပြည့် မွေးနေ့ ဖြစ်ပါသည်။ နှစ်တစ်ရာပြည့်မှသည် နှစ်တစ်ထောင်၊ နှစ်တစ်သောင်းတိုင်အောင် တည်တံ့ခိုင်မြဲ ရှည်ကြာပါစေဟု ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

ရန်ကုန်တက္ကသိုလ်သည် သမိုင်းအစဉ်အလာ ကြီးမားသည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော တက္ကသိုလ်ကြီးလည်း ဖြစ်သည်။ ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်မွေးနေ့သည် ရန်ကုန်တက္ကသိုလ်တွင် ပညာရည်နို့သောက်စို့ခဲ့သော ကျောင်းသား ကျောင်းသူများနှင့်သာ သက်ဆိုင်သည်မဟုတ်၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောနေ့ဟုဆိုလျှင် မမှားနိုင်ပါ။

ရန်ကုန်တက္ကသိုလ်သည် မြန်မာနိုင်ငံ၏ ပညာရေး အမွေအနှစ် အဆောက်အအုံကြီး ဖြစ်သည်။ အမျိုးသားကျောင်းများကို စတင်ပေါ်ပေါက်စေခဲ့သည်၊ မြန်မာစာပေကို တစ်ဖန် နိုးထရှင်သန်စေခဲ့သည်၊ အမျိုးသားအောင်ပွဲနေ့ကို ဖြစ်ပေါ်စေခဲ့သည်၊ ထိုမှတစ်ဆင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားကာ လွတ်လပ်ရေးပါ အရယူနိုင်ခဲ့သည်အထိ သမိုင်းတန်ဖိုးကား ကြီးမားခဲ့လေသည်။

ထင်ပေါ်ကျော်ကြားသော နိုင်ငံခေါင်းဆောင် အများအပြားကိုလည်း မွေးထုတ်ပေးခဲ့သည်။ သခင်အောင်ဆန်း၊ သခင်နုမှသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် အထိပါ မွေးထုတ်ပေးခဲ့သဖြင့် ရန်ကုန်တက္ကသိုလ်၏ ဂုဏ်အဆင့်အတန်းမြင့်မားခဲ့ပုံမှာ ချီးမွမ်းစာဖွဲ့၍ပင် မကုန်နိုင်ပါ။

ထို့ကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် အမိရန်ကုန်တက္ကသိုလ်ကြီးကို ချစ် ခင်မြတ်နိုးရမည်၊ တန်ဖိုးထား ထိန်းသိမ်းရမည်၊ သမိုင်းအမွေအနှစ် ဂုဏ်ဒြပ်တို့ကို လေးစားရမည်၊ ထင်ပေါ်ကျော်ကြား အောင်မြင်မှုများအတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ပို၍ပို၍ ကာကွယ်စောင့်ရှောက်ရမည်ဟု ခံယူချက်ထားသင့်ပါသည်။

**စတင်ရင်းနှီးခဲ့သော ရန်ကုန်တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ်ရယ်လို့ ကျွန်တော် စသိခဲ့ရခြင်းမှာ တတိယတန်း မြန်မာစာမှာ သင်ခဲ့ရသော “အမျိုးသားနေ့” သင်ခန်းစာကြောင့် ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကြီး ဖြစ်တည်လာမှုနှင့် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံကို သင်ကြားခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက ဆရာမ ရှင်းပြသည့် ရန်ကုန်တက္ကသိုလ် အကြောင်းသည်



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။ ဓာတ်ပုံ-ထင်ပေါ်ဝင်း

သွေးချွေးတို့ ရင်းခဲ့ရသည့် ခေါင်းဆောင်ကြီးများ၏ ကြိုးပမ်း အားထုတ်မှုများကို ရင်နင့်စာနာဖွယ် အလွမ်းတို့ဖြင့် ပုံဖော်ရှင်းလင်း စသိခဲ့ရသည်။

ဒသမတန်း ပင်ရင်းမြန်မာ့စကားပြေတွင် အမျိုးသားပညာဝန် ဦးဖိုးကျားရေးသည့် “အမျိုးသားနေ့” စကားပြေသင်ခဲ့ရစဉ်မှာလည်း ရန်ကုန်တက္ကသိုလ်ကြီး ရုန်းကန်ဖြတ်သန်းခဲ့ရသော အတိတ်သမိုင်းတို့ကို သိရှိခဲ့ရပြီး ဘိုးဘွားတို့၏ ကျေးဇူးအနန္တကို အောက်မေ့သတိရမိပြန်ပါသည်။

ထို့နောက် မူလတန်းပြကျောင်းဆရာအဖြစ် ဖြတ်သန်းရချိန်မှာလည်း သင်ကြား သူဆရာအဖြစ် ရန်ကုန်တက္ကသိုလ် အကြောင်းကို ပြည့်ပြည့်စုံစုံ ပြန်လည် ဟောပြောရှင်းပြခဲ့ရသည်။ အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံအကြောင်း ဟောပြောရန် စာအုပ်စာပေများများဖတ်ရှုလေ့လာရင်း ပိုမိုသိရှိခဲ့ရသည်။

ကျောင်းဆရာဘဝက အမျိုးသားအောင်ပွဲနေ့အကြောင်း ဟောပြောရင်း ကလေးတစ်ယောက်နဲ့ အမေးအဖြေလေးကလည်း စိတ်ဝင်စားစရာကောင်းသလို အမှတ်တရလည်း ဖြစ်ခဲ့ရသည်။

ပညာထူးချွန်လျှင် ရန်ကုန်တက္ကသိုလ်မှာ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်တွေ သင်ယူလေ့လာဆည်းပူးခွင့်ရမှာဖြစ်ကြောင်း၊ သားတို့သမီးတို့လည်းကြိုးစားစေလိုကြောင်း ရှင်းပြချိန်မှာ ကလေးတစ်ယောက်က-

“ဆရာကျတော့ ဘာလို့ ရန်ကုန်တက္ကသိုလ်မှာ မတက်ခဲ့တာလဲ” ဟု မေးလေရာ ရုတ်တရက် ဘာပြောရမှန်း မသိအောင် ဖြစ်ရလေသည်။ နောက်မှ-

“ဆရာက … ပညာတွေ ဆက်မသင်လို့ပေါ့။ ပညာတွေဆက်သင်ရင် ရန်ကုန်တက္ကသိုလ်မှာ ပညာဆည်းပူးခွင့်ရမှာလေ”

ဟု ပြန်ဖြေမှ ရည်မှန်းချက်၊ မျှော်လင့်ချက် အပြည့်အဝဖြင့် မေးခွန်းအဖြေကို ကျေနပ်သွားလေသည်။ (အဆိုပါ ကျောင်းသားမှာ ယခု ရန်ကုန်ပညာရေးတက္ကသိုလ်မှာ ပညာဆည်းပူးနေပြီ ဖြစ်ပါသည်။)

ယခုအချိန်တွင်တော့ မူဝါဒအပြောင်းအလဲများဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်၍ အရည်အချင်းပြည့်မီပါက ရန်ကုန်တက္ကသိုလ်သို့ တိုက်ရိုက်တက်ရောက် ပညာသင်ကြားခွင့်ရရှိနေပြီဖြစ်လေသည်။ ထိုမျှမကသေး။ ကျောင်းဆောင်ပင် လျှောက်ထား နေထိုင်ခွင့်ရရှိပြီဖြစ်ရာ တက္ကသိုလ်ကျောင်းသားဘဝကို ပြည့်ပြည့်ဝဝ ခံစားပျော်ရွှင်ခွင့်ရရှိနေသည်မှာ ယနေ့ခေတ် ကျောင်းသားလူငယ်များ၏ မဟာကံထူးမှုပင် ဖြစ်ပါသည်။

**ကျင်လည်ခဲ့သော တက္ကသိုလ်ဝန်ထမ်းဘဝ**

တက္ကသိုလ်ဝန်ထမ်းဘဝကို ကူးပြောင်းရောက်ရှိခဲ့ချိန်တွင် ရန်ကုန်တက္ကသိုလ်နှင့် ပိုမိုရင်းနှီးခဲ့ရလေသည်။ မကြာမကြာလည်း ရောက်ရှိခဲ့သည်။ စာ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတွေ ရေးလေတော့ ရန်ကုန်တက္ကသိုလ်၏ သမိုင်းအစုံအလင်ကို စာပေများမှတစ်ဆင့် ပိုမိုသိရှိခဲ့ရပြီး ရိုသေလေးစားခဲ့သည်။

ရန်ကုန်တက္ကသိုလ်ထဲ ရောက်လေတိုင်း မြင်သမျှ အဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို တန်ဖိုးထား မြတ်နိုးလေးစားမိသည်။ ဒါတွေက ရှေးဟောင်းအဆောက်အအုံ၊ အမွေအနှစ်တွေပဲလို့ နှုတ်မှလည်း ရေရွတ်မိလေသည်။

တို့တွေ မမွေးဖွားခင်ကတည်းက ဖြစ်ပေါ်လာတဲ့ သမိုင်းပရိဝုဏ်ကြီးပဲ၊ အသက်သွေးချွေးတွေရင်းပြီးရခဲ့တဲ့ အောင်မြင်မှုပြယုဂ်ကြီးပဲလို့တွေးရင်း ငယ်ငယ်က သင်ကြားရင်းနှီးခဲ့သော စာကဗျာတွေကို အောက်မေ့လွမ်းမိသည်။

ကျောင်းတက်နေသော ကျောင်းသားကျောင်းသူကလေးများ၊ တာဝန်ထမ်းဆောင်နေသော ဆရာ ဆရာမများနှင့် ဝန်ထမ်းများကို မြင်ရလျှင် ရန်ကုန်တက္ကသိုလ်ကြီးမှာ ကျောင်းတက်ခွင့်ရခဲ့တာ၊ တာဝန်ထမ်းဆောင်ခွင့်ရခဲ့တာ သူတို့အတွက် ဂုဏ်ယူလိုက်တာ၊ သူတို့လည်းပဲ ဂုဏ်ယူနေကြမှာလို့ တွေးရင်း ကြက်သီးဖြန်းဖြန်းထမိလေသည်။

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ (AUG) အတွက် ပဏာမ ရွေးချယ်ထားသော အားကစားသမားများတွင် မိမိတို့ကျောင်းမှ ကျောင်းသား ကျောင်းသူများပါသဖြင့် ရန်ကုန်တက္ကသိုလ် သီရိဆောင်သို့ သွားပို့စဉ်က ကလေးတွေကို နယ်မှာထက် နှစ်ဆ ပိုကြိုးစားဖို့၊ မပျင်းရိကြဖို့၊ ဖွဲ၊ လုံ့လ၊ ဝီရိယထားဖို့၊ ဆရာ ဆရာမများစကားကို မြေဝယ် မကျနားထောင်ကြဖို့ မှာကြားရင်း-

**“ရန်ကုန်တက္ကသိုလ် အဆောင်တွေမှာ ခိုလှုံခွင့်ရတာ မင်းတို့ ဘယ်လောက် ဂုဏ်ယူဖို့ ကောင်းသလဲ၊ ငါတို့တောင် မနေခဲ့ရဖူးဘူး၊ မင်းတို့ နေခွင့်ရတာ ကံကောင်းလိုက်တာ၊ မင်းတို့ ကြိုးစားကြနော်”**

ဟု မိမိအဖြစ်နှင့် နှိုင်းယှဉ်ပြီး အားပေးခဲ့ဖူးသည်။ ကလေးတွေကလည်း အံကြိတ်ပြီး “ကြိုးစားပါ့မယ်”ဟု တညီတညွတ်တည်း ပြန်ဖြေကာ အပြောနှင့်အလုပ် တစ်ထပ်တည်းကျအောင် AUG အားကစား ပြိုင်ပွဲမှာ ဆုများ ရယူပေးခဲ့ကြလေရာ အမှတ်တရများစွာပင် ဖြစ်လေသည်။

တစ်နှစ်တစ်ခါ အပြောင်းအရွှေ့ထွက်သော တက္ကသိုလ် ဆရာ၊ ဆရာမ ရပ်ဝန်းတွင်လည်း ရန်ကုန်တက္ကသိုလ်သို့ အပြောင်းအရွှေ့ တာဝန်ကျလျှင် ထိုအပြောင်းအရွှေ့ကျသော ဆရာ ဆရာမများသည် ပို၍ ပျော်ရွှင်မြူးထူးနေပုံရသဖြင့် -

“ဘယ်နှယ့် ဆရာမ …ရန်ကုန်တက္ကသိုလ် တာဝန်ကျလို့ ပျော်နေပြီလား” လို့ မေးမိသည်။

“မိန်းထဲ ပြန်ကျဖို့ဆိုတာ အလွန်ကံကောင်းမှလေ … ပျော်တာပေါ့” ဟု ပြန်ဖြေတတ်ကြသည်။ ပျော်သည်ထက် ဂုဏ်ယူကြသည့် ဆရာ၊ ဆရာမများက ပို၍ များသဖြင့် မုဒိတာထား ပီတိပွားရလေသည်။ သူတို့သည်လည်း သမိုင်းထဲက ရန်ကုန်တက္ကသိုလ်ကြီးကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြပေလိမ့်မည်။

**နိုင်ငံဂုဏ်ဆောင် တက္ကသိုလ်**

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ကာလတွင် အမိတက္ကသိုလ်ကြီး၏ ရာပြည့်သဘင်ကို အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်း ဂုဏ်ပြု မြှင့်တင်ပေးကြသကဲ့သို့ ရန်ကုန်တက္ကသိုလ်ကြီးအား အနာဂတ်ကာလတွင် နိုင်ငံတကာအလယ်၌ အကောင်းဆုံး တက္ကသိုလ်ကြီးဖြစ်လာစေရေးကို မျှော်မှန်း၍ ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဂုဏ်မြှင့်ပေးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဂုဏ်ဆောင်၊ မြန်မာတစ်မျိုးသားလုံးက အမြတ်တနိုးတန်ဖိုးထားသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် သမိုင်းကြောင်းတစ်လျှောက် နိုင်ငံသားများအား ပညာအမွေပေးဝေခဲ့ပြီး နိုင်ငံတော်၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ ဂုဏ်ဒြပ်မြင့်မားရေးအတွက်ပါ တာဝန်ကျေပွန်စွာ ထမ်းပိုးဆောင်ကြဉ်းပေးခဲ့ပြီ ဖြစ်ပါသည်။

ကျွန်တော်တို့ မျိုးဆက်သစ်များအနေဖြင့်လည်း အမိရန်ကုန်တက္ကသိုလ်ကြီး၏ ကောင်းကျိုးတရားများကို ရှေးရှု၍ နိုင်သည်ဘက်မှ နိုင်ရာဝန်များကို ထမ်းကာ စွမ်းစွမ်းတမံ ကြိုးစားသယ်ပိုး အားထုတ် ဂုဏ်မြှင့်သင့်ပါကြောင်း မှတ်တမ်းတင် ရေးသားတိုက်တွန်းလိုက်ရပါတော့သည်။ ။

**“မြန်မာနိုင်ငံ၏ ဂုဏ်ဆောင်၊ မြန်မာတစ်မျိုးသားလုံးက အမြတ်တနိုးတန်ဖိုးထားသည့် ရန်ကုန်တက္ကသိုလ်ကြီးသည် သမိုင်းကြောင်းတစ်လျှောက် နိုင်ငံသားများအား ပညာအမွေပေးဝေခဲ့ပြီး နိုင်ငံတော်၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ ဂုဏ်ဒြပ်မြင့်မားရေးအတွက်ပါ တာဝန်ကျေပွန်စွာ ထမ်းပိုး ဆောင်ကြဉ်းပေးခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့ မျိုးဆက်သစ်များအနေဖြင့်လည်း အမိရန်ကုန်တက္ကသိုလ်ကြီး၏ ကောင်းကျိုးတရားများကို ရှေးရှု၍ နိုင်သည်ဘက်မှ နိုင်ရာဝန်များကို ထမ်းကာ စွမ်းစွမ်းတမံ ကြိုးစားသယ်ပိုး အားထုတ်ဂုဏ်မြှင့်သင့်ပါကြောင်း”**



**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

- အမည်ရင်းမှာ ဦးဇင်မင်းစိုး ဖြစ်သည်။
- အဖ ဦးစိုးမြင့်၊ အမိ ဒေါ်မြင့်မြင့်စန်းတို့မှ ၃၁-၁-၁၉၈၉ ရက်နေ့တွင် မွေးဖွားခဲ့သည်။ မွေးချင်း ရှစ်ဦး ရှိသည်။
- တာဝန်ထမ်းဆောင်မှု- ကျောင်းဆရာဘဝမှ တက္ကသိုလ်ဝန်ထမ်းဘဝကို ကူးပြောင်း တာဝန် ထမ်းဆောင်ရင်း စာပေ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုများကို ရေးသားလျက်ရှိပါသည်။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ပြုစုရေး ကျောင်းသားသမဂ္ဂများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒုတိယနေ့ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ပြုစုရေးအတွက် ကျောင်းသားသမဂ္ဂများ၊ ကျောင်းသား ကျောင်းသူများနှင့် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) မှ ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းသားသမဂ္ဂများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား ကျောင်းသူများ၊ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြသည်။

### အမှာစကားပြောကြား

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ၂၁ ရာစု နည်းပညာ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်သည့်ခေတ်ဖြစ်ကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်သည့် ခေတ်ဖြစ်သည့်အလျောက် စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းအခြေအနေများ ပြောင်းလဲခဲ့ပါကြောင်း၊ အထူးသဖြင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် အလုပ်အကိုင်ကောင်းများ ရရှိရန်အတွက် ၂၁ ရာစု ကျွမ်းကျင်မှုများနှင့် မလုံလောက်တော့ကြောင်း၊ ၂၀၁၆ ခုနှစ်က ထုတ်ဝေသော Learning Generation စာအုပ်၌ နည်းပညာဖွံ့ဖြိုးတိုးတက်သည့်အတွက် ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင် ၄ ဘီလီယံ တိုးမြင့်ခဲ့ပြီး ယင်းတို့အနက် ၂ ဘီလီယံမှာ Automation Technology၊ Artificial Intelligence၊ Big Data၊ Robotics နှင့် Internet of Things များကြောင့် ကျောင်းသားကျောင်းသူများ မျှော်မှန်းထားသကဲ့သို့ အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည် မဟုတ်ဘဲ ရှိနေသည့် ၄ ဘီလီယံမှ ထက်ဝက်ကျော်မှာ ပျောက်ကွယ်သွားနိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ အလုပ်အကိုင်ကောင်းများရရှိရန် High Level Skills များ လိုအပ်ပါကြောင်းနှင့် ယင်းကျွမ်းကျင်မှုများ ရရှိရန်အတွက် အရည်အသွေးရှိသော ပညာရေးကသာ ပံ့ပိုးပေးနိုင်ပါကြောင်း၊ High Level Skills ရှိသူများမှာ အလုပ်အကိုင်ကောင်းများ ရရှိပြီး ဝင်ငွေကောင်းမည်ဖြစ်ပါကြောင်း၊ လူအများစု အလုပ်အကိုင်ကောင်း မရရှိပါက လစာဝင်ငွေမကောင်းသဖြင့် မညီမျှမှုများ ဖြစ်လာနိုင်ပါကြောင်း၊ ဆိုးရွားလှသော မညီမျှမှုများကို လျှော့ချပေးနိုင်ခြင်းနှင့် ကျောင်းသား ကျောင်းသူများ၏ အနာဂတ်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်ခြင်းကို ဆောင်ကြဉ်းပေးနိုင်သည်မှာ အရည်အသွေးရှိသော ပညာရေးပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အရည်အသွေးရှိသော ပညာရေးမှာ မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာတစ်ဝန်းအတွက်ပါ အရေးကြီးသည်ဟု အလေးအနက်ပြောကြားလိုပါကြောင်း။

### အရည်အသွေးရှိသော ပညာရေး

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးအတွက် Stakeholders ၂၅ ဖွဲ့နှင့် နေ့စဉ်တွေ့ဆုံဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ ဤစီမံကိန်းတွင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ၏ အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကဏ္ဍ၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရည်မှန်းချက်ပန်းတိုင်များ ကဏ္ဍ၊ စီးပွားရေးတိုးတက်မှုအတွက် ပညာရေး (၂၀၃၀) ကဏ္ဍ၊ အခြေခံပညာရေးကဏ္ဍ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုကဏ္ဍ၊ စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးမြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှု ကဏ္ဍတို့ကို ထည့်သွင်းရေးဆွဲထားပါကြောင်း၊ အခြေခံပညာ၊ နည်းပညာ၊ သက်မွေးပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် ကျောင်းဝင်ခွင့်အခွင့်အလမ်း၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု၊ စစ်ဆေးအကဲဖြတ်ခြင်း၊ စီမံခန့်ခွဲမှုနှင့် အရည်အသွေးအာမခံမှု၊ ဘဏ္ဍာငွေ၊ နိုင်ငံတကာမိတ်ဖက်ဆက်ဆံရေး စသည့်ခေါင်းစဉ်များဖြင့် ထည့်သွင်းရေးဆွဲလျက် အရည်အသွေးရှိသော ပညာရေးကို ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

### ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်

သမားရိုးကျပညာရေးစနစ် (Traditional Education System) ဆိုသည်မှာ လူနည်းစုမှ ဆုံးဖြတ်၍ ဗဟိုမှထိန်းချုပ်ပါကြောင်း၊ ကျောင်းသားများမှာ ဆရာမှ သင်ကြားသည့် စာများကို အလွတ်ကျက်မှတ်ရပြီး ကျောင်းအုပ်များနှင့် ပါမောက္ခချုပ်များက စီမံခန့်ခွဲပါကြောင်းနှင့် သင်ရိုးများနှင့် စာမေးပွဲစစ်ဆေးအကဲဖြတ်မှုများမှာ ပုံသေစံသတ်မှတ် (Standardized) ထား၍ ပညာရေးမှာ စာမေးပွဲရမှတ်များပေါ်တွင်သာ အခြေခံပါကြောင်းနှင့် အပေါ်ယံသင်ယူခြင်းသာဖြစ်ပါကြောင်း၊ ယခင်နှစ်အထိ New Normal Education System ဖြင့် သင်ကြားသည့်အတွက် သင်ရိုးများမှာ Non Linear ဖြစ်ပါကြောင်း၊ အကဲဖြတ်မှုများသည်လည်း Academic Performance အပေါ် ဦးစားပေးပြီး အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများမှာ အရေးကြီးသကဲ့သို့ Soft Skills များဖြစ်သည့် သဘောထားအမြင်များနှင့် တန်ဖိုးထားမှုများ၊ EQ Personal Skills များ၊ Emotional Skills များ၊ Social Skills များမှာ အရေးပါလာပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိနှင့်အတူ မိမိဒေသ၊ ပြည်ထောင်စုနှင့် ကမ္ဘာကြီးကို တန်ဖိုးထားရန် လိုအပ်ပါကြောင်း၊ နောက်ခံအခြေအနေနှင့် မျှော်မှန်းရလဒ်များ မတူညီသည့်အတွက် ပညာရေးတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းဖြင့် ဆုံးဖြတ်၍မရဘဲ စုပေါင်းအင်အား Shared Accountability and Responsibility၊ Shared Value၊ Shared Decision Making များဖြင့်သာ တစ်သက်တာသင်ယူမှု အခွင့်အလမ်းများရရှိရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်၌ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဒစ်ဂျစ်တယ်နည်းပညာများနှင့်အတူ ပေါင်းစပ်သင်ယူမှု (Blended Learning) ဖြင့် သင်ကြားမှုသည် New Normal Education ၏ သင်ယူမှုများဖြစ်ပါကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပူးပေါင်းပါဝင်မှုမှာ အရေးကြီးပါကြောင်း၊ ရိုးသားမှုသည် အောင်မြင်မှု၏အခြေခံဖြစ်ပြီး ရိုးသားမှု၊ တည်ငြိမ်မှု၊ ကြိုးစားမှုဖြင့် နက်နက်နဲနဲသင်ယူရန် အရေးကြီးပြီး သင်ယူရာတွင်လည်း ဘေးကင်းလုံခြုံ၍ ကျန်းမာပျော်ရွှင်ရန်နှင့် အရည်အသွေးရှိသောဝန်းကျင်ကောင်းလိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်သာယာဝပြောရေးနှင့် ၂၁ ရာစု ကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန် အရေးကြီးပါကြောင်း၊ အရည်အသွေးရှိသော ပညာရေးစနစ်ကို အကောင်အထည်ဖော်ရာ၌ Monitoring and Evaluation မှာ အရေးကြီးသကဲ့သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် တိုင်းရင်းသားပြည်သူများ၏ ဝေဖန်အကြံပြုချက်များသည်လည်း အရေးကြီးပါကြောင်း၊ လက်တွေ့ကျစွာ၊ ထိရောက်အကျိုးရှိစွာ၊ အရည်အသွေးကောင်းစွာ လုပ်ငန်းခွင်၊ လူမှုဘဝ၊ ကမ္ဘာကြီးနှင့် လိုက်လျောညီထွေရှိစေရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာနှင့် လိုက်လျောညီထွေမှုရှိစေသည့် ပညာရေးကို အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

### အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်

ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးရေးပန်းတိုင် (SDGs) ၌ ကဏ္ဍ ၁၇ ခုပါရှိပြီး အရည်အသွေးရှိသော ပညာရေးစနစ်သည် ကဏ္ဍ ၄ တွင် ပါရှိပါကြောင်း၊ Organization for Economic Cooperation and Development (OECD) ၏ Future of Education and Skills (2030) ၌ လူငယ်များ၏ အနာဂတ်ဘဝလှပ၍ ဂုဏ်သိက္ခာရှိစွာဖြင့် နေထိုင်နိုင်ရန်အတွက် လိုအပ်သည့်ပညာရေးစနစ်နှင့် ကျွမ်းကျင်မှုများကို ဖော်ပြထားပါကြောင်း၊ ယင်းဖော်ပြချက်များနှင့် လိုက်လျောညီထွေဖြစ်စေမည့် ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲမှသာ လက်တွေ့ကျ၍ ထိရောက်အကျိုးရှိပြီး အရည်အသွေးရှိသော ပညာရေးစနစ်ဖြစ်စေရန် အမျိုးသား ပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ကာလမှာ ၁၀ နှစ် ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၀) ကို အကောင်အထည်ဖော်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူမရှိရေး၊ သင်ယူမှုမဆုံးရှုံးစေရေးနှင့်အညီ ဆောင်ရွက်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီမှု၊ အပြုသဘောဆောင်သည့် သဘောထားနှင့် တန်ဖိုးထားမှုများဖြင့် ကမ္ဘာ့လူသားကောင်းဖြစ်ရန်၊ အသင်းအဖွဲ့ စိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် အကောင်းဆုံး တာဝန်ကျေပွန်စွာ လုပ်ဆောင်ခြင်းဖြင့် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်နှင့်အတူ ဆန်းသစ်တီထွင်ဖန်တီးနိုင်သော စွမ်းရည်ရရှိစေရန် သင်ယူသူတိုင်းကို တစ်သက်တာ သင်ယူမှုအခွင့်အလမ်းရရှိရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ပညာရေးတွင် အဂတိကင်းမှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ ထိရောက်အကျိုးရှိမှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုပါကြောင်းနှင့် ပညာရေးတွင် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာကို အကျိုးရှိစွာဖြင့် လုပ်ထုံးလုပ်နည်း၊ ဥပဒေ နည်းဥပဒေများ၊ စာရင်းစစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်နှင့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန် အရည်အသွေးရှိ အသုံးချသုတေသနများ ဆောင်ရွက်ခြင်း၊ ပြည်တွင်း ပြည်ပ သုတေသနဂျာနယ်များတွင် ရေးသားရန်လိုအပ်ကြောင်း၊ သုတေသနရလဒ်များအပေါ် အခြေခံ၍ နည်းပညာလွှဲပြောင်းပေးခြင်း၊ သီအိုရီနှင့် လက်တွေ့လုပ်ငန်းခွင်ပေါင်းစပ်၍ လုပ်ငန်းခွင်နှင့် လိုက်လျောညီထွေဖြစ်စေရန် စွမ်းဆောင်ရည်မြှင့်ပေးခြင်းဖြင့် မိမိ၊ ပြည်ထောင်စု၊ အာဆီယံဒေသနှင့် ကမ္ဘာအတွက် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

### စွမ်းဆောင်ရည် မြှင့်တင်ပေး

စဉ်းစားတွေးခေါ်မှုနှင့် ပြဿနာကို ဖြေရှင်းနိုင်သော သင်ကြားသင်ယူမှု နည်းလမ်းများ၊ စစ်ဆေးအကဲဖြတ်မှု၊ ဝန်ထမ်းစီမံခန့်ခွဲရေး၊ ဘဏ္ဍာငွေကို အကျိုးရှိထိရောက်အောင် စီမံခန့်ခွဲမှု စသည့်သင်တန်းများပေးခြင်းဖြင့် ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရမည်ဖြစ်ပါကြောင်း၊ နည်းပညာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းရာတွင် တိုင်းရင်းသားဒေသများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အခက်အခဲနှင့် လိုအပ်ချက်များကို ဦးစားပေးအလိုက် ဖြည့်ဆည်းပေးမည်ဖြစ်ပါကြောင်း၊ မည်သည့်ခွဲခြားမှုမျှမရှိဘဲ လူတိုင်းအကျုံးဝင်ပညာရေးဖြစ်ရန် ပညာသင်ဆုများနှင့် ပညာသင် ထောက်ပံ့ကြေးများချီးမြှင့်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားပညာရေး အရည်အသွေးမူဘောင် (National Qualification Framework- NQF) အရ တစ်သက်တာသင်ယူမှုအခွင့်အလမ်းကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်၊ ခရက်ဒစ်လွှဲပြောင်းမှုစနစ် (Credit Transfer System)၊ မူဝါဒနှင့် စံသတ်မှတ်ချက်၊ အရည်အသွေးအာမခံမှု (Quality Assurance)၊ Internal Quality Assurance၊ External Quality Assurance နှင့် Accreditation အရေးကြီးပါကြောင်း၊ High-Teach Learning၊ High-Touch Learning နှင့် Blended Learning တို့ကို အသုံးပြုပြီး တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများ ရရှိစေခြင်းဖြင့် ၂၁ ရာစု ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးရမည် ဖြစ်ကြောင်း။

### ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်

ပညာရေးကဏ္ဍတွင် အောင်မြင်မှုရရှိစေရန် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းရင်းသားများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ အကြံပြုချက်၊ သုံးသပ်ဆွေးနွေးချက်များနှင့် ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်းနှင့် တန်ဖိုးထားပါကြောင်း၊ ကူညီတတ်သည့်နှလုံးသား၊ အပြုသဘောဆောင်သည့် သဘောထား၊ ကရုဏာစိတ်တို့ဖြင့် မိမိတက္ကသိုလ်၊ ဒေသ၊ ပြည်ထောင်စု၊ အာဆီယံဒေသနှင့် ကမ္ဘာကြီး အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြရာ တက်ရောက်လာသူများက ရင်းနှီးပွင့်လင်းစွာ မေးမြန်း၊ ဆွေးနွေး၊ အကြံပြုခဲ့ကြပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**

ကသာခရိုင် ဗန်းမောက်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မျိုးဦး ဦးစီးသောအဖွဲ့၊ စခန်းမှူးဒုရဲမှူး ခိုင်စိုးထွန်း ဦးစီးသောအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်မူး/တားအဖွဲ့၊ စည်ပင်အဖွဲ့တို့ ပူးပေါင်းပြီး ဒီဇင်ဘာ ၂၃ ရက်က ဗန်းမောက်မြို့ ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

လှုအောင် (ကသာ)



ဒီဇင်ဘာ ၂၄ ရက်က ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် ရွှေသဇင်ဈေးသို့ လာရောက်သည့် ဈေးရောင်း/ ဈေးဝယ်များအား ဘုရားကုန်းမြို့မရဲစခန်းမှ ရဲအုပ်မြင့်စိုး ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဈေးစည်ပင်တာဝန်ခံ ဦးမျိုးနိုင်နှင့် အဖွဲ့တို့ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကာ နှာခေါင်းစည်းများ ဝေပေးစဉ်။ မောင်မွှေး



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Myanmar၊ Korea Desk ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၂၄**
Korea Desk ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က Video Message ပေးပို့၍အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိန်ခေါ်မှုများနှင့်အကန့်အသတ်များ ကြုံတွေ့နေရသည့် အခြေအနေကြားမှ Korea Desk အား ဖွင့်လှစ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ကိုရီးယားနှင့် မြန်မာနှစ်နိုင်ငံမှ တာဝန်ရှိသူများကို ကျေးဇူးတင်ရှိပါကြောင်း။

ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံဘက်မှ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကိုရီးယားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးအေဂျင်စီ (KOTRA) တို့အကြား Korea Desk ထူထောင်ရန် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းဖြစ်ပါကြောင်း။

Korea Desk ထူထောင်သည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြသော ကိုရီးယားစီးပွားရေးလုပ်ငန်းများအတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ မျှဝေပေးရန်၊ ကိုရီးယားကုမ္ပဏီများ ကြုံတွေ့နေရသော အခက်အခဲများကို ကူညီပူးပေါင်းဖြေရှင်းပေးရန်နှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်နိုင်ရန်၊ ကိုရီးယားကုမ္ပဏီများ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်၊ မြန်မာစီးပွားရေးလုပ်ငန်းများနှင့် ပို့ကုန်တင်ပို့သူများအတွက် ကိုရီးယား ဈေးကွက်ရရှိရေးတို့အတွက် ပံ့ပိုးကူညီပေးရန် ဖြစ်ပါကြောင်း။

Korea Desk အနေဖြင့် ကိုရီးယားနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုသတင်းအချက်အလက်များ၊ လုပ်ငန်းလမ်းညွှန်များ မျှဝေပေးနိုင်မည်ဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စေရန် အထောက်အကူပြုပေးနိုင်မည်ဖြစ်သည့်အပြင် သက်ဆိုင်ရာအစိုးရဌာနများ၊ အေဂျင်စီများနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်နိုင်ရေး ချိတ်ဆက်ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် ၁၇ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သော်လည်း လယ်ယာကဏ္ဍ၊ နည်းပညာ၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးနှင့် ကုန်ထုတ်ကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ကုန်စည်ကုန်သွယ်ရေးသာမက ဝန်ဆောင်မှုကုန်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်တွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်သော ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်ဖြစ်သည့် Regional Comprehensive Economic Partnership (RCEP) တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် အာဆီယံအပါအဝင် ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေးအတွက် အခွင့်အလမ်းဖြစ်ပြီး အလုပ်အကိုင်များလည်း ပိုမိုဖန်တီးပေးနိုင်တော့မည် ဖြစ်ပါကြောင်း၊ သို့သော် တစ်ဖက်တွင်လည်း စီးပွားရေးဆိုင်ရာယှဉ်ပြိုင်မှုများ ပိုမိုမြင့်တက်လာတော့မည်ဖြစ်၍ ပြည်တွင်းလုပ်ငန်းများအနေဖြင့် ကြိုတင်လေ့လာ၍ ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

Korea Desk (MYANTRADE) ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ International Trade Centre (ITC) တွင်လည်းကောင်း၊ Korea Desk (DICA) ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ One Stop Service (OSS) ရုံးတွင်လည်းကောင်း ဖွင့်လှစ်ထားရှိပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် သတင်းအချက်အလက်များ ပံ့ပိုးပေးလျက်ရှိသည်။

အဆိုပါ Korea Desk ဖွင့်ပွဲအခမ်းအနားသို့ ကိုရီးယားသမ္မတနိုင်ငံဘက်မှ သမ္မတရုံး စီးပွားရေးအကြံပေး Mr. Park Bok-yeong၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး၊ KOTRA နှင့် KOCHAM တို့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Myanmar၊ Korea Desk ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ သတင်းစဉ်



# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများအတွက် ကျပ်သိန်း ၃၅၀၀ ကျော်တန်ဖိုးရှိ Oxygen Plant နှင့် ကိုဗစ်-၁၉ ကာကွယ်ကုသရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**
ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီလျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးများ၊ မြို့နယ်ပြည်သူ့ဆေးရုံများအတွက် ငွေကျပ်သိန်း ၃၅၀၀ တန်ဖိုးရှိ Oxygen Plant နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးပစ္စည်းများကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် သွားရောက်လှူဒါန်းခဲ့သည်။

ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်ထံသို့ သွားရောက်တွေ့ဆုံကာ ကိုဗစ်-၁၉ ကာကွယ်ကုသရေးပစ္စည်းများ လှူဒါန်းခဲ့ပြီး လှူဒါန်းသည့်ပစ္စည်းများကိုလည်း သက်ဆိုင်ရာ ပြည်သူ့ဆေးရုံကြီးများထံသို့ လိုက်လံပို့ဆောင်လှူဒါန်းခဲ့သည်။ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် ရောဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ လပွတ္တာ၊ မအူပင်၊ ဖျာပုံမြို့များရှိ အထွေထွေရောဂါကုဆေးရုံကြီးများ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ရေကြည်မြို့နယ်များမှ ပြည်သူ့ဆေးရုံကြီးများအတွက် Oxygen Plant တစ်လုံး၊ Patient Monitor + Bed + Table + Cabinet အစုံအလင်ပါ HDU ခုတင် ၃၆ စုံ၊ PAPR ၃၇ စုံ၊ ECG ၁၇ လုံး၊ Syringe Pump ၄၂ လုံး၊ HFNC စက် ၁၀ လုံး၊ Surgical Mask အခုရေ ၁၃၅၀၀၀ အစရှိသည့် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၅၀၀ ကျော်ရှိသော ကာကွယ်ကုသရေးပစ္စည်းများကို လှူဒါန်းခြင်းဖြစ်သည်။

ရောဝတီဖောင်ဒေးရှင်းသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်အတူလက်တွဲ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့်မတ်လကတည်းက ရောဂါကာကွယ်ကုသရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေသည့်အပြင် ရောဝတီတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ လိုအပ်သည့်နေရာများသို့ ရောဂါကာကွယ်ကုသရေးပစ္စည်းများအား လှူဒါန်းပေးလျက်ရှိသည်။

ထို့ပြင် ရောဂါကူးစက်မှုမြင့်တက်လာသည့် အချိန်တွင် ရောဂါကူးစက်ခံထားရသူများအား ကုသပေးရန် ခုတင် ၁၀၀၀ ဆံ့ ရောဝတီစင်တာ (ရန်ကုန်) နှင့် ခုတင် ၃၇၅ ဆံ့ ရောဝတီစင်တာ (မန္တလေး) အား တည်ဆောက်ပေးခဲ့သည့်အပြင်လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ နေ့စဉ်စားသောက်နေထိုင်မှုများအား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ - ကိုမိုး**

# ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၄**
နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၂ ဦးအား တိုကျိုမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် (၁၆) ကြိမ်မြောက် All Nippon Airway (ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား စင်ကာပူရှိ မြန်မာသံရုံးမှ စီစဉ်သည့်(၃၂) ကြိမ်မြောက် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှုခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**



✻ *ကျောဖုံးမှ*
အသင်းသားများအား ပထမအကြိမ်အနေဖြင့် သုံးရက်၊ ဒုတိယအကြိမ် ငါးရက်၊ တတိယအကြိမ်နှစ်ပတ် ဒိုင်ဝင်ခွင့်ပိတ်မည်ဖြစ်ပါကြောင်း၊ ရောင်းဝယ်သူများအနေဖြင့် စာပွဲခုံ တစ်ခုံနှင့်တစ်ခုံကြား ခြောက်ပေကွာထားရှိမည်ဖြစ်ပြီး၊ စားပွဲခုံတစ်ခုံလျှင် ရောင်းသူ/ဝယ်သူ သုံးဦးသာ ရောင်းဝယ်ခွင့်ပြုမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဆောင်းရာသီသီးနှံဖြစ်သည့် ပဲအမျိုးမျိုးနှင့် အခြားသီးနှံများလည်း ပေါ်ပြီဖြစ်သောကြောင့် အွန်လိုင်းနှင့် အရောင်းအဝယ်ပြုလုပ်ရာတွင် ကုန်စည်စီးဆင်းမှုနှေးကွေးခြင်းများဖြစ်ပေါ်သည့်အတွက် ကုန်စည်စီးဆင်းမှုလျင်မြန်စေရန်နှင့် တောင်သူများ ဈေးနှုန်းမှန်ကန်စွာရရှိစေရေး ပြန်လည်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ အလားတူ ကုန်စည်ဒိုင်အတွင်းရှိ စားသောက်ဆိုင်များဖွင့်လှစ်ခွင့် မပြုသေးကြောင်း၊ မုံရွာကုန်စည်ဒိုင် သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဦးတင်ကိုကိုက ပြောသည်။

**မွေးကြူဇင်**

# အင်္ဂလန်နိုင်ငံ၌ ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်နှစ်ခု ထပ်မံတွေ့ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၄**

အင်္ဂလန်နိုင်ငံ၌ နောက်ထပ် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်နှစ်ခု ထပ်မံတွေ့ရှိခဲ့သဖြင့် နိုင်ငံအရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းရှိဒေသများကို သတိပေးအဆင့် အမြင့်ဆုံးဖြစ်သည့် အဆင့်-၄ ကန့်သတ်ချက်သို့ ထည့်သွင်းလိုက်ကြောင်း ကျန်းမာရေးဝန်ကြီး မတ်ဟန်ကွတ် က ဒီဇင်ဘာ ၂၃ ရက်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့မှုကို တားဆီး၊ ထိန်းချုပ်ရာတွင် အက်စ်ဆက်စ်ပြည်နယ်ရှိ ဆူးဆက်စ်၊ အောက်စ်ဖို့ရှိုင်းယား၊ ဆက်ဖ်ဖော့ဖ်၊ နော့သ်ဖော့ဖ်၊ ကိန်းဘရစ်ရှိုင်းယားစသည့် စီရင်စုများသည် လတ်တလောတွင် ကန့်သတ်ချက် အတင်းကျပ်ဆုံးအဆင့်တွင် မပါဝင်သေးသော်လည်း ဆာရေးစီရင်စုရှိ ဝေ့ဗာလေးနယ်မြေနှင့် ဟမ့်ရှိုင်းယားစီရင်စုများကို ခရစ္စမတ်ပြီး နောက်တစ်နေ့ဖြစ်သည့် ဒီဇင်ဘာ ၂၆ ရက်တွင် ကန့်သတ်ချက် အဆင့်-၄ အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ဟန်ကွတ်က ဒေါင်းနင်းလမ်း အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဘရစ်စတိုး၊ ဂလူဆက်တာရှိုင်းယား၊ ဆိုးမားဆက်၊ ဆွင်ဒန်၊ သည်အိုင်းအော့ဖ်ဝိုက်၊ သည်နယူးဖောရက်စ်နှင့် နော်သမ်တန်ရှိုင်းယားတို့အပြင် ချက်ရှိုင်းယားနှင့် ဝါရင်တန်စသည့်နယ်မြေများတွင် ကန့်သတ်ချက်အဆင့်-၃ သတ်မှတ်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထပ်မံတင်းကျပ်လိုက်သော ဆောင်ရွက်ချက်များအရ ကန့်သတ်ချက်အဆင့်-၄ ဒေသတွင် နေထိုင်သူများသည် ကန့်သတ်ထားသော ခြွင်းချက်များနှင့်အတူ နေအိမ်၌ပင် နေထိုင်ရမည်ဖြစ်သည်။



လန်ဒန်မြို့ရှိ ပါလီမန်အဆောက်အအုံရှေ့တွင် ဖြတ်သန်းသွားလာသူမရှိသည့် ဝက်ဘ်မင်စတာတံတားကို တွေ့ရစဉ်။

လွန်ခဲ့သည့် သီတင်းပတ်အနည်းငယ်က တောင်အာဖရိကသို့ ခရီးသွားခဲ့သူများနှင့် ထိတွေ့ခဲ့သူများတွင် နောက်ထပ် ကိုရိုနာဗိုင်းရပ်စ် မျိုးကွဲနှစ်မျိုးကို ထပ်မံတွေ့ရှိခဲ့ကြောင်း ဟန်ကွတ်က ပြောကြားလိုက်သည်။

အဆိုပါဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲများသည် ပိုမိုကူးစက်လွယ်သည့်အပြင် ကူးစက်မှုသည် အလွန်စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဗြိတိန်တွင် တွေ့ရှိခဲ့သည့် အဆိုပါကူးစက်ခံရသူများနှင့် အနီးကပ်ထိတွေ့ခဲ့သူများကို အသွားအလာကန့်သတ်နေထိုင်မှုများ ပြုလုပ်စေပြီး တောင်အာဖရိကမှ ခရီးသွားများကို အရေးပေါ်ကန့်သတ်မှုများ ပြုလုပ်ခဲ့ကြောင်း ဟန်ကွတ်က ထပ်မံပြောကြားလိုက်သည်။

ကျွမ်းကျင်သူများက အဆိုပါဗီဇပြောင်းဗိုင်းရပ်စ်သစ်အကြောင်းကို ယခုတိုင်လေ့လာနေဆဲဖြစ်ပြီး ချမှတ်ထားသည့် စနစ်သည် ဗိုင်းရပ်စ်ပျံ့နှံ့မှု ထိန်းချုပ်ရာတွင် အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း အင်္ဂလန်ပြည်သူ့ကျန်းမာရေးမှ ဒေါက်တာ ဆူဆန် ဟော့ပ်ကင်းက ပြောကြားချက်ကို ကိုးကားလျက် စကိုင်းသတင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ဆင်ဟွာ




ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ဈေးတစ်ဈေးကို တွေ့ရစဉ်။

## ထိုင်းနိုင်ငံ၌ ဒီဇင်ဘာ ၂၄ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၇ ဦးရှိလာ

**ဘန်ကောက် ဒီဇင်ဘာ ၂၄**

ထိုင်းနိုင်ငံ၌ ဒီဇင်ဘာ ၂၄ ရက်က ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားသူ ၆၇ ဦးရှိကြောင်း အတည်ပြုဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ကိုးဦးမှာ နိုင်ငံခြားပြန် ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီး၊ ထိန်းချုပ်ရန် တင်းကျပ်သည့် ဆောင်ရွက်ချက်များလည်း ချမှတ်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၄ ရက်က ကြေညာလိုက်သည်။

ဒေသအတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ၅၈ ခုတွင် သုံးခုမှာ ဘန်ကောက်မြို့အနီး ပင်လယ်စာရောင်းချသောနေရာနှင့် ဆက်စပ်မှုရှိကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ လုပ်ငန်းအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တာဝီဆင်ဝီဆာနုယိုတင်က ပြောကြားလိုက်သည်။

လွန်ခဲ့သောသီတင်းပတ်ကတည်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် နိုင်ငံ၏ ပြည်နယ် ၂၇ ခုတွင် ဖြစ်ပွားခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၁၃၀၀ ကျော်သည် ပင်လယ်စာရောင်းချသောနေရာနှင့် ဆက်နွယ်မှုရှိကြောင်း၊ အထူးသဖြင့် ရွှေ့ပြောင်းလုပ်သား ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀ သန်းကျော်ထိရှိလာ

**နယူးဒေလီ ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာ ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၄၇၁၂ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၁၂၃၇၇၈ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းထုတ်ပြန်ချက်များအရ သိရသည်။

သေဆုံးသူ ၃၁၂ ဦး ရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ သေဆုံးသူပေါင်းမှာလည်း ၁၄၆၇၅၆ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားသူများအနက် ၉၆၉၃၁၇၃ ဦး ရောဂါမှ ပြန်လည် ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းသွား ပြီဖြစ်သည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း သန်း ၁၆၀ ကျော် ပြုလုပ်ခဲ့ပြီဖြစ်သည်။

ဒီဇင်ဘာ ၂၃ ရက်အထိ ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၁၆၅၃၀၈၃၆၆ ဦး ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဒီဇင်ဘာ ၂၃ ရက် တစ်ရက်တည်း၌ ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၁၀၃၉၆၄၅ ဦး စစ်ဆေးခဲ့ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာ သုတေသနကောင်စီက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောကြားလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ အများဆုံး ကူးစက်ဖြစ်ပွားသောနေရာမှာ မြို့တော်ဒေလီ ဖြစ်သည်။ ဒီဇင်ဘာ ၂၃ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၈၇၁ ဦး ရှိပြီး သေဆုံးသူ ၁၈ ဦးရှိသည်။

မြို့တော်ဒေလီတွင် ကိုဗစ်-၁၉ ကြောင့် ယခုအချိန်အထိ လူပေါင်း ၁၀၃၄၇ ဦးသေဆုံးခဲ့ကြောင်း ဒေလီကျန်းမာရေးဌာနက ပြောကြားလိုက်သည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံ မွမ်ဘိုင်း၌ ကိုဗစ်-၁၉ စစ်ဆေးနေစဉ်။

## အဗီဂန်ဆေးကို ကိုဗစ်-၁၉ လူနာများအား ကုသရာတွင် အသုံးပြုရန် သင့် မသင့် ဆက်လက် စိစစ်မည်

**တိုကျို ဒီဇင်ဘာ ၂၄**

အဗီဂန်ဆေးကို ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာများအား ကုသရာတွင် အသုံးပြုရေးအတွက် အတည်ပြုရန် အထောက်အထားများ လုံလောက်မှု မရှိသေးကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာန အကြံပေးအဖွဲ့ဝင်များက ပြောကြားခဲ့သည်။

အဗီဂန်ဆေး၏ ဘေးကင်းစိတ်ချရမှု၊ အာနိသင်ထက်မြက်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးရန် အကြံပေးအဖွဲ့ဝင်များက တံခါးပိတ်ဆွေးနွေးခဲ့ကြသည်။ ပြီးခဲ့သည့် အောက်တိုဘာလက အဆိုပါဆေးကို ကိုဗစ်-၁၉ လူနာများအား ကုသရာတွင် အသုံးပြုရန်အတွက် အစိုးရ၏ အတည်ပြုချက်ရရှိရန် အဗီဂန်ဆေးထုတ်လုပ်သည့် Fujifilm Toyama Chemical ကုမ္ပဏီက လျှောက်ထားခဲ့ကြောင်း သိရသည်။

သို့ရာတွင် အကြံပေးအဖွဲ့က အဗီဂန်ဆေးသည် ကိုဗစ်-၁၉ ရောဂါအပေါ် ထိရောက်မှု ရှိ မရှိကို ၎င်းတို့ရရှိထားသည့် အချက်အလက်များဖြင့် ဆုံးဖြတ်ရန် မလုံလောက်ကြောင်း ပြောကြားခဲ့ပြီးဆေးကို အတည်ပြုပေးရန် မဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဝန်ကြီးဌာန၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂၄

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနသည် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာကဏ္ဍများအလိုက် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူပြည်သားများ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ သာတူညီမျှခံစားရရှိစေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို အကောင်အထည်ဖော်ရန် မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပွင့်လင်းမြင်သာ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု ပန်းတိုင်များပြည့်မီစေရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း။

**လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်**

ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် ထိုမူဝါဒအပေါ် အခြေခံ၍ လိုအပ်သော ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်များကို ကဏ္ဍအလိုက် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူများ လက်တွေ့ခံစားရရှိမှုအခြေအနေမှန်ကို သိရှိရန်ဆန်းစစ်မှုများ ပြုလုပ်ပြီး လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများအတွက် ပိုမိုထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးနှင့် နေရပ်စွန့်ခွာရသူများ ပြန်လည်နေရာချထားရေးတွင် ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသော ဘဝများကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးကိစ္စများဖြစ်သဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် တာဝန်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် Myanmar Sustainable Development Plan (MSDP) နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်၍ စိန်ခေါ်မှုအခက်အခဲများကို ဖော်ထုတ်ပြီး ရင်ဆိုင်ဖြေရှင်းရာတွင် ယခုကြုံတွေ့နေရသော ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများနှင့် နောက်ဆက်တွဲထိခိုက်မှုများကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်သဖြင့် ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်နှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် မိုင်းအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများ၊ ထိခိုက်လွယ်အုပ်စုများကို ကာကွယ်စောင့်ရှောက်ပံ့ပိုးကူညီခြင်းတို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်၍ မြေပြင်တွင် ထိရောက်အောင်မြင်မှုရှိအောင် ဦးစီးဌာနများအားလုံး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် လူကုန်ကူးခံရသူများ ထပ်မံလူကုန်ကူးမခံရအောင်၊ မူးယစ်ဆေးစွဲသူများ မူးယစ်ဆေး ထပ်မံမသုံးစွဲအောင်၊ ပြန်လည်နေရာချထားခံရပြီးသူများထပ်မံ၍ နေရပ်စွန့်ခွာခြင်းမပြုရအောင်နှင့် ထိခိုက်လွယ်အုပ်စုများ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်တည်တံ့မှု ခံစားရရှိစေရေး ရည်ရွယ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်အောင်မြင်မှုများ၊ စိန်ခေါ်မှုအခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းအကောင်အထည်ဖော်မှုများနှင့် ပတ်သက်၍ ပြည်သူများရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုများကို သာတူညီမျှခံစားရရှိနိုင်ရေး ချမှတ်ထားသော မူဝါဒ၊ ဥပဒေ မဟာဗျူဟာများနှင့်အညီ ဆောင်ရွက်ရာတွင် လိုအပ်သော သတ်မှတ်ဘဏ္ဍာရန်ပုံငွေရရှိရေးနှင့် အလေအလွင့်မရှိ စနစ်တကျသုံးစွဲရေး၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ထိရောက်သော ကူညီထောက်ပံ့မှုများရရှိရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ (၂၀၀၅)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈) တို့ကို ပြန်လည်သုံးသပ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၁) ကို Virtual Festival အွန်လိုင်းစနစ်ဖြင့် ကျင်းပနိုင်ရေး လေ့လာဆန်းစစ်သည့် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၄**

တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁) ကို ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် Virtual Festival အွန်လိုင်းစနစ်ဖြင့် ကျင်းပနိုင်ရေးလေ့လာဆန်းစစ်သည့် အကြိုညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၊ အထွေထွေအတွင်းရေးမှူး မင်းဗညားစန်းနှင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်တို့က အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

**အန္တရာယ်ကင်းရှင်းရေး အဓိကထား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားများ၏ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်များကို ပြည်ထောင်စုထာဝရငြိမ်းချမ်းရေး၊ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးရေး ရိုင်းပင်းကူညီရေး၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ်ထိန်းသိမ်းရေး၊ တောတောင်ရေမြေအလှများနှင့် တိုင်းရင်းသား ဒေသအခြေပြု ခရီးသွားလုပ်ငန်းများ အပြင် တိုင်းရင်းသားများ၏ ဒေသထုတ်ကုန်၊ ရိုးရာအဝတ်အထည်များ နိုင်ငံတကာသို့ တင်ပို့နိုင်ရေးနှင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ် ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၀ ရက်အထိ ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ဒုတိယအကြိမ်တို့ဖြင့် ပြည်ထောင်စုပွဲတော်ကဲ့သို့ တိုင်းရင်းသားများ ဆုံစည်းရာ၊ ရိုးရာယဉ်ကျေးမှုများဖော်ထုတ်ရာ ပွဲတော်များအဖြစ် ကျင်းပ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ်ပွဲတော်သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တို့က တက်ရောက် ချီးမြှင့်ခဲ့ကြပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို တစ်ကမ္ဘာလုံးရင်ဆိုင်နေရသည့် ယခုလို အခြေအနေတွင် သွေးချင်းတို့ရဲ့ ပွဲတော်ဆီကဲ့သို့ ပွဲတော်များကျင်းပ ဆောင်ရွက်သွားရန် မဖြစ်နိုင်သည့် ကာလလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းအနေဖြင့် Webinar, Facebook, MRTV စသည့်လမ်းကြောင်းဖြင့် တတိယအကြိမ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ကို ကျင်းပဆောင်ရွက်လိုကြောင်း သိရှိရသည့်အတွက် စဉ်းစားဆောင်ရွက်သင့်သည့် အချက်များဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သို့ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မည်သို့ပင်ဆောင်ရွက်စေကာမူ လူစုလူဝေးဖြစ်ပေါ်စေနိုင်သော အရာများကို လျှော့ချနိုင်သမျှ လျှော့ချရမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအတွက် ရိုးရာယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ကောင်းမွန်သော အရာများဖြစ်သော်လည်း တိုင်းရင်းသား ပြည်သူများအား ထိခိုက်စေမည့်အရာများကို ရှောင်ကြဉ်ရမည်ဖြစ်ပါ၍ တိုင်းရင်းသားများအတွက် ရည်ရွယ်ချက်များ ကောင်းမွန်မှန်ကန်သော်လည်း စဉ်းစားချင့်ချိန်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလိုကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလတွင် တိုင်းရင်းသားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးကို အဓိကထားကာ ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ဆွေးနွေးညှိနှိုင်း**

ယင်းနောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းအနေဖြင့် သွေးချင်းတို့ရဲ့ပွဲတော်ဆီကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပေါ်နေသည့် ကာလအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ်လ ၅ ရက်အထိ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ Virtual Festival အွန်လိုင်းစနစ်ဖြင့် ကျင်းပဆောင်ရွက်လိုခြင်းအား ဝန်ကြီးဌာနသို့ တင်ပြလာမှုနှင့်စပ်လျဉ်း၍ ပွဲတော်ကျင်းပ ဆောင်ရွက်နိုင်ရေးအတွက် ဖြစ်နိုင်သည့် အခြေအနေများကို လေ့လာဆန်းစစ်နိုင်ရန် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ထားရှိမှုများကို တင်ပြဆွေးနွေးညှိနှိုင်းကြရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၊ အထွေထွေအတွင်းရေးမှူး မင်းဗညားစန်းနှင့် တွဲဖက် အထွေထွေအတွင်းရေးမှူး ဒေါက်တာ အောင်ရဲဇော် တို့က တတိယအကြိမ် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၁) ကို ကိုဗစ်-၁၉ ကူးစက်ရောဂါ အခြေအနေကြောင့် မြေပြင်တွင် ကျင်းပခြင်းမပြုလုပ်ဘဲ Webinar, Facebook နှင့် MRTV စသည့် Platforms အသုံးပြု၍ အွန်လိုင်းစနစ်ဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များရှိ တိုင်းရင်းသားလုပ်ငန်းရှင် အသင်းအဖွဲ့များ၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ကြိုတင်ညှိနှိုင်းထားရှိမှု၊ စီမံချက်ရေးဆွဲထားရှိမှု၊ စီမံချက်နှင့်စပ်လျဉ်း၍ လက်တွေ့ဆောင်ရွက်သွားနိုင်မည့်အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၏ တင်ပြဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တချို့နေရာတွေ၊ တချို့ကဏ္ဍတွေမှာ ဖြေလျှော့ပေးထား



ဒီလိုပြန့်ပွားနေတဲ့အထဲက ကျွန်မတို့ တချို့နေရာတွေမှာ၊ အထူးသဖြင့် Stay At Home မဟုတ်တဲ့နေရာတွေပေါ့၊ နောက်ပြီးတော့ တချို့ကဏ္ဍတွေမှာ ကျွန်မတို့ ဖြေလျှော့ပေးပါတယ်။ ဒီလိုဖြေလျှော့ပေးရတဲ့အကြောင်းရင်းကလည်း ပြန်ပြီးတော့၊ သာမန်အနေအထားကို ပြန်ပြီးတော့ အမြန်ဆုံး ကျွန်မတို့ လုပ်နိုင်ဖို့ ကြိုးစားတာ ဖြစ်ပါတယ်။ ဥပမာဆိုရင် ပြည်တွင်းလေကြောင်းတွေကို ပျံသန်းဖို့ဟာ ကျွန်မတို့ စီစဉ်ပါပြီ။ ဒါတော့ စည်းမျဉ်းစည်းကမ်း၊ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီစွာပေါ့။ တိတိကျကျ ကျွန်မတို့လုပ်မှာ ဖြစ်ပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁–၁၂–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁၉ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၃–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၁,၅၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၁၉) ဦး တွေ့ရှိရ**ပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၄–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၈၉၄) ခု | (၁၀၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၅၆) ခု | (၂၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၅၂) ခု | (၅၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၅၁၇) ခု | (၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၆၇) ခု | (၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၇၅) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၃၄) ခု | (၁၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇၆) ခု | (၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၅၇) ခု | (၄၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၄၂) ခု | (၁၅၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၄၄၅) ခု | (၄၆၇) ဦး |
| **စုစုပေါင်း** | **(၂၁,၅၁၅) ခု** | **(၉၁၉) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးလျက်ရှိရာတွင် COVID–19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| | ၁၅–၁၂–၂၀ | ၁၆–၁၂–၂၀ | ၁၇–၁၂–၂၀ | ၁၈–၁၂–၂၀ | ၁၉–၁၂–၂၀ | ၂၀–၁၂–၂၀ | ၂၁–၁၂–၂၀ | ၂၂–၁၂–၂၀ | ၂၃–၁၂–၂၀ | ၂၄–၁၂–၂၀ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၄.၈ | ၅.၃ | ၅.၁ | ၄.၆ | ၄.၄ | ၄.၆ | ၄.၀ | ၄.၁ | ၄.၀ | ၄.၃ |

**မှတ်ချက်။** COVID–19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၁၅–၁၂–၂၀၂၀) ရက်နေ့မှ (၂၄–၁၂–၂၀၂၀) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာ အရေအတွက်မှာ အနည်းဆုံး (၂၀,၅၂၆) ခုမှ အများဆုံး(၂၄,၅၀၁) ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၂၂,၆၈၈)ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ယခုထက် ပိုမိုတိကျစွာ လိုက်နာဆောင်ရွက်ကြမှသာလျှင် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာပါမည်။

မြန်မာနိုင်ငံတွင် COVID–19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၄–၁၂–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂၁,၅၁၅) ဦး | (၁,၆၈၃,၇၄၄) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၁၉) ဦး | (၁၁၉,၇၈၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၆၀၂) ဦး | (၉၉,၉၂၇) ဦး |
| သေဆုံးလူနာ | (၂၅) ဦး | (၂,၅၃၂) ဦး |

- ယနေ့ **သေဆုံးသူ (၂၅) ဦး**မှာ ပြည်သူ့ဆေးရုံများ၊ COVID–19 ရောဂါ ကုသရေးဌာနများနှင့် တပ်မတော်ဆေးရုံများမှဖြစ်ပြီး ၎င်းတို့အနက် ရောဂါအခံရှိသူ (၁၉) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၆၀၂) ဦးတွင်–
  - ပြည်သူ့ဆေးရုံများ – (၁၆၅) ဦး
  - COVID–19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) – (၄၃၇) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၂၅၈) ဦးတွင်–
  - Hotel Quarantine – (၂၉၉) ဦး
  - Facility Quarantine – (၃၀၅) ဦး
  - Community Based Facility Quarantine – (၆၀၆) ဦး
  - Anosmia Center – (၄၈) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဒစ်ဂျစ်တယ် စီးပွားရေးအကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

**ဒစ်ဂျစ်တယ်စီးပွားရေး တည်ထောင်နိုင်ရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါပုံများ၊ ပညာရေးနှင့် သင်ကြားရေးတွင် ပြောင်းလဲလာမှုများနှင့်ပတ်သက်ပြီး ဗဟုသုတမျှဝေပေးမည့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာ အမေး/အဖြေအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့ရာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**




**အစီအစဉ်မှူး ။ ။** ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ်ရဲ့ အရေးပါပုံတွေ၊ ဒစ်ဂျစ်တယ်စီးပွားရေးကို အဘက်ဘက်က ကူးပြောင်းနေချိန်ဖြစ်တာကြောင့် ပညာရေးနဲ့ သင်ကြားရေးအပိုင်းတွေမှာ ဘယ်လိုကူးပြောင်းနေတယ်ဆိုတဲ့အကြောင်းတွေကို ဆွေးနွေးသွားမယ့် ဒစ်ဂျစ်တယ်စီးပွားရေးအကြောင်း သိကောင်းစရာအစီအစဉ်ကနေ ကြိုဆိုပါတယ်။

ဒီနေ့အစီအစဉ်မှာ **ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်၊ Kinetic Myanmar Technology Co.,Ltd ၏ တည်ထောင်သူနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြမိုးအောင်နဲ့ CCEducare Myanmar မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ချစ်အိမ်သူ** တို့က ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**ပထမဦးဆုံး မေးခွန်းအနေနဲ့ ဒစ်ဂျစ်တယ် စီးပွားရေး တည်ထောင်ဖို့အတွက် လူ့စွမ်းအားအရင်းအမြစ်ရဲ့ အရေးပါပုံတွေ၊ ဒစ်ဂျစ်တယ် နည်းပညာတွေကို ပြည်သူတွေ သင်ယူနိုင်ဖို့ နည်းပညာကို အသုံးပြုပြီး ဘယ်လို အရှိန်မြှင့်ဆောင်ရွက်လို့ ရနိုင်မလဲဆိုတာကို ဦးမြမိုးအောင်က ရှင်းပြပေးပါဦး။**

**ဦးမြမိုးအောင် ။ ။** ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ ဒစ်ဂျစ်တယ်စီးပွားရေး တိုးတက်အောင် ဆောင်ရွက်မယ့် ဧရိယာခုနစ်ခု သတ်မှတ်ထားပါတယ်။ ဒီအထဲမှာ အခြေခံအုတ်မြစ်လေးခု ပါပါတယ်။ ပထမတစ်ခုက ဒစ်ဂျစ်တယ်အခြေခံအဆောက်အဦတွေ တည်ဆောက်ဖို့ပါ။ ဒုတိယတစ်ခုက အားပေးတဲ့မူဝါဒနဲ့ ဥပဒေတွေ ပြဋ္ဌာန်းဖို့ပါ။ တတိယတစ်ခုက ဆိုက်ဘာလုံခြုံရေးကို ကောင်းမွန်အောင် တည်ဆောက်ဖို့ပါ။ စတုတ္ထတစ်ခုက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒစ်ဂျစ်တယ်နည်းပညာတွေ ကျွမ်းကျင်တတ်မြောက်ဖို့ ဖြစ်ပါတယ်။

ဒီအခြေခံအုတ်မြစ်လေးခု ခိုင်မာပြီဆိုရင် Innovation လို့ပြောတဲ့ ဆန်းသစ်တီထွင်နိုင်စွမ်းအား မြင့်တက်လာမှာ ဖြစ်ပါတယ်။ အဲဒီအခါ ဒစ်ဂျစ်တယ်အုပ်ချုပ်ရေးစနစ်တွေ၊ ဒစ်ဂျစ်တယ် ကုန်သွယ်ရေးစနစ်တွေ တိုးတက်လာမှာဖြစ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေမှာ ဒစ်ဂျစ်တယ်နည်းပညာတွေကို အသုံးပြုနိုင်မယ့် Digital Transformation လုပ်ငန်းစဉ် တိုးတက်လာသည့်အတွက် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်းနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကို တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။

ဒီဧရိယာခုနစ်ခုထဲမှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့က အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့တိုင်းပြည် ခုန်ပျံကျော်လွှားပြီးတိုးတက်ဖို့၊ Leap Frog သွားဖို့၊ Quantum Leap သွားဖို့ဆိုရင် လူ့စွမ်းအားအရင်းအမြစ်က နောက်ဆုံးပေါ် နည်းပညာတွေကို ကောင်းစွာအသုံးပြုနိုင်ရုံသာမက တီထွင်ဖန်တီးနိုင်တဲ့ Innovation အဆင့်အထိကို တိုးတက်ဖို့ လိုပါတယ်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးဖို့ဆိုရင် ဒစ်ဂျစ်တယ် အတတ်ပညာတွေ၊ နောက်ဆုံးပေါ် နည်းပညာတွေကို ကျွမ်းကျင်တတ်မြောက်အောင် ပြုစုပျိုးထောင်ပေးဖို့ လိုပါတယ်။ ကျွန်တော်တို့ဆီမှာ ကံကောင်းတာက နည်းပညာကို စိတ်ဝင်စားတဲ့၊ သင်ယူတတ်မြောက်ချင်တဲ့ လူငယ်တွေ အများအပြားရှိနေတာပါ။

ဒီလူငယ်တွေ အလွယ်တကူနဲ့ နည်းပညာတွေကို သင်ယူနိုင်တဲ့ Online Learning Platform တွေက နည်းပညာအလှည့်အပြောင်းတွေကြောင့် ဒီနှစ်ပိုင်းမှာ အလွန်တိုးတက်လာပါတယ်။ သင်ယူတတ်မြောက်ချင်တဲ့ လူငယ်တွေ အများအပြားရှိနေတဲ့အချိန်မှာ ဒီလိုမျိုး အလွယ်တကူ သင်ယူနိုင်တဲ့ Online Learning Platform တွေ ရှိလာတာက ကျွန်တော်တို့အတွက် ရေကန်အသင့်၊ ကြာအသင့်ပါ။ ကျွန်တော်တို့ဆီမှာ လူအများအပြားကို ဒစ်ဂျစ်တယ် အတတ်ပညာတွေ၊ နောက်ဆုံးပေါ် နည်းပညာတွေကို သင်ပေးဖို့အတွက်ဆိုရင် Online Learning Platform ပေါ်တွေကနေ သွားရမှာဖြစ်ပါတယ်။

အရင်က ဒီလိုနည်းပညာတွေ သင်ယူဖို့အတွက် နိုင်ငံခြားမှာ သွားသင်ရပါတယ်။ အနည်းဆုံး မြို့ကြီးတွေမှာရှိတဲ့ သင်တန်းတွေကို သွားရောက်သင်ယူရပါတယ်။ အခုအချိန် နေရာတိုင်းမှာ အင်တာနက် ရှိနေပါပြီ၊ လူတိုင်းလက်ထဲမှာ စမတ်ဖုန်းရှိနေပါပြီ၊ လွန်ခဲ့တဲ့ လေး၊ ငါး နှစ်လောက်ကစပြီး အင်တာနက်အမြန်နှုန်းတွေ တိုးတက်လာတာကြောင့်၊ အင်တာနက်ပေါ်မှာ ဗီဒီယိုကလစ်တွေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်တဲ့ အကျိုးဆက်အနေနဲ့ ဗီဒီယိုတွေကိုကြည့်ပြီး သင်ယူမှုတွေ ကောင်းစွာလုပ်နိုင်ပါပြီ၊ Online Learning Platform တွေပေါ်ကနေ နိုင်ငံတကာမှာ သင်နေတဲ့ ပညာရပ်တွေကို သင်ယူနိုင်မယ့် အခွင့်အရေးကို ကောင်းကောင်းအသုံးချနိုင်မယ်ဆိုရင် နှစ်အနည်းငယ်အတွင်းမှာ ကျွန်တော်တို့ရဲ့ လူ့စွမ်းအားအရင်းအမြစ်က နိုင်ငံတကာအဆင့် ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

Online Learning ရဲ့ အကျိုးကျေးဇူးတွေက ဘယ်နေရာကမဆို သင်လို့ရတယ်။ လူကြီး၊ လူငယ်မရွေး သင်ယူလို့ရတယ်။ တချို့သင်ခန်းစာတွေကို မိုဘိုင်းဖုန်းရှိတာနဲ့ မိုဘိုင်းဖုန်းကို အသုံးပြုပြီး သင်ယူလို့ရတယ်။ Online Learning Platform တွေမှာ သင်ယူမယ်ဆိုရင် ပုံမှန်သင်တန်းချိန်တွေနဲ့ ပုံမှန်သင်တန်းတွေလို သတ်မှတ်ထားတဲ့အချိန်မှာ သွားတက်ရမှာမျိုး မဟုတ်ပါဘူး။ ကိုယ်အားတဲ့အချိန်မှာ သင်ယူနိုင်ပါတယ်။ ကိုယ်အားတဲ့အချိန်က ညပဲအားတယ်ဆိုရင် ညဘက်၊ နံနက် အားတယ်ဆို နံနက်ဘက် ကိုယ်အားတဲ့အချိန်မှာ သင်ယူလို့ရပါတယ်။

ဒါ့အပြင် Platform တွေ ဘက်ကလည်း တစ်ကမ္ဘာလုံးမှာရှိတဲ့ သင်ယူသူတွေ၊ မြန်မာနိုင်ငံက Local Platform တွေဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ သင်ယူသူတွေကို တစ်ပြိုင်နက်တည်း သင်ပေးနိုင်တာကြောင့် သင့်တင့်တဲ့ သင်တန်းကြေးနဲ့ သင်ပေးနိုင်ပါတယ်။

လူငယ်အများအပြားကို နောက်ဆုံးပေါ် နည်းပညာတွေ သင်ပေးခြင်းဖြင့် လူငယ်တွေနဲ့ သူတို့ရဲ့ မိသားစုတွေရဲ့ အနာဂတ်တွေကို ဖန်တီးပေးရာ ရောက်ပါမယ်။ လူငယ်တွေရဲ့ လူ့စွမ်းအားအရင်းအမြစ်ကို စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ SME လုပ်ငန်းတွေမှာ နောက်ဆုံးပေါ် နည်းပညာတွေ ထိထိရောက်ရောက် အသုံးပြုခြင်းဖြင့် စီးပွားရေးလုပ်ငန်းတွေရဲ့ စွမ်းဆောင်ရည်ကို မြင့်တက်အောင် ကူညီရာရောက်ပါမယ်။ စီးပွားရေးလုပ်ငန်းတွေ၊ SME လုပ်ငန်းတွေမှာ နည်းပညာတွေသုံးလာလို့ နိုင်ငံတကာနဲ့ ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်လာရင် နိုင်ငံရဲ့ စီးပွားရေးကို ကောင်းစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒစ်ဂျစ်တယ် စီးပွားရေးသို့ အဘက်ဘက်က ကူးပြောင်းနေတဲ့အချိန်ဖြစ်တာကြောင့် ပညာရေးနဲ့ သင်ကြားရေးဘက်တွေမှာ ဘယ်လိုတွေ ဦးဆောင်ပြောင်းလဲလာတယ် ဆိုတာကို ဒေါ်ချစ်အိမ်သူက ရှင်းပြပေးပါဦး။**

**ဒေါ်ချစ်အိမ်သူ ။ ။** CCEducare Myanmar အနေနဲ့ သင်ကြားရေးစင်တာတွေ၊ ဆရာဆရာမတွေ၊ တက္ကသိုလ်တွေကို နည်းပညာကူးပြောင်းဖို့အတွက် ကိုဗစ်ကာလမဖြစ်ပွားခင် အချိန်ထဲက ဆောင်ရွက်ပေးနေတာ ရှိပါတယ်။ အခုလို ကိုဗစ်ရောဂါဖြစ်ပွားတဲ့အချိန်မှာ ကျောင်းတွေ ပိတ်ရတာရှိတယ်။ သင်ကြားသင်ယူမှုတွေ အကုန်လုံးရပ်သွားတာ ရှိတယ်။

ဒီလိုမျိုး နည်းပညာကို ပြောင်းလဲလာကြတဲ့အချိန်မှာ ကျောင်းသားဘက်ကနေ မိမိအချိန်ကို ခန့်ခွဲတတ်လာမယ်၊ Self-Study လုပ်ရတာ လွယ်မယ်လို့ထင်ပါတယ်။ လူငယ်တော်တော်များက အခုဆိုရင် မိုဘိုင်းဖုန်းနဲ့ အင်တာနက်ကို သုံးကြပါတယ်။ တစ်ဖက်မှာ ဆရာတွေက ဒါကို အရှိန်အဟုန်နဲ့ လေ့လာသင်ယူအသုံးပြုကြတာကို တွေ့မြင်ရပါတယ်။

သင်ကြားရေးဘက်မှာ ဘာကြောင့်နည်းပညာဘက်ကို ပြောင်းသင့်သလဲဆိုရင် နည်းပညာ ဆရာတစ်ယောက်က သူအရင်တုန်းက သင်ရမယ့်စာကိုပဲ ထပ်ခါထပ်ခါ သင်နေရမယ်။ အခုလို နည်းပညာနဲ့ဆိုရင် ဒါတွေကို Vedio Recording လုပ်ထားပြီး ဗီဒီယိုတွေကို အွန်လိုင်းပေါ်ကနေ မျှဝေပေးနိုင်ပါတယ်။ ဒီလိုမျှဝေပေးတဲ့အချိန်မှာ သူရှိတဲ့ နေရာတစ်ခုတည်းကိုသာမက တစ်နိုင်ငံလုံး အတိုင်းအတာအထိ မျှဝေပြီး သင်ကြားပေးလို့ရပါတယ်။ ကျောင်းသားနဲ့ ဆရာနှစ်ဦးနှစ်ဖက်လုံးအတွက် အချိန်ကုန်သက်သာတယ်၊ ငွေကြေးအရလည်း သက်သာတယ်။ နည်းပညာသုံးပြီးလုပ်တဲ့ Learning Management System Platform တွေက အများကြီးပါ။

နောက်တစ်ခုက ဒစ်ဂျစ်တယ်ပညာရေးလို့ပြောရင် အဘက်ဘက်က ပါလာပြီဖြစ်ပါတယ်။ အခြေခံပညာအဆင့်ဆိုရင် ဆရာတွေသာမက မိဘတွေက ကျောင်းသားတွေနဲ့ အတူ လိုက်ပါပြီး သင်ကြားပေးရတာတွေကို တွေ့လာရပါတယ်။ သင်ကြားရေးဘက်မှာ အဘက်ဘက်ကနေ ပံ့ပိုးပြီး စီးပွားရေးတစ်ခုလုံးကို တည်ဆောက်နိုင်မှာ ဒါတွေက အလျင်အမြန်သွားနိုင်မယ့် အရာတွေလို့ ကျွန်မ မြင်ပါ တယ်။

**အစီအစဉ်မှူး ။ ။ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ စီစဉ်ထားမှုတွေနဲ့ မြန်မာနိုင်ငံမှ သင်ယူလိုသူတွေအတွက် DETC တက်ရောက်ဖို့အတွက် ဘယ်လိုအရည်အချင်းတွေရှိဖို့လိုပြီး သင်ယူလိုသူတွေရဲ့ အခက်အခဲတွေက ဘာတွေရှိနေတယ်ဆိုတာကို ဦးမြမိုးအောင်က ဆွေးနွေးပေးပါဦး။**

**ဦးမြမိုးအောင် ။ ။** ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ Road Map ထဲမှာ ရည်ရွယ်ချက်တစ်ခုပါပါတယ်။ ဒါက နောက်ဆုံးပေါ် နည်းပညာတွေကို နိုင်ငံအနှံ့မှာရှိတဲ့ နည်းပညာ စိတ်ဝင်စားတဲ့လူတွေကို သင်ပေးဖို့၊ နိုင်ငံတကာမှာသင်နေတဲ့ သင်ခန်းစာတွေကို အွန်လိုင်းပေါ်ကနေ လွယ်လွယ်ကူကူ ကုန်ကျစရိတ်နည်းနည်းနဲ့ သင်နိုင်ဖို့နဲ့ အလုပ်အကိုင်သေချာတဲ့၊ Job Ready ဖြစ်တဲ့ သင်ခန်းစာတွေ၊ ဘာသာရပ်တွေကို သင်ယူလိုသူတွေရဲ့ မိမိတို့ နေထိုင်တဲ့ ဒေသကနေ သင်ယူနိုင်ရမယ်၊ သင်ယူပြီးရင် အဲဒီဒေသမှာပဲ အလုပ်လုပ်နိုင်ဖို့ဆိုတာ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ပါ။

အထူးသဖြင့် ကျောင်းတွေပိတ်ထားတဲ့ ကိုဗစ်ကာလမှာ လူငယ်တွေက နောက်ဆုံးပေါ် နည်းပညာတွေကို သင်ယူနိုင်ဖို့၊ နိုင်ငံတကာကုမ္ပဏီကြီးတွေက အသိအမှတ်ပြုလက်မှတ်တွေရရှိဖို့ ကျွန်တော်တို့ လုပ်ပေးပါ့မယ်။ ဒစ်ဂျစ်တယ် စီးပွားရေးကော်မတီရဲ့ ဆောင်ရွက်နေတဲ့ အစီအစဉ်တွေထဲမှာ နောက်ဆုံးပေါ် နည်းပညာဘာသာရပ်တွေ သင်ယူနိုင်ဖို့အတွက် ပထမတစ်ခုက မြန်မာဘာသာနဲ့ သင်ယူနိုင်တဲ့ အစီအစဉ်တစ်ခု လုပ်ထားပါတယ်။ ဒါက နည်းပညာကို အသုံးပြုပြီး ကိုယ်ပိုင်စီးပွားရေး ထူထောင်ချင်တဲ့၊ ထူထောင်နိုင်မယ့် စွန့်ဦးတီထွင်မှု သင်တန်းပါ။ ဖန်တီးရာအင်စတီကျူနဲ့ ပူးပေါင်းပြီး အွန်လိုင်းကနေ သင်ကြားပေးပါတယ်။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာရှိနေတဲ့ ရေအခက်အခဲ၊ အမှိုက်ပြဿနာ၊ သယ်ယူပို့ဆောင်ရေး ပြဿနာ၊ သဘာဝပတ်ဝန်းကျင်ပြဿနာ၊ ဈေးကွက်ရှာဖွေရေး ပြဿနာ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာ ကြုံနေရတဲ့ အခက်အခဲတွေကို နည်းပညာသုံးပြီး ဘယ်လိုဖြေရှင်းမလဲ၊ နည်းပညာအိုင်ဒီယာတွေကို အခြေခံပြီး စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုထူထောင်မလဲဆိုတာကို ကျွန်တော်တို့ သင်ပေးပါတယ်။

ဒုတိယတစ်ခုက နိုင်ငံတကာမှာသင်နေတဲ့ သင်ခန်းစာတွေနဲ့ နောက်ဆုံးပေါ် နည်းပညာတွေကို သင်ယူဖို့အတွက် ကမ္ဘာ့ထိပ်တန်း အွန်လိုင်းပညာရေး Platform တစ်ခုဖြစ်တဲ့ Coursera နဲ့ ပူးပေါင်းပြီး နည်းပညာ၊ စီးပွားရေးပညာ ၊ အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးပညာရပ်၊ အနုပညာ၊ ဘာသာစကားအစရှိတဲ့ ပညာရပ်တွေထဲက သင်တန်းပေါင်း ၃၀၀၀ ကျော်ကို အွန်လိုင်းကနေ အခမဲ့သင်ယူနိုင်ဖို့ ကျွန်တော်တို့စီစဉ်ထားပါတယ်။

အဲဒီအထဲမှာ စမ်းသပ်ကာလအနေနဲ့ ပထမအသုတ်မှာ Google ရဲ့ IT Support , Social Media Marketing , Data Science , Software Development အစရှိတဲ့ ဘာသာရပ်လေးခုကို အဓိကထားပြီး သင်ယူနိုင်ဖို့ အားပေးတဲ့အစီအစဉ်တွေ ကျွန်တော်တို့ လုပ်ထားပါတယ်။

နောက်လာမယ့်အသုတ်တွေမှာ Machine Learning, Artificial Intelligence, Cloud Computing, IOT စတဲ့နောက်ဆုံးပေါ်နည်းပညာတွေကို တိုးချဲ့သွားဖို့ စီစဉ်ထားပါတယ်။ ၂၀၂၁ ခုနှစ်အတွင်းမှာ နည်းပညာ စိတ်ဝင်စားသူ လူငယ် ၅၀၀၀ ကျော်ကို နောက်ဆုံးပေါ် နည်းပညာတွေ အွန်လိုင်းပေါ်က အခမဲ့သင်ပေးဖို့ ကျွန်တော်တို့စီစဉ်နေပါတယ်။

ဒီသင်တန်းတွေကို တက်ရောက်ဖို့ လိုအပ်ချက် အရေးကြီးဆုံးက နည်းပညာမှာ စိတ်ဝင်စားတဲ့သူဖြစ်ဖို့ လိုပါတယ်။ နိုင်ငံတကာမှာ သင်နေတဲ့သင်ခန်းစာတွေက အင်္ဂလိပ်လို သင်ရတာဖြစ်တဲ့အတွက် အင်္ဂလိပ်စာ အသင့်အတင့် နားလည်ထားဖို့လိုပါတယ်။ ဘွဲ့မရသေးတဲ့ သူတွေလည်း သင်လို့ ရပါတယ်။ Software Development သင်တန်းမှာဆိုရင် ၁၀ တန်း ကျောင်းသားတွေ တက်ရောက်နေကြပါတယ်။ အတွေ့အကြုံမရှိလည်း နည်းပညာကို စိတ်ဝင်စားရင် သင်ယူလို့ရနိုင်အောင် ကျွန်တော်တို့ စီစဉ်ထားပါတယ်။

တချို့ဘာသာရပ်တွေက ဖုန်းလေးတစ်လုံးနဲ့ အင်တာနက်ရှိတာနဲ့ သင်ယူလို့ရပါတယ်။ ကိုယ်အားတဲ့အချိန် ၊ ညဘက်အားတယ်ဆိုရင်ည ၊ နံနက်ပိုင်းအားတယ်ဆိုရင် နံနက် ၊ တစ်နေ့ကို နှစ်နာရီ၊ သုံးနာရီလောက် သင်နိုင်မယ်ဆိုရင် တချို့ဘာသာရပ်တွေက သုံးလလောက်အတွင်းမှာ ပြီးဆုံးသွားမှာပါ။ တချို့ဘာသာရပ်တွေက ခြောက်လလောက်အတွင်းမှာ သင်ယူပြီးစီးသွားမှာပါ။ ပြီးစီးတာနဲ့ အလုပ်ရနိုင်မယ့် Job Ready ဖြစ်တဲ့ နည်းပညာဘာသာရပ်တွေ ဖြစ်ပါတယ်။

သင်ယူတဲ့သူဘက်ကတွေ့ကြုံနေတဲ့ အခက်အခဲကိုလည်း နည်းနည်းရှင်းပြချင်ပါတယ်။ အများစုကြုံရတဲ့ အခက်အခဲကတော့ ဘာသာစကားပါပဲ။ နိုင်ငံတကာမှာ သင်တဲ့ သင်ခန်းစာတွေကို သင်တဲ့အခါ အင်္ဂလိပ်လို သင်ရတာ များပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့တွေ မြန်မာဘာသာစကား၊ တိုင်းရင်းသားဘာသာစကားနဲ့ အွန်လိုင်းပေါ်က သင်ယူနိုင်မယ့် သင်ခန်းစာတွေဖန်တီးဖို့၊ အားပေးဖို့ လိုပါတယ်။

နောက်ထပ် အခက်အခဲတစ်ခုက အချို့လူငယ်တွေက မိုဘိုင်းဖုန်းနဲ့ပဲ သင်ယူနေတယ်၊ မိုဘိုင်းဖုန်းနဲ့ပဲ စမ်းသပ်ဆောင်ရွက်တာတွေ လုပ်ဆောင်နေပါတယ်။ ကွန်ပျူတာနဲ့ လက်ပ်တော့သာ သူတို့မှာရှိရင် ပိုပြီး လေ့ကျင့်နိုင်မှာပါ။ နည်းပညာကို ပိုပြီးအသုံးချစမ်းသပ်နိုင်မှာပါ။ နောက်ပြီး သင်ယူတဲ့အခါမှာ မိုဘိုင်းအင်တာနက်ကို သုံးမယ်ဆိုရင် ကုန်ကျစရိတ် များနေပါသေးတယ်။ အချို့လူငယ်တွေက မိုဘိုင်းအင်တာနက်ကို သုံးပြီး သင်ယူနေရတာပါ။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ဒီလူငယ်တွေအတွက် online ကနေ video clip ကြည့်ပြီး သင်မယ်ဆိုရင်၊ တစ်နာရီကို မိုဘိုင်းအင်တာနက် 1 GB လောက်ကုန်မှာ ဖြစ်တဲ့အတွက် အနည်းဆုံး တစ်နာရီကို တစ်ထောင်ကျပ်နီးပါးလောက် ကုန်ကျစရိတ်ရှိနေပါတယ်။ ဘာသာစကားအခက်အခဲရှိတာ၊ နည်းပညာအတွေ့အကြုံ အားနည်းတဲ့သူတွေကို အဆင်ပြေအောင်ကူညီဖို့ ဖန်တီးရာအင်စတီကျူနဲ့ပူးပေါင်းပြီး Study Group Programme ဆိုပြီး လုပ်ထားပေးပါတယ်။

အဲဒီမှာ စေတနာ့ဝန်ထမ်းဆရာတွေက ဘာသာရပ်ပိုင်းဆိုင်ရာ၊ ဘာသာစကားပိုင်းဆိုင်ရာ အခက်အခဲရှိသူတွေကို စနေ၊တနင်္ဂနွေတွေမှာ ပြန်ရှင်းပြပေးပါမယ်။ ဒီလိုအစီအစဉ်တွေနဲ့ သင်ယူသူတွေ အဆင်ပြေအောင်၊ သင်တန်းကို အောင်မြင်စွာပြီးစီးတဲ့အထိ သင်ယူနိုင်အောင် ဆွဲခေါ်သွားဖို့ စီစဉ်ထားပါတယ်။ သင်ယူသူတွေ သင်တန်းအောင်မြင်ပြီးစီးအောင် သင်ယူဖို့ကို အားပေးတဲ့အနေနဲ့ သင်ခန်းစာအားလုံး အောင်မြင်ပြီးစီးသွားရင် သင်တန်းဆင်း အသိအမှတ်ပြုလက်မှတ်ရသွားရင် ကျွန်တော်တို့ အလုပ်ရှာပေးတဲ့ အစီအစဉ်ကို စီစဉ်ထားပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ လူငယ်တွေ တော်တော်များများက တတ်ချင်စိတ်၊ သင်ယူချင်စိတ် ရှိကြပါတယ်။ အခုဆိုရင် ဒီသင်တန်းတွေကို တက်ဖို့အတွက် နည်းပညာစိတ်ဝင်စားသူ အယောက် ၆၀၀၀ ကျော် စာရင်းသွင်းကြပါတယ်။ ၄၀ ရာခိုင်နှုန်းလောက်က ရန်ကုန် နဲ့ မန္တလေးက ဖြစ်ပြီး ကျန်တဲ့ ၆၀ ရာခိုင်နှုန်းက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်းပြည်နယ် အစရှိတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက ဖြစ်ပါတယ်။ Course တစ်ခုလုံးပြီးစီးဖို့ လအနည်းငယ်လိုနေသေးတာကြောင့် Professional Certificate တစ်ခုလုံးမပြီးသေးပေမယ့် Module အလိုက်ပြီးစီးမှုအရဆိုရင် ကျွန်တော်တို့နိုင်ငံက သင်ယူသူရာခိုင်နှုန်းအလိုက် သင်ယူပြီးစီးမှုတွေက အခြားနိုင်ငံက ရာခိုင်နှုန်းတွေထက် တော်တော်များနေတာကို တွေ့ရပါတယ်။ ဒါတွေက ဝမ်းသာစရာတွေပါ။

ဒီလိုနည်းပညာသင်တန်းတွေကို သင်ယူချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ ဆန်းသစ်တီထွင်မှုနဲ့ ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး ဖေ့စ်ဘွတ်စာမျက်နှာမှာ လာပြီး စာရင်းသွင်းရပါတယ်။ ဒီလို စာရင်းသွင်းပြီးရင် ကျွန်တော်တို့က Invitation email ဖိတ်ခေါ်တဲ့အီးမေးလ်ပို့ပါတယ်။ အဲဒီ အီးမေးလ်ကနေတစ်ဆင့် ဝင်ရပါတယ်။ ပြီးရင် Application Download လုပ်ပြီး မိုဘိုင်းဖုန်းနဲ့ သင်ယူနိုင်မှာဖြစ်ပါတယ်။ ကိုယ်သင်ယူချင်တဲ့ ဘာသာရပ်ဆိုင်ရာသင်တန်းကို အပ်နှံဖို့ လိုအပ်ပါတယ်။ အခုအချိန်မှာတော့ ပထမအသုတ်သင်တန်း စာရင်းသွင်းခြင်းကာလကို ခဏရပ်နားထားပါတယ်။ ဒုတိယအသုတ်ကိုလည်း အမြန်ဆုံးစနိုင်အောင် စီစဉ်နေပါတယ်။

**အစီအစဉ်မှူး ။ ။ အခုလို ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့ကာလမှာ သင်ကြားရေးဘက်မှ နည်းပညာဘက် ကူးပြောင်းလာတဲ့အတွက် အကျိုးရှိပုံနဲ့ လက်ရှိအသုံးပြုလို့ရမယ့် အက်ပလီကေးရှင်းတွေ အကြောင်းကိုလည်း ဆွေးနွေးပေးပါဦး။**

**ဒေါ်ချစ်အိမ်သူ ။ ။** ကျွန်မတို့ CCEducare Myanmar ဘက်က လုပ်နေတဲ့ အက်ပလီကေးရှင်းတွေ၊ လုပ်နေတာတွေကို မျှဝေပေးရမယ်ဆိုရင် တစ်ပိုင်တစ်နိုင်သင်တန်းကျောင်းဖွင့်ထားတဲ့ ဆရာမတွေဆိုရင် ကိုဗစ်ရောဂါဖြစ်ပွားတဲ့အချိန်မှာ အခက်အခဲဖြစ်သွားပါတယ်။ ကျောင်းတွေ လုံးဝ ပိတ်လိုက်ရတယ်။ အခုဆိုရင် ရှစ်လလောက်ရှိပြီဖြစ်ပါတယ်။ ဒီလိုသင်တန်းတွေဖွင့်ရာက အွန်လိုင်းဘက်ကို သွားတဲ့အချိန်မှာ အခက်အခဲတွေရှိပါတယ်။ အွန်လိုင်းဗီဒီယိုဖန်တီးတာတွေ၊ ပုံမှန် စာသင်ခန်းသင်ရိုးကို အွန်လိုင်းသင်ရိုးတွေ ဖန်တီးတဲ့အချိန်မှာ မရင်းနှီးသေးတာရော၊ နည်းပညာအရရော၊ အီးမေးလ်အသုံးပြုတာတွေရောစတဲ့ကိစ္စလေးတွေကအစ ကျွန်မတို့ အကူအညီတွေပေးရပါတယ်။

အခုဆိုရင် အဖွဲ့အစည်းပေါင်း ၁၀၀ နီးပါးလောက်ရှိပြီဖြစ်ပါတယ်။ တက္ကသိုလ်တွေ၊ ပြင်ပပုဂ္ဂလိကအဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကို မိရိုးဖလာကနေ ဒစ်ဂျစ်တယ်နည်းပညာကို ပြောင်းလဲဆောင်ရွက်ရတာတွေကို ကျွန်မတို့ကူညီပြီး လုပ်ဆောင်ပေးခဲ့ပါတယ်။ တချို့က လည်းမေးကြတယ်။ ကိုဗစ်ကာလပြီးသွားရင်ရော အွန်လိုင်းကိုပဲ ၁၀၀ ရာခိုင်နှုန်းသွားကြတော့မလား ဆိုပြီး မေးကြပါတယ်။

ကျွန်မအမြင်ပြောရရင် အွန်လိုင်းကနေ သင်ကြားတာက အပြင်မှာသင်ကြားလို့ရမယ့် သင်ကြားရေးရဲ့ အနှစ်သာရကို ဖျောက်ပစ်လိုက်တာမဟုတ်ပါဘူး။ ဒါကို သင်ထောက်ကူပစ္စည်းလို့ပဲ ကျွန်မတို့ မြင်ရပါမယ်။ အက်ပလီကေးရှင်းတွေ၊ ဆော့ဖ်ဝဲလ်တွေ အမျိုးမျိုးထွက်လာတယ်။ နိုင်ငံခြားတွေမှာဆိုရင် သင်ကြားရေးကို အမျိုးမျိုးပြောင်းလာကြတော့ ကျွန်မတို့နိုင်ငံမှာလည်း ဒါတွေ အနေးနဲ့အမြန်ဖြစ်လာမယ်။

ဒီလိုဖြစ်လာတဲ့အချိန်မှာ သင်ကြားတဲ့ဘက်မှာလည်း ဒါတွေကို လက်ခံပြီး အစားထိုးတာမျိုး မဟုတ်ဘဲ သင်ထောက်ကူအနေနဲ့ မြင်စေချင်ပါတယ်။ ဒါကတော့ တော်တော်များများ အမေးများနေတဲ့ အပြင်မှာသင်တန်း မဖွင့်ရတော့ဘူးလားဆိုတဲ့ မေးခွန်းကို ဖြေပေးတာဖြစ်ပါတယ်။

အဖွဲ့အစည်းတစ်ခုဆိုရင် ကယားပြည်နယ်မှာ မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်း သုံးလကြာဖွင့်ပါတယ်။ ဒါပေမယ့် အခက်အခဲက သုံးလလုံး လာပြီး မတက်နိုင်တဲ့သူတွေ အများကြီးရှိပါတယ်။ ကိုဗစ်ဖြစ်နေတဲ့အချိန်ဆိုတော့ ပိုဆိုးပါတယ်။ အဲဒီလိုအချိန်ပေးပြီး မတက်နိုင်တဲ့သူတွေအတွက် ကျွန်မတို့က အွန်လိုင်းကို ပြောင်းလိုက်ပါတယ်။ စက်တွေကို သေချာရိုက်ပြတယ်။ ဒါတွေကို ဘယ်လိုပြင်ရတယ်ဆိုပြီး အဲဒီလို အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးပါတယ်။ သူတို့အတွက် အက်ပလီကေးရှင်းလည်း ဆွဲပေးခဲ့တယ်။ ဒါကတော့ ကျွန်မတို့လုပ်ခဲ့တဲ့ အတွေ့အကြုံကို မျှဝေပေးတာပါ။

အခုဆိုရင် နိုင်ငံတကာမှာ အခမဲ့သုံးလို့ရတဲ့ အက်ပလီကေးရှင်းတွေ အများကြီးရှိပါတယ်။ နည်းပညာကို ပြောင်းမယ်ဆိုရင် ငွေကြေးအကုန်အကျတွေ များတော့မယ်လို့ တော်တော်များများ ထင်ကြပါတယ်။ တကယ်တမ်းတော့ အလွယ်တကူနဲ့ နည်းပညာကိုပြောင်းလို့ရတာတွေ အများကြီးရှိတယ်။ မိရိုးဖလာမျက်နှာချင်းဆိုင်သင်ရတဲ့ စာသင်ခန်းတွေကို ကျွန်မတို့က အွန်လိုင်းပေါ်တင်ကြပြီ။ Google Classroom ဆိုတာကို ကျွန်မကတော့ အကြံပြုချင်တယ်။ အခုလက်ရှိမှာ အများဆုံး သုံးနေကြပြီဖြစ်ပါတယ်။

အဲဒီမှာဆိုရင် ဆရာ ဆရာမတစ်ယောက်က သူ့မှာ အီးမေးလ်အကောင့်ရှိတာနဲ့ အွန်လိုင်းပေါ်မှာ သင်တန်းကျောင်း ဖွင့်လို့ရပြီဖြစ်ပါတယ်။ သူ့ရဲ့စာတွေကို PDF ဖိုင်တွေ ပြောင်းပြီးတင်ထားမယ်။ ပြီးရင် စာသင်တဲ့ဗီဒီယိုကို မိုဘိုင်းဖုန်းနဲ့ဖြစ်ဖြစ်၊ ကွန်ပျူတာနဲ့ပဲဖြစ်ဖြစ် တင်လို့ရပါတယ်။ ပြီးရင် သူ့ရဲ့ကျောင်းသားကို အဲဒီကနေ ပို့ပေးလိုက်လို့ရပါတယ်။ ဒီသင်တန်းကို တက်ပါဆိုပြီး Share ပေးလိုက်လို့ရပါတယ်။

ကျောင်းသားတွေက တက်ပြီးပြီ၊ ဖြေပြီးပြီဆိုရင် ဒီဟာကို အမှတ်ခြစ်တဲ့အနေနဲ့ ကြည့်လို့ရပါတယ်။ ပြောရမယ်ဆိုရင် နေ့စဉ်သင်ကြားရေးမှာ လိုအပ်တဲ့ လိုအပ်ချက်တွေအကုန်လုံးကို ဒီအက်ပလီကေးရှင်းမှာ လုပ်ဆောင်လို့ရပါတယ်။ ဒါကို အခမဲ့သုံးလို့ ရပါတယ်။ သုံးဖို့အတွက် အင်တာနက်တော့ လိုပါမယ်။ ဆရာ ဆရာမတော်တော်များများကို ဒါလေးတွေကို သင်ကြားပေးဖြစ်ပါတယ်။

ကိုဗစ်ရောဂါ ပြီးသွားတဲ့အချိန်မှာတောင် ကျွန်မ အကြံပြုချင်တာက အွန်လိုင်းက မဖြုတ်ချလိုက်ပါနဲ့။ နည်းပညာက ပြောင်းကို ပြောင်းရမယ့်အချိန် ဖြစ်နေပါပြီ။ လိုအပ်မှသာ လူချင်းတွေ့မယ်။ ဆွေးနွေးမှုတွေလုပ်ကြမယ်။ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး Critical thinking ဘက်ကိုသွားနိုင်အောင် လုပ်ဆောင်ကြမယ်။ ပုံမှန်သမားရိုးကျသင်နေတာတွေကို အွန်လိုင်းကို ပြောင်းလိုက်မယ်။ ဆွေးနွေးကြတာ၊ Presentation လုပ်ကြတာ၊ ကျောင်းသားရဲ့ တွေးခေါ်မှုစွမ်းရည်တွေ တက်လာအောင် သင်ကြားမှုအပိုင်းမှာ အဲဒီလိုအရာတွေကို မြှင့်တင်ပေးသင့်ပါတယ်။ မြှင့်တင်ပေးဖို့ကိုလည်း ကျွန်မတို့ ကူညီချင်ပါတယ်။

ဒီအစီအစဉ်ကို ကြည့်နေတဲ့ ဆရာ ဆရာမတွေ၊ သင်ကြားပေးနေတဲ့ အဖွဲ့အစည်းတွေ ရှိခဲ့ရင် ကျွန်မတို့ CCEducare Myanmar ဖေ့စ်ဘွတ်စာမျက်နှာမှာလည်း လာရောက်မေးမြန်းပြီး အခမဲ့ ဆွေးနွေးနိုင်ပါတယ်။ အခုဆိုရင် ကျွန်မတို့ CCEducare Myanmar လုပ်လာတာလည်း လေးနှစ်လောက်ရှိလာပါပြီ။ ပညာရေးဝန်ကြီးဌာနနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခြားအဖွဲ့အစည်းတွေလည်း များစွာရှိပါတယ်။ နယ်တွေအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နည်းပညာကို ပြောင်းလဲတဲ့ ပရောဂျက်တွေ အများကြီးလုပ်ပေးနေတဲ့ အတွေ့အကြုံရှိပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီကိုလည်း ဆွေးနွေးပေးချင်ပါတယ်။ မေးမြန်းချင်တာ၊ ဆွေးနွေးချင်တာတွေရှိခဲ့ရင် ကျွန်မတို့ကို ဆက်သွယ်ပေးပါလို့ ပြောချင်ပါတယ်။

**ထက်လျှံ**




## ၂၄-၁၂-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၈၉၁၇၁၅၂ | ၁၁၁၀၁၈၆၆ | ၃၃၄၂၁၈ |
| ၂။ | အိန္ဒိယ | ၁၀၁၂၃၇၇၈ | ၉၆၉၃၁၇၃ | ၁၄၆၇၇၈ |
| ၃။ | ဘရာဇီး | ၇၃၆၆၆၇၇ | ၆၄၀၅၃၅၆ | ၁၈၉၂၆၄ |
| ၄။ | ရုရှား | ၂၉၆၃၆၈၈ | ၂၃၇၀၈၅၇ | ၅၃၀၉၆ |
| ၅။ | ပြင်သစ် | ၂၅၀၅၈၇၅ | ၁၈၇၂၇၂ | ၆၁၉၇၈ |
| ၆။ | ဗြိတိန် | ၂၁၄၉၅၅၁ | စိစစ်ဆဲ | ၆၉၀၅၁ |
| ၇။ | တူရကီ | ၂၀၈၂၆၁၀ | ၁၉၀၁၃၀၇ | ၁၈၈၆၁ |
| ၈။ | အီတလီ | ၁၉၉၁၂၇၈ | ၁၃၂၂၀၆၇ | ၇၀၃၉၅ |
| ၉။ | စပိန် | ၁၈၄၇၈၇၄ | စိစစ်ဆဲ | ၄၉၆၉၈ |
| ၁၀။ | ဂျာမနီ | ၁၅၈၇၉၀၈ | ၁၁၆၀၁၀၀ | ၂၉၁၂၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄-၁၂-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၉၂၈၃၈ | ၅၆၃၉၈၀ | ၂၀၅၈၉ |
| ဖိလစ်ပိုင် | ၄၆၅၇၂၄ | ၄၃၀၄၉၀ | ၉၀၅၅ |
| မြန်မာ | ၁၁၉၇၈၈ | ၉၉၉၂၇ | ၂၅၃၂ |
| မလေးရှား | ၁၀၀၃၁၈ | ၈၁၀၉၉ | ၄၄၆ |
| စင်ကာပူ | ၅၈၄၉၅ | ၅၈၃၂၂ | ၂၉ |
| ထိုင်း | ၅၈၂၉ | ၄၁၁၆ | ၆၀ |
| ဗီယက်နမ် | ၁၄၂၀ | ၁၂၈၂ | ၃၅ |
| ကမ္ဘောဒီးယား | ၃၆၃ | ၃၄၉ | ၀ |
| ဘရူနိုင်း | ၁၅၂ | ၁၄၉ | ၃ |
| လာအို | ၄၁ | ၃၇ | ၀ |

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄–၁၂–၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၃–၁၂–၂၀၂၀) ရက်နေ့အတွက် ခတ်ခွဲအတည်ပြုလူနာ (၉၂၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှည်းကူး | ၂၇ |
| | | မြောက်ဥက္ကလာပ | ၂၅ |
| | | တောင်ဥက္ကလာပ | ၂၂ |
| | | မင်္ဂလာဒုံ | ၂၁ |
| | | တာမွေ | ၂၁ |
| | | သဃ်န်းကျွန်း | ၁၉ |
| | | အင်းစိန် | ၁၉ |
| | | လှိုင်သာယာ | ၁၆ |
| | | ရွှေပြည်သာ | ၁၄ |
| | | မှော်ဘီ | ၁၄ |
| | | မရမ်းကုန်း | ၁၄ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၄ |
| | | ကမာရွတ် | ၁၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၂ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၂ |
| | | ကျောက်တန်း | ၁၂ |
| | | စမ်းချောင်း | ၁၁ |
| | | သာကေတ | ၈ |
| | | ကျောက်တံတား | ၈ |
| | | တိုက်ကြီး | ၇ |
| | | လှိုင် | ၇ |
| | | လမ်းမတော် | ၇ |
| | | ကော့မှူး | ၇ |
| | | မင်္ဂလာတောင်ညွှန့် | ၆ |
| | | ကြည့်မြင်တိုင် | ၆ |
| | | သန်လျင် | ၅ |
| | | ရန်ကင်း | ၅ |
| | | ထန်းတပင် | ၅ |
| | | ဒေါပုံ | ၅ |
| | | ဗဟန်း | ၄ |
| | | ပုဇွန်တောင်* | ၄ |
| | | ဒလ | ၄ |
| | | ဆိပ်ကြီးခနောင်တို | ၄ |
| | | တွံတေး | ၃ |
| | | သုံးခွ | ၃ |
| | | အလုံ | ၂ |
| | | ဗိုလ်တထောင် | ၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁ |
| | | ခရမ်း | ၁ |
| | | ဒဂုံ | ၁ |
| | | လသာ | ၁ |
| | | စုစုပေါင်း | ၃၉၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည် | ၅၉ |
| | | ချမ်းအေးသာစံ | ၄၃ |
| | | အောင်မြေသာစံ | ၃၈ |
| | | မဟာအောင်မြေ | ၂၉ |
| | | အမရပူရ | ၁၇ |
| | | ပြည်ကြီးတံခွန် | ၁၀ |
| | | ငါန်းဇွန် | ၆ |
| | | မြင်းခြံ | ၅ |
| | | ပြင်ဦးလွင် | ၄ |
| | | ပုသိမ်ကြီး | ၃ |
| | | နွားထိုးကြီး | ၃ |
| | | တောင်သာ | ၂ |
| | | စဉ့်ကိုင် | ၂ |
| | | တံတားဦး | ၂ |
| | | မြစ်သား | ၁ |
| | | ကျောက်ဆည် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | သာစည် | ၁ |
| | | စုစုပေါင်း | ၂၂၇ |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ် | ၃၀ |
| | | မအူပင် | ၁၁ |
| | | မြောင်းမြ | ၆ |
| | | ကျုံပျော် | ၅ |
| | | မော်လမြိုင်ကျွန်း | ၅ |
| | | ဘိုကလေး | ၄ |
| | | ဟင်္သာတ | ၄ |
| | | ကျောင်းကုန်း | ၂ |
| | | ဒေးဒရဲ | ၁ |
| | | အိမ်မဲ | ၁ |
| | | အင်္ဂပူ | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | ကျိုက်လတ် | ၁ |
| | | လေးမျက်နှာ | ၁ |
| | | စုစုပေါင်း | ၇၃ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၀ |
| | | ပြည် | ၅ |
| | | မင်းလှ | ၄ |
| | | သနပ်ပင် | ၄ |
| | | ဖြူး | ၃ |
| | | ဒိုက်ဦး | ၂ |
| | | ကဝ | ၂ |
| | | ညောင်လေးပင် | ၂ |
| | | အုတ်ဖို | ၂ |
| | | ပန်းတောင်း | ၂ |
| | | အုတ်တွင်း | ၁ |
| | | တောင်ငူ | ၁ |
| | | သာယာဝတီ | ၁ |
| | | ဇီးကုန်း | ၁ |
| | | စုစုပေါင်း | ၆၀ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၂၀ |
| | | ကလေး | ၆ |
| | | ယင်းမာပင် | ၄ |
| | | အင်းတော် | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | ကသာ | ၁ |
| | | ခင်ဦး | ၁ |
| | | ကျွန်းလှ | ၁ |
| | | မြောင် | ၁ |
| | | ဆားလင်းကြီး | ၁ |
| | | တမူး | ၁ |
| | | တန့်ဆည် | ၁ |
| | | စုစုပေါင်း | ၄၀ |
| ၆။ | ကရင်ပြည်နယ် | ဘားအံ | ၁၈ |
| | | မြဝတီ* | ၁၃ |
| | | လှိုင်းဘွဲ့* | ၄ |
| | | စုစုပေါင်း | ၃၅ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၈ |
| | | အောင်လံ | ၆ |
| | | စေတုတ္တရာ | ၅ |
| | | ပွင့်ဖြူ | ၂ |
| | | တောင်တွင်းကြီး | ၂ |
| | | ရေနံချောင်း | ၂ |
| | | ဂန့်ဂေါ | ၁ |
| | | မင်းဘူး | ၁ |
| | | ငဖဲ | ၁ |
| | | စလင်း | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | စုစုပေါင်း | ၃၀ |
| ၈။ | မွန်ပြည်နယ် | မော်လမြိုင် | ၁၁ |
| | | သထုံ | ၃ |
| | | ဘီးလင်း | ၂ |
| | | ပေါင် | ၂ |
| | | ကျိုက်ထို | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၉။ | ရှမ်းပြည်နယ် | လွိုင်လင် | ၄ |
| | | ကလော | ၃ |
| | | ပင်းတယ | ၂ |
| | | ဟိုပုံး | ၁ |
| | | ကွတ်ခိုင် | ၁ |
| | | နောင်ချို | ၁ |
| | | ဖယ်ခုံ | ၁ |
| | | တောင်ကြီး | ၁ |
| | | ရွာငံ | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | လောင်းလုံ | ၄ |
| | | ရေဖြူ | ၃ |
| | | ထားဝယ် | ၂ |
| | | မြိတ် | ၁ |
| | | သရက်ချောင်း | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၁။ | ရခိုင်ပြည်နယ် | အမ်း | ၃ |
| | | မင်းပြား | ၁ |
| | | ပေါက်တော | ၁ |
| | | တောင်ကုတ် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ချင်းပြည်နယ် | ဟားခါး | ၂ |
| | | ကန်ပက်လက် | ၁ |
| | | တီးတိန် | ၁ |
| | | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | နေပြည်တော် | လယ်ဝေး | ၂ |
| | | ပျဉ်းမနား | ၁ |
| | | တပ်ကုန်း | ၁ |
| | | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၄။ | ကချင်ပြည်နယ် | ဖားကန့် | ၄ |
| | | စုစုပေါင်း | ၄ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၃–၁၂–၂၀၂၀) ရက်နေ့အတွက် ခတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၉၂၃) ဦး |

* မြို့နယ်မှ(၃)ဦးသည် ပြည်ပနိုင်ငံမှပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာကန့်သတ်ထားရှိခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၂၃–၁၂–၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ခတ်ခွဲအတည်ပြုလူနာ (၉၂၃)ဦး တွင် အနံ့မရရှိသူ (၂၀၀) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID - 19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် ဒီဇင်ဘာ ၂၄** – COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနတို့ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ပြည်သူ့ဝန်ထမ်းအယောင်ဆောင်၍ ခြောက်လှန့်တောင်းယူမှု ကျူးလွန်သူကို စီရင်ချက်အမိန့်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)ရပ်ကွက် သုမိတ္တာ (၂၅)လမ်း အိမ်အမှတ်(၉၇၁)နေ ဦးမင်းသူ (ယခင်လွှတ်တော်ပြင်ပ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေးအဖွဲ့)က ညောင်တုန်းမြို့နယ်အတွင်းမှ ဝန်ထမ်းနှစ်ဦးအား ၎င်းတို့နှင့်ပတ်သက်သော တိုင်စာများ၊ အမှုတွဲများ အဂတိအဖွဲ့သို့ ရောက်ရှိနေကြောင်း၊ ၎င်းသည် အဂတိကော်မရှင်မှ အတွင်းရေးမှူးဖြစ်ကြောင်း၊ တိုင်စာကိစ္စများအား ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ပြောဆိုကာ ဝန်ထမ်းနှစ်ဦးထံမှ ငွေကျပ်သိန်း ၃၀ အား ခြောက်လှန့်တောင်းယူခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

အဆိုပါ တိုင်ကြားချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ စစ်ဆေးခဲ့ရာ ဦးမင်းသူသည် ကော်မရှင်မှ ဝန်ထမ်းတစ်ဦးမဟုတ်ဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အတွင်းရေးမှူးဟု အယောင်ဆောင်ပြောဆိုပြီး ညောင်တုန်းမြို့နယ် ဦးစီးဌာနမှူးနှစ်ဦးထံမှ စုစုပေါင်းငွေကျပ်သိန်း ၃၀ ကို ပြည်သူ့ဝန်ထမ်းအယောင်ဆောင်ကာ ခြောက်လှန့်တောင်းခံရယူခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဦးမင်းသူအပေါ် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့မရဲစခန်းတွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်၌ ပထမသတင်းပေးတိုင်ကြားချက်အမှတ် ၇၆/၂၀၂၀ ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေးဆောင်ရွက်ခဲ့သည်။

အဆိုပါ အမှုအား မတ် ၁၆ ရက်တွင် ညောင်တုန်းမြို့နယ်တရားရုံးမှ ရာဇဝတ်ကြီးမှု အမှတ် ၃၃၉/၂၀၂၀ဖြင့် လက်ခံစစ်ဆေးပြီးနောက် ယနေ့တွင် တရားခံမင်းသူအပေါ် ရာဇသတ်ကြီးပုဒ်မ ၁၇၀ အရ ထောင်ဒဏ်(၁)နှစ်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၈၄ အရ ထောင်ဒဏ်(၂)နှစ်ကျခံစေရန်၊ ပြစ်ဒဏ်များကို သီးခြားကျခံစေရန် စီရင်ချက်အမိန့်ချမှတ်ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။ **သတင်းစဉ်**

❍ *ကျောဖုံးမှ*

အနည်းငယ်ပွဲပန်းမှုဒဏ် ခံစားရဖွယ်ရှိနေသည်။ အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် အဲဗာတန်အသင်းကို ကာဗာနီ၊ မာရှယ်တို့၏ နောက်ကျသွင်းဂိုးများနှင့်အတူ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ လိဂ်ဖလားနောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်သည်။ လက်စတာအသင်းသည် ယခုပွဲစဉ်တွင် မန်ယူအသင်းကို အနိုင်ရရှိပါက ရမှတ် ၃၀ အထိ စုဆောင်းရရှိမည်ဖြစ်ပြီး အမှတ်ပေးဇယားဦးဆောင်သူ လီဗာပူးအသင်းကို ထက်ကြပ်မကွာလိုက်လံဖိအားပေးနိုင်မည်ဖြစ်သည်။ ထိုနည်းတူ မန်ယူအသင်းကလည်း ယခုပွဲစဉ်တွင် လက်စတာအသင်းကို အနိုင်ရရှိခဲ့ပါက ရမှတ် ၂၉ မှတ်ရရှိမည်ဖြစ်ပြီး လီဗာပူးအသင်းကို ဆက်လက်ဖိအားပေးနိုင်မည် ဖြစ်သည်။ ပရီမီယာလိဂ်ပွဲစဉ်(၁၅)မှ နောက်ထပ်စိတ်ဝင်စားဖွယ်ရာ ပွဲအဖြစ် နည်းပြ အာတီတာ၏ အာဆင်နယ်နှင့် နည်းပြလမ်းပတ်၏ ချယ်ဆီးတို့ဆုံတွေ့နေသည်။ အဆိုပါပွဲစဉ်ကို တနင်္ဂနွေနံနက် အစောပိုင်းတွင် အာဆင်နယ်အိမ်ကွင်း၌ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ အာဆင်နယ်အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့်အသင်းဖြစ်ပြီး ၁၄ ပွဲတွင် ၁၄ မှတ်သာရရှိကာ အဆင့် (၁၅) နေရာတွင် ရပ်တည်နေသည်။ ချယ်ဆီးအသင်းက ၁၄ ပွဲတွင် ၂၅ မှတ် အထိ ရရှိထားပြီး အဆင့် (၅) နေရာတွင် ရပ်တည်နေသည်။ အာဆင်နယ်အသင်းသည် အနီးစပ်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်နှင့်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသလို မန်စီးတီးနှင့် လိဂ်ဖလားကွာတားဖိုင်နယ် ပွဲစဉ်တွင်လည်း လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ချယ်ဆီးအသင်းက နောက်ဆုံးကစားခဲ့သည့် ဝက်စ်ဟမ်းနှင့်ပွဲတွင် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

အာဆင်နယ်အသင်းနှင့် ချယ်ဆီးအသင်းတို့ နောက်ဆုံးတွေ့ဆုံခဲ့သည့် ပွဲစဉ်မှာ အက်ဖ်အေဖလားဗိုလ်လုပွဲတွင်ဖြစ်ပြီး အာဆင်နယ်က အူဘာမီယန်၏ သွင်းဂိုး နှစ်ဂိုးနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ အာဆင်နယ်အသင်းသည် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေသည့်အတွက် ယခုပွဲစဉ်ပါ နိုင်ပွဲပျောက်ဆုံးခဲ့လျှင် နည်းပြအာတီတာအပေါ် ဖိအားပိုမိုကျရောက်သွားဖွယ်ရှိနေသည်။ ထို့ကြောင့် အာဆင်နယ်အနေဖြင့် ချယ်ဆီးနှင့်ပွဲကို အနိုင်ရရှိသွားမလားစိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

## နေရာကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မိုး/ဇလ




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄- ၁၂ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၇၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၄၇၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၁၀/၆၅၅ ကျပ် | ၆၅၅/၆၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၆၂၀/၆၇၀ ကျပ် | ၆၇၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၈၅/၆၁၅ ကျပ် | ၆၅၀/၆၅၅ ကျပ် |
| အောက်တိန်း ၉၅ | ၇၀၀/၇၃၀ ကျပ် | ၇၇၅/၇၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၄၀ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၃၆ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၉ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၂၀ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၉၄ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၁၈ . ၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၃၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၀ . ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၅၆၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၁၄ | ၁၃၈၆၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၇၆၀ | ၂၈၅၀၉၅၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၂၇ | ၂၂၄၁၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၈၇၂ | ၁၉၆၁၄၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၁၅၀ | ၄၁၅၅၀၀ |
| EFR | ၃၆၅၀ | ၃၆၅၀ | ၃၀၀ | ၁၀၉၅၀၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ပြီးဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တစ်ပြည်လုံးအတိုင်းအတာနှင့် သိရှိနိုင်ရန် ကြေညာပေးခဲ့ပြီးဖြစ်သည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၅၂)

# ရွေးကောက်ပွဲမှသည် ဒီမိုကရေစီရှေ့ခရီးသို့

မောင်စာဂ

၂၀၂၀ ပြည့်နှစ် ကုန်ဆုံး၍ ၂၀၂၁ ခုနှစ်သို့ ကူးပြောင်းပါတော့မည်။ ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲကြီးနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာဆောင်းပါးများကို ရေးသားမျှဝေခဲ့သည်မှာ ယနေ့ ဆောင်းပါးအပါအဝင် ၅၂ ပုဒ် ရှိပါပြီ။ ရွေးကောက်ပွဲချောမောအောင်မြင်စွာ ကျင်းပနိုင်ရေး ရည်ရွယ်ချက်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့မှစတင်၍ အပတ်စဉ် သောကြာနေ့တိုင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြနိုင်ခဲ့သည်။ များစွာပီတိဖြစ်မိသည်။ ယခုဆောင်းပါးသည် “၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ” ခေါင်းစဉ်ကြီးအောက်တွင် ရေးသားသည့် နောက်ဆုံးဆောင်းပါး ဖြစ်ပါမည်။ ရွေးကောက်ပွဲမှသည် ဒီမိုကရေစီရှေ့ခရီးအတွက် ရွေးကောက်ပွဲအပေါ် အကြံပြုရန်ရှိသည့် အချက်များထဲမှ အဓိကအချက်များကို ကောက်နုတ်ဖော်ပြခြင်းဖြင့် ၂၀၂၀ ပြည့်နှစ်ကို နှုတ်ဆက်ပြီးလျှင် ၂၀၂၁ ခုနှစ်ကို ကြိုဆိုပါရစေ။

**မဲစာရင်းပြုစုခြင်း**

ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်း ပြည့်စုံမှန်ကန်ရေးသည် အဓိကဖြစ်သည်။ မဲစာရင်း ပြည့်စုံမှန်ကန်မှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြမည်။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ မဲစာရင်းကို အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပသည့်အခါတိုင်း ပြန်လည်ပြုစုကြရသည်။ ဥပဒေပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူဖြစ်သော၊ မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သောသူများကို မဲစာရင်းတွင် ထည့်သွင်းပြုစုရပါသည်။ သို့ပါ၍ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ပြုစုထားသော လူဦးရေကိုအခြေခံ၍ ပြုစုကြရသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ပုံစံ ၆၆/ ၆ ဖြစ်သည့် အိမ်ထောင်စုစာရင်း (သန်းခေါင်စာရင်း)ကို အခြေခံသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လက်ရှိနေထိုင်လျက်ရှိသော လူဦးရေစာရင်းကို အခြေခံသည်။ မဲစာရင်းသည် လူဦးရေစာရင်းအပေါ် အခြေခံရသည်ဖြစ်၍ လူဦးရေ စာရင်းမှန်ကန်မှသာ မဲစာရင်း မှန်ကန်ပါမည်။

ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်စေရေးအတွက် အခက်အခဲဖြစ်စေသည့် ပထမအချက်မှာ ရပ်ကွက်/ ကျေးရွာများမှ အိမ်ထောင်စုတချို့တွင် အိမ်ထောင်စုစာရင်း ပုံစံ ၆၆/ ၆ မရှိ၍ ဖြစ်သည်။ အချို့နေအိမ်တွင် အိမ်ထောင်စုစာရင်း ပုံစံ ၆၆/ ၆ ရှိသော်လည်း ယင်းအိမ်တွင် အိမ်ထောင်စုဝင်များ နေထိုင်ခြင်းမရှိဘဲ အိမ်ထောင်စုဝင်များမဟုတ်သည့် အိမ်ငှားများသာ နေထိုင်ကြသည်လည်းရှိသည်။ ဒုတိယအချက်မှာ နေရာဒေသတစ်ခုတွင် အတည်တကျနေထိုင်ခြင်းမရှိသည့် ရွှေ့ပြောင်းလုပ်သားများ ရှိနေသကဲ့သို့ မွေးဖွားသေဆုံးသူများကြောင့်လည်း လူဦးရေပြောင်းလဲမှု ရှိနေသည်။ တတိယအချက်မှာ အသက် ၁၈ နှစ်ပြည့်သူအချို့မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိကြခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမအကြိမ်ဆန္ဒမဲပေးမည့်သူ ၅ သန်းနီးပါး ထပ်တိုးလာပါဦးမည်။ ဤကဲ့သို့သော အခြေအနေများကြောင့် ကျင်းပပြီးစီးခဲ့သော အထွေထွေရွေးကောက်ပွဲများတွင် တာဝန်ရှိသူများက မဲစာရင်းပြည့်စုံ မှန်ကန်စေရေးအတွက် မည်သို့ပင် ကြိုးပမ်းအားထုတ်ကြစေကာမူ မဲစာရင်း အငြင်းပွားမှုများ ပုံစံအမျိုးမျိုးနှင့် ရှိနေပြီး ယင်းအပေါ် ဝေဖန်သုံးသပ်ခြင်းခံရသည်။ ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ဤအခြေအနေများ အတိုင်း ဖြစ်တည်နေမည်ဆိုလျှင် မဲစာရင်းအပေါ် အငြင်းပွားမှုများ ဆက်လက်ရှိနေပါဦးမည်။ ထို့ကြောင့် ဤသို့ အကြံပြုလိုပါသည်-

(က) အိမ်ထောင်စုတိုင်း အိမ်ထောင်စုစာရင်း ပုံစံ ၆၆/၆ ရှိရပါမည်။

(ခ) အသက် ၁၈ နှစ်ပြည့်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရှိရပါမည်။

(ဂ) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းမှတ်ပုံတင်စာအုပ် ထားရှိရပါမည်။ အသက် ၁၈ နှစ်ပြည့်သူတိုင်း မဲစာရင်းတွင်လာရောက်ထည့်သွင်း၍ မှတ်ပုံတင်စေရပါမည်။ တစ်နေရာမှ တစ်နေရာသို့ အမြဲပြောင်းရွှေ့နေထိုင်မည်ဆိုပါက မဲစာရင်းမှတ်ပုံတင်မှ နုတ်ပယ်၍ ရောက်ရှိနေထိုင်သည့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မဲစာရင်းမှတ်ပုံတင်စာအုပ်တွင် ဖြည့်သွင်းရပါမည်။ (နိုင်ငံအများစုတွင် ဤကဲ့သို့ မဲစာရင်း မှတ်ပုံတင်စာအုပ် ထားရှိဆောင်ရွက်လျက်ရှိပါသည်။ )

(ဃ) အသက် ၁၈ နှစ်ပြည့်၍ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ကတ်ပြား (သို့မဟုတ်) မဲဆန္ဒရှင်သက်သေခံကတ်ပြားကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရပါမည်။

> **“ဒီမိုကရေစီ၏ အခြေခံသည် ရွေးကောက်ပွဲများဖြစ်သည်။ ဒီမိုကရေစီစနစ် ရှင်သန်နေစေဖို့ ရွေးကောက်ပွဲများ ရှင်သန်နေရမည်။ ရွေးကောက်ပွဲများ ရှင်သန်စေဖို့ ဒီမိုကရေစီ ကျင့်စဉ်၊ ဒီမိုကရေစီ စိတ်ထားများ အားကောင်းခိုင်မာနေရမည်။ ဒီမိုကရေစီကျင့်စဉ်သည် ပြည်သူများက ပြည်သူများအတွက် ပြည်သူများပါဝင် စီမံခန့်ခွဲသော ကျင့်စဉ်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရသည် အများစု၏ ဆန္ဒကို အနည်းစုကလေးစားလိုက်နာကြရပြီး အနည်းစု၏ ဆန္ဒကို အများစုက အလေးထားကြရခြင်းပင်ဖြစ်”**

(င) မဲစာရင်းကောက်ခံသူစာရေးတစ်ဦး ရပ်ကွက်နှင့် ကျေးရွာအုပ်စုတိုင်းတွင် ခန့်ထားသင့်ပါသည်။ ၎င်းသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူး ဖြစ်ရပါမည်။

(စ) မဲစာရင်း ပြည့်စုံမှန်ကန်ရေး တစ်နှစ်လျှင် တစ်ကြိမ် စစ်ဆေးအတည်ပြုကြေညာသင့်ပါသည်။ ( မြန်မာနိုင်ငံ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ဤကဲ့သို့ကျင့်သုံးခဲ့သည်။)

**ဆန္ဒမဲပေးပိုင်ခွင့်သက်သေခံကတ်ပြားထားရှိခြင်း**

အသက် ၁၈ နှစ်ပြည့်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့် သက်သေခံကတ်ပြား သို့မဟုတ် မဲဆန္ဒရှင်သက်သေခံကတ်ပြားရှိထားရပါမည်။ ဤကတ်ပြားတွင် မဲဆန္ဒရှင်၏ ဓာတ်ပုံကပ်ထားရပါမည်။ အတုအပမပြုလုပ်နိုင်ရန် သေချာစွာစီမံဆောင်ရွက်သင့်သည်။ ထိုသို့ထားရှိခြင်းအားဖြင့် မဲစာရင်းပြုစုခြင်း၊ ပြည်တွင်းပြည်ပ ကြိုတင်ဆန္ဒမဲပေးခြင်း၊ မိမိတို့၏ အမြဲတမ်းနေရပ်မှ မဲဆန္ဒနယ်ပြင်ပသို့ အနည်းဆုံး ရက်ပေါင်း ၉၀ အထက် ရောက်ရှိနေထိုင်သူများ ရောက်ရှိနေထိုင်သည့် မဲစာရင်းတွင် ဖြည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့သွားပါမည်။ မဲစာရင်း မှတ်ပုံတင်စာအုပ်ထားရှိခြင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်သက်သေခံကတ်ပြား ရှိထားခြင်းတို့သည် မဲစာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် များစွာ အထောက်အကူ ဖြစ်ပါသည်။ အထွေထွေရွေးကောက်ပွဲ ကျင်းပတိုင်း ကျင်းပတိုင်း လူအင်အားများစွာနှင့် ငွေကြေးအမြောက်အမြား အသုံးပြုရန် မလိုအပ်တော့ပါ။ တစ်ကြိမ်အပင်ပန်းခံ ကြိုးပမ်းအားထုတ်ဆောင်ရွက်ခြင်းဖြင့် ရွေးကောက်ပွဲတိုင်းအတွက် လွယ်ကူချောမွေ့သွားမည်ဖြစ်သည်။

**ဆန္ဒပြုသည့်နည်းစနစ်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြု၍ ရွေးချယ်သည့် နည်းစနစ်အဓိကအားဖြင့် နှစ်မျိုး တွေ့ရသည်။ ပထမတစ်မျိုးမှာ အီလက်ထရွန်နစ် နည်းပညာဖြင့် ဆန္ဒပြုသည့်စနစ် ( Electronic Voting Machine ) ဖြစ်ပြီး ဒုတိယတစ်မျိုးမှာ သမားရိုးကျစနစ် (Manual စနစ်)ကို ကျင့်သုံးခြင်းဖြစ်သည်။ အီလက်ထရွန်နစ်နည်းပညာကို ကျင့်သုံး၍ ဆန္ဒပြုရာတွင် အငြင်းအခုံပြဿနာ ကြုံတွေ့မှု များပြားတတ်သဖြင့် အချို့သောနိုင်ငံများသည် အီလက်ထရွန်နစ်နည်းပညာကို အသုံးပြု၍ ဆန္ဒပြုသည့်နည်းစနစ်မှ Manual စနစ်ကို ပြန်လည်ကျင့်သုံး၍ ဆန္ဒပြုကြသည်ကို တွေ့ရှိရသည်။

Manual စနစ်ကို ကျင့်သုံး၍ ဆန္ဒပြုရာတွင်လည်း အမျိုးမျိုးတွေ့ရသည်။ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိ ရွေးချယ်မည့် ကိုယ်စားလှယ်လောင်းအတွက် သတ်မှတ်ထားသည့်အကွက်အတွင်း၌ သံချွန်ဖြင့် ထိုးဖောက်၍ ဆန္ဒပြုခြင်း၊ တံဆိပ်တုံးနှိပ်၍ဆန္ဒပြုခြင်း၊ ခဲတံ သို့မဟုတ် ဘောလ်ပင်ဖြင့် အမှတ်အသားပြု၍ ဆန္ဒပြုခြင်းတို့ ဖြစ်သည်။ အများစုနိုင်ငံများမှာ ဘောလ်ပင်ဖြင့် အမှတ်အသားပြုရာတွင် ကြက်ခြေခတ်အမှတ်အသား ( X ) သို့မဟုတ် အမှန်ခြစ်အမှတ်အသား ( √ ) ကို အသုံးပြုကြသည်။ အချို့နိုင်ငံများက သတ်မှတ်ထားသောအကွက်ထဲတွင် မဲဆန္ဒရှင်က မိမိအမည်ရေးခြင်း သို့မဟုတ် မိမိလက်မှတ်ရေးထိုးခြင်းမှလွဲ၍ မည့်သည့်သင်္ကေတ အမှတ်အသားမျိုးကိုမဆို ရေးမှတ်၍ ဆန္ဒပြုနိုင်သည်။ ထိုသို့ဆန္ဒပြုခြင်းသည် အငြင်းပွားမှုအနည်းဆုံးဟု ဆိုကြသည်။

မြန်မာနိုင်ငံတွင် ပါလီမန်ခေတ်ရွေးကောက်ပွဲများ၌ မဲပြားကို အသုံးပြုကာ လျှို့ဝှက်ခန်းတွင် ထားရှိသော ကိုယ်စားလှယ်လောင်းများ၏ မဲပုံးများထဲမှ မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်း၏ မဲပုံးထဲသို့ထည့်သွင်း၍ ဆန္ဒပြုသည့်နည်းစနစ်ကို ကျင့်သုံးသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် တစ်ပါတီစနစ်ဖြစ်ပြီး ယှဉ်ပြိုင်သူတစ်ဦးသာရှိသည်။ ထောက်ခံမဲပုံး၊ ကန့်ကွက်မဲပုံးနှစ်ခုတွင် မိမိကြိုက်နှစ်သက်ရာမဲပုံးအတွင်းသို့ မဲပြားကို ထည့်ကာ ဆန္ဒပြုသည့် နည်းစနစ်ကိုကျင့်သုံးသည်။ ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲလက်မှတ်ကို အသုံးပြုကာ မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းဘေးတွင် သတ်မှတ်ထားသော အကွက်အတွင်း၌ ဘောလ်ပင်ဖြင့် ကြက်ခြေခတ်အမှတ်အသား (X)ကို ပြု၍ ဆန္ဒပြုသည့်စနစ်ကို ကျင့်သုံးသည်။ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် သတ်မှတ်ထားသော အကွက်အတွင်း၌ ဘောလ်ပင်ဖြင့် အမှန်အမှတ်အသား ( √ ) ပြု၍ဆန္ဒပြုခြင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် သတ်မှတ်ထားသော အကွက်အတွင်း၌ အမှန်အမှတ်အသား ( √ ) ပါသော တံဆိပ်တုံးကိုနှိပ်၍ ဆန္ဒပြုခြင်းနည်းစနစ်ကို ကျင့်သုံးခဲ့သည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသော UEC စာလုံးပါ အမှန်အမှတ်သား (√ )တံဆိပ်တုံး မဟုတ်ဘဲ UEC စာလုံးမပါသည့် ( √ ) အမှတ်အသားပါ တံဆိပ်တုံးများဖြင့် ဆန္ဒပြု၍ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန် ဖန်တီးအားထုတ်မှုများ တွေ့ကြုံခဲ့ရသည်။ အချိန်မီ သိရှိတားဆီးနိုင်ခဲ့ခြင်းကြောင့်သာ ထိုကဲ့သို့ မသမာမှုလုပ်ရပ်များမှ ကျော်လွှားနိုင်ခဲ့သည်။ ထို့ကြောင့် တံဆိပ်တုံးကို အသုံးပြု၍ ဆန္ဒပြုခြင်း နည်းစနစ်ကို ဆက်လက်ကျင့်သုံးသင့်မသင့် စဉ်းစားရပါမည်။ Manual စနစ်ကို ကျင့်သုံး၍ ဆန္ဒပြုခြင်းနည်းစနစ်များသည်လည်း တစ်ခုမဟုတ်တစ်ခု အားသာချက်၊ အားနည်းချက်များ ရှိပါသည်။ အများလက်ခံထားသည်မှာ သတ်မှတ်ထားသော အကွက်ထဲတွင် မဲဆန္ဒရှင်က ၎င်း၏အမည် သို့မဟုတ် လက်မှတ် ရေးထိုးဖော်ပြခြင်းမှလွဲ၍ ၎င်းနှစ်သက်ရာ အမှတ်အသား တစ်စုံတစ်ရာပြု၍ ဆန္ဒပြုခြင်းက အမှားအယွင်း နည်းနိုင်သည်ဟုဆိုကြသည်။ သို့ဖြစ်၍ ယင်းနည်းစနစ်ကို ကျင့်သုံးသင့် မသင့် သို့မဟုတ် အခြားမည်သည့် နည်းစနစ်ကို ကျင့်သုံးသင့်ကြောင်း ပြန်လည်သုံးသပ်မှုပြုလုပ်ရန် လိုအပ်ပါသည်။


**မဲရုံများ ပြင်ဆင်ခင်းကျင်းခြင်း**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ကျန်းမာရေးစံလုပ်ငန်း လမ်းညွှန်ချက်များနှင့် အညီ မဲရုံအတွင်းနှင့် မဲရုံပြင်ပပြင်ဆင်ခင်းကျင်းမှု အနေအထားမှာ ယခင် ရွေးကောက်ပွဲများနှင့်မတူ ပို၍ စနစ်ကျသည်၊ စည်းကမ်းတကျ ရှိသည်။ အများအားဖြင့် မဲရုံပြင်ပတွင် မဲဆန္ဒရှင်များ တည်ငြိမ်အေးချမ်းစွာ တန်းစီနေရာယူနိုင်သည်။ မဲရုံအတွင်းတွင်လည်း စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်သည်။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ ရွေးကောက်ပွဲလေ့လာသူများ သက်သောင့်သက်သာ ကိုယ်စီတာဝန်များ ဆောင်ရွက်နိုင်ကြသည်။ နောင်လာမည့် ရွေးကောက်ပွဲများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ထားရှိဆောင်ရွက်ရန် မလိုအပ်သော်လည်း မဲရုံအတွင်း အခင်းအကျင်းများကို ဤပုံစံအတိုင်း ဆက်လက်ဆောင်ရွက်သင့်သည်။ မဲရုံပြင်ပတွင် မဲဆန္ဒရှင်တစ်ဦးနှင့်တစ်ဦး တစ်ပေခန့် အကွာ စနစ်တကျတန်းစီ၍ ဆန္ဒမဲပေးခြင်းမျိုး ဆက်လက်ပုံဖော်သင့်ပါသည်။


**ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်း**

ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်သည်များပြားသည်။ တိကျသေချာမှုရှိရန် လိုသည်။ ရွေးကောက်ပွဲနီးမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြရမည်မဟုတ်၊

*စာမျက်နှာ ၂၁ သို့*




# ဆရာဝန် နိုင်ငံရေးသမား




မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ရေးသားထားသော ဆရာဝန် နိုင်ငံရေးသမား စာအုပ် ထွက်ရှိလာသည်။ ဒေါက်တာဇော်မြင့်မောင်ကိုယ်တိုင် ရေးသားခဲ့သော ဆောင်းပါးများ၊ ကဗျာများကို တစုတစည်းတည်း ဖတ်ရှုနိုင်မည်ဖြစ်ပြီး ဒေါက်တာဇော်မြင့်မောင် ပြောကြားခဲ့သော မိန့်ခွန်းကောက်နုတ်ချက်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။ နိုင်ငံရေးစိတ်ဝင်စားသူများ၊ ရွေးကောက်ပွဲသုံးကြိမ်ဆက်တိုက် အနိုင်ရခဲ့သူ ဆရာဝန်တစ်ယောက်၏ နိုင်ငံရေးခရီးကို တစေ့တစောင်း လေ့လာလိုသူများအနေဖြင့် ဖတ်သင့်သော စာအုပ်ကောင်းတစ်အုပ်အဖြစ် လမ်းညွှန်လိုပါသည်။

စာအုပ်တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် အလင်္ကာစာအုပ်တိုက်၊ တိုက်အမှတ်(၄)၊ အခန်း(၁၇)၊ အနုပညာလမ်း၊ မင်္ဂလာမန္တလေးလမ်း၊ ၇၃ လမ်း၊ သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၅၉၀၉၀၄၅၁၊ ၀၉-၄၅၉၀၉၀၄၅၂ တို့သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

# ရင်ထဲက ပွဲတင်သံ အမှတ်-၅




ရန်ကုန်တက္ကသိုလ် သက်တမ်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်၌ "ရင်ထဲက ပွဲတင်သံ- ၅ ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်" မဂ္ဂဇင်းကို မှတ်တိုင်တစ်ခုအဖြစ် ထုတ်ဝေလိုက်သည်။ မဂ္ဂဇင်းတွင် ကလောင်ဟောင်းများ၊ ကလောင်သစ်ပေါင်းစုံ၏ သုတ၊ ရသ မြောက်ဆောင်းပါး၊ ဝတ္ထု စသည်တို့ကို ခံစားဖတ်ရှုနိုင်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်အဖြစ် ထုတ်ဝေလိုက်သော ရင်ထဲက ပွဲတင်သံ အမှတ်- ၅ မဂ္ဂဇင်းကို SMART (စမတ်) စာပေ၊ BES building၊ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာလမ်းထောင့် သိမ်ဖြူလက်ဖက်ရည်ဆိုင်၊ ... မင်္ဂလာတောင်ညွန့်မြို့နယ်မှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေရာ ငွေကျပ် ၃၅၀၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။

အ သုံးလုံးအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများသည် ဥက္ကဋ္ဌ ဦးမျိုးသန့် ဖုန်း ၀၉-၅၀၁၀၇၅၄ ထံ ဆက်သွယ်၍ဖြစ်စေ၊ မအိမ့်အိမ့်သူ ဖုန်း ၀၉-၅၀၉၄၁၈၁ အမှတ် (၁၆၇)၊ ၃၅ လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်ထံ ဆက်သွယ်၍ဖြစ်စေ အထူးနှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဒီဇင်ဘာလ ၂၆ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အရာရာကို စူးစမ်းတတ်သော မောင်ထွေးလေး အကြောင်းကို တင်ဆက်ထားသည့် "မောင်ထွေးလေးနှင့် ထူးဆန်းသောအသား" မျက်နှာဖုံးကာတွန်း၊ နိုင်ငံတကာနှစ်သစ်ကူးနေ့အကြောင်းကို ကလေးတို့ဗဟုသုတရစေရန် တင်ဆက်ထားသည့် "ပျော်ရွှင်ဖွယ် နှစ်သစ်ကူးနေ့" သုတဆောင်းပါး၊ ကလေးတို့ သချာဉာဏ်ထက်မြက်စေရန် တင်ဆက်ထားသည့် "ရွှေသွေးတို့ ပျော်စရာ" ဉာဏ်စမ်းသချာကဏ္ဍ၊ ဉာဏ်ထက်မြက်သော ပညာရှိအမတ်ကြီး အတွင်းဝန်ဦးပေါ်ဦး၏အကြောင်းကို ရေးဖွဲ့ထားသော "ဘုရင့်ထက်ကြောက်ရသူများ" နှစ်မျက်နှာကာတွန်း၊ ကလေးတို့ပညာသင်ကြားရာတွင် စာမေးပွဲအောင်မြင်ရန်အတွက် ဆရာ့ထံလာဘ်ပေးခြင်း မပြုလုပ်ဘဲ ပညာကို ကြိုးစားသင်ယူရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "ကန်တော့ခြင်းနှစ်မျိုး" ကလေးဝတ္ထု၊ လောကတွင် အချင်းချင်းစည်းလုံးညီညွတ်ခြင်းသည် ကြီးမားသောအင်အားတစ်ခု ဖြစ်စေနိုင်ပုံအကြောင်းကို ပညာပေးတင်ဆက်ထားသည့် "နွားထီးသုံးကောင်နှင့် ခြင်္သေ့" ပုံပြင်ကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်း၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဝင်ငွေနည်းပြည်သူများအတွက် ကျန်စစ်မင်းအိမ်ရာစီမံကိန်းမှ တန်ဖိုးနည်းတိုက်ခန်းများရောင်းမည်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပြီးဖြစ်သော ကျန်စစ်မင်းအိမ်ရာစီမံကိန်းအပိုင်း (၁) နှင့် အပိုင်း(၂) တို့မှ တန်ဖိုးနည်းနှင့် တန်ဖိုးသင့်တိုက်ခန်းများမှာ ယခုအခါ တည်ဆောက်ပြီးစီးပြီဖြစ်၍ အိမ်ရာနှင့် အဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (CHID Bank) ၌ အနည်းဆုံးစုဆောင်းငွေကျပ်သိန်း ၃၀ စုဆောင်းထားရှိသူတိုင်းကို ၁၅ နှစ်အရစ်ကျပေးချေစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရောင်းချပေးမည့် ကျန်စစ်မင်းအိမ်ရာစီမံကိန်း အပိုင်း (၁) နှင့် အပိုင်း(၂) တွင် အပိုင်း(၁)မှာ အဆောက်အအုံ ၇၃ လုံး၊ လေးခန်းတွဲ ငါးထပ် ၁၅ လုံးမှ အခန်း ၃၀၀ ၊ လေးခန်းတွဲ ငါးထပ် (လေးဖက်လှ) ၁၃ လုံး အခန်း ၂၆၀၊ ရှစ်ခန်းတွဲ ငါးထပ် ၁၉ လုံး အခန်း ၇၃၂ ခန်း၊ ခြောက်ခန်းတွဲ ငါးထပ် ၁၆ လုံး အခန်း ၄၈၀ ၊ ၁၂ ခန်းတွဲ ငါးထပ် ၁၀ လုံး အခန်း ၆၀၀ ဖြစ်သည်။

ကျန်စစ်မင်းအိမ်ရာအပိုင်း (၂) တွင် လေးခန်းတွဲ ငါးထပ် စတုရန်းပေ ၁၁၅၀ ၁၃ လုံး အခန်း ၂၀၈ ခန်း၊ စတုရန်းပေ ၈၀၀ ၁၃ လုံး အခန်း ၂၀၈ ခန်း၊ နှစ်ခန်းတွဲ ငါးထပ် စတုရန်းပေ ၁၁၅၀ ရှစ်လုံး အခန်း ၆၄ ခန်း၊ နှစ်ခန်းတွဲ ငါးထပ် ၁၁၇၄ စတုရန်းပေ ၁၂ လုံး ၉၆ ခန်း၊ တစ်ခန်းတွဲ လေးထပ် စတုရန်းပေ ၁၅၀၀ ၂၂ လုံး ၈၈ ခန်း ဖြစ်သည်။

ရောင်းချမည့်ဈေးနှုန်းမှာ ကျန်စစ်မင်းအပိုင်း (၁) တွင် ရှစ် ခန်းတွဲ ငါးထပ် ၁၂ လုံး အခန်း ၄၈၀ ကို မြေညီထပ် ငွေကျပ် ၁၄၂ သိန်း၊ ပထမထပ် ငွေကျပ် ၁၃၉ သိန်း၊ ၁၃၂ သိန်း ဈေးနှစ်စား၊ ဒုတိယထပ်ကို ငွေကျပ် ၁၂၉ သိန်းနှင့် ၁၂၂ သိန်း ဈေးနှစ်စား၊ တတိယထပ်ကို ငွေကျပ် ၁၁၉ သိန်းနှင့် ၁၁၂ သိန်း ဈေးနှစ်စား၊ စတုတ္ထထပ်ကို ငွေကျပ် ၁၀၉ သိန်းနှင့် ၁၀၂ သိန်း ဈေးနှစ်စားနှင့် ၎င်းတိုက်မှပင် စတုရန်းပေ ၁၁၀၀ အခန်းကို မြေညီထပ် (Shop House) အား ငွေကျပ်သိန်း ၄၃၀ ၊ ပထမထပ် ငွေကျပ် ၁၃၉ သိန်းနှင့် ၁၃၂ သိန်း ဈေးနှစ်စား၊ ဒုတိယထပ် ငွေကျပ် ၁၂၉ သိန်းနှင့် ၁၂၂ သိန်း၊ တတိယထပ် ငွေကျပ် ၁၁၉ သိန်းနှင့် ၁၁၂ သိန်း၊ စတုတ္ထထပ်ကို ငွေကျပ် ၁၀၉ သိန်းနှင့် ၁၀၂ သိန်း ဈေးနှစ်စား၊ ခြောက်ခန်းတွဲ ငါးထပ်တိုက် ၁၆ လုံးမှ အခန်း ၄၈၀ ကို မြေညီထပ် ငွေကျပ် ၁၂၉ သိန်း၊ ပထမထပ် ငွေကျပ် ၁၁၉ သိန်း၊ ဒုတိယထပ် ငွေကျပ် ၁၀၉ သိန်း၊ တတိယထပ် ငွေကျပ် ၉၉ သိန်း၊ စတုတ္ထထပ် ငွေကျပ် ၈၉ သိန်း၊ ၁၂ ခန်းတွဲ ငါးထပ်တိုက် ၁၀ လုံး အခန်းပေါင်း ၆၀၀ ကို မြေညီထပ် ငွေကျပ် ၁၀၆ သိန်း၊ ပထမထပ် ငွေကျပ် ၉၆ သိန်း၊ ဒုတိယထပ် ငွေကျပ် ၈၆ သိန်း၊ တတိယထပ် ငွေကျပ်၇၆ သိန်း၊ စတုတ္ထထပ် ငွေကျပ် ၆၆ သိန်းဖြစ်သည်။

ကျန်စစ်မင်းအိမ်ရာစီမံကိန်းအပိုင်း(၂) တန်ဖိုးသင့်အိမ်ရာများမှာ တစ်ခန်းချင်း စတုရန်းပေ ၁၅၀၀ အထိရှိ၍ မြေညီထပ် ငွေကျပ် ၉၅၃ သိန်းအထိရှိပြီး စတုတ္ထထပ်အနည်းဆုံး ငွေကျပ် ၄၅၁ သိန်းအထိရှိသည်ဟု သိရသည်။

တန်ဖိုးနည်းအိမ်ရာများကို ချေးငွေစုဆောင်းငွေများဖြင့် ဝယ်ယူလိုပါက (CHID Bank) ဘဏ်တွင် စုဆောင်း ငွေစာရင်းဖွင့်၍ ဌာနနှင့်ဆက်သွယ်ဝယ်ယူနိုင်ပြီး တန်ဖိုးသင့်အိမ်ရာမှ အခန်းများဝယ်ယူသူများအနေဖြင့် ညွှန်ကြားရေးမှူးချုပ် လိပ်စာတပ်၍ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်၌ လျှောက်ထားဝယ်ယူနိုင်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

*စာမျက်နှာ ၂၀ မှ*

ရွေးကောက်ပွဲအဆင့်ဆင့်ရှိ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ အထူးသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲတို့အား တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် သင်တန်းပေးခြင်း၊ လက်တွေ့သရုပ်ပြ ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသင့်သည်။ မဲဆန္ဒရှင်ပြည်သူများသို့ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် စဉ်ဆက်မပြတ် စီမံဆောင်ရွက်သင့်သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်း စေသင့်ပါသည်။

**နိုင်ငံရေးပါတီများ**

ဒီမိုကရေစီရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးသည်။ နိုင်ငံနှင့် ပြည်သူအကျိုးကို ဦးတည်ကြိုးပမ်း တာဝန်ယူဆောင်ရွက်လိုကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်၍ ပြည်သူတို့၏ဆန္ဒမဲဖြင့် ရွေးချယ်ခံကြခြင်းဖြစ်သည်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ပြည်သူတို့၏ ဆန္ဒအမှန်ရရှိရေးအတွက် ကမကထပြု စီစဉ်ဆောင်ရွက်ပေးခြင်းသာ ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိသူများနှင့် စုံညီအစည်းအဝေးများကို အကြောင်းအားလျော်စွာ ပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို အကျေအလည်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။ အချို့သော ကိစ္စရပ်များအပေါ် နိုင်ငံရေးပါတီအချို့က အယူအဆ၊ သဘောထားအမြင် မတူညီမှုများ ရှိခဲ့သည်။ မည်သို့ဆိုစေ ဒီမိုကရေစီရေးရှည်တည်တံ့ဖွံ့ဖြိုးရေးအတွက် နိုင်ငံရေးပါတီများ ရှင်သန်အားကောင်းရန် လိုအပ်သည်။ ဒီမိုကရေစီခရီးဖော်များဖြစ်ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ပိုမိုရင်းနှီးပွင့်လင်းစွာ နိုင်ငံချစ်စိတ်ဖြင့် တွဲလက်ညီညီ ဆောင်ရွက်သွားကြရပါမည်။

**သတင်းမီဒီယာများ**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သတင်းမီဒီယာများ ပူးပေါင်းဆောင်ရွက်ခြင်းကဏ္ဍသည် ယခင်ကျင်းပပြီးစီးခဲ့သည် ရွေးကောက်ပွဲများထက် ပို၍အားကောင်းခဲ့သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကော်မရှင်အဖွဲ့ဝင်များ ပါဝင်သော သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းအချက်အလက်များ ပေးခဲ့သည်။ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့သည်။ သတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ သတင်းမီဒီယာများဘက်မှ ကျေနပ်မှုအပြည့်အဝ မရရှိနိုင်သည့်တိုင် ယခင်ရွေးကောက်ပွဲများနှင့်စာပါက အားရစရာဖြစ်ပါမည်။ သတင်းမီဒီယာများဘက်တွင် အများစုသတင်းမီဒီယာများသည် ရွေးကောက်ပွဲဆိုင်ရာ သတင်းထုတ်ပြန်ချက်များ တိကျမှန်ကန် အားကောင်းပါသည်။ ပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေခဲ့သည်။ မဲဆန္ဒရှင်ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို မှန်ကန်ပြည့်စုံစွာ သိရှိခြင်းဖြင့် နိုင်ငံအတွက် ကောင်းကျိုးဖြစ်ထွန်းစေပါမည်။ ဤတာဝန်ကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သတင်းမီဒီယာများက အတူတကွ အစဉ်အမြဲ လက်တွဲပူးပေါင်းဆောင်ရွက်ကြရပါမည်။

**ဥပဒေမူဘောင်**

ပိုမိုကောင်းမွန်သော ရွေးကောက်ပွဲနည်းစနစ်များကို ပြင်ဆင်မည်ဆိုပါက သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေများနှင့် နည်းဥပဒေများကို မပြင်ဆင်ဘဲ ဆောင်ရွက်၍ရနိုင်သည်များ ရှိသကဲ့သို့ ပြင်ဆင်ပြီးမှ ဆောင်ရွက်နိုင်သည်များလည်း ရှိနိုင်သည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများကို ပြင်ဆင်ရန်လိုအပ်လျှင် ပြင်ဆင်ကြရပါမည်။ လိုအပ်လျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်အပိုင်းများ ပြင်ဆင်ရပါမည်။ သို့မှသာ ရွေးကောက်ပွဲများ ပိုမို အားကောင်းပြီး ရှင်သန်နေပါမည်။

**ရွေးကောက်ပွဲမှသည် ဒီမိုကရေစီရှေ့ခရီးသို့**

ဒီမိုကရေစီ၏အခြေခံသည် ရွေးကောက်ပွဲများဖြစ်သည်။ ဒီမိုကရေစီစနစ်ရှင်သန်နေစေဖို့ ရွေးကောက်ပွဲများ ရှင်သန်နေရမည်။ ရွေးကောက်ပွဲများရှင်သန်စေဖို့ ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီစိတ်ထားများ အားကောင်းခိုင်မာနေရမည်။ ဒီမိုကရေစီကျင့်စဉ်သည် ပြည်သူများက ပြည်သူများအတွက် ပြည်သူများပါဝင် စီမံခန့်ခွဲသောကျင့်စဉ်ဖြစ်သည်။ ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရသည် အများစု၏ ဆန္ဒကို အနည်းစုကလေးစားလိုက်နာကြရပြီး အနည်းစု၏ဆန္ဒကို အများစုက အလေးထားကြရခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးတစ်ထောက်အဖြစ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ချောမောအောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါပြီ။ လွှတ်တော်အသစ်များ၊ အစိုးရအဖွဲ့အသစ်များ ပေါ်ပေါက် လာပါမည်။ ဒီမိုကရေစီရှေ့ခရီး ဆက်လက်လျှောက်လှမ်းရပါဦးမည်။ ပြည်သူများ၏စုပေါင်းအားဖြင့် အခက်အခဲဟူသမျှ ရင်ဆိုင်ကျော်လွှား၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဆက်လက်တည်ဆောက်ကြရပါဦးမည်။

၂၀၂၀ ပြည့်နှစ်မှ နောင်ငါးနှစ်ပြည့်၍ ၂၀၂၅ ခုနှစ် ရောက်သည့်အခါ စတုတ္ထအကြိမ် လွှတ်တော် သက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီး ထပ်မံကျင်းပရပြန်ပါဦးမည်။ မြန်မာနိုင်ငံ ဒီမိုကရေစီ ရှေ့ခရီး သာယာဖြောင့်ဖြူးဖို့ နောင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများ ပို၍ပို၍ လွတ်လပ်မျှတ ချမ်းမြေ့ပျော်ရွှင်စွာကျင်းပနိုင်ရေး အတူတကွတွဲလက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါ စေကြောင်းပါဗျာ။

- ❖ **၂၀၂၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး အားအင်သစ်များ ဖြစ်ထွန်းကြပါစေ၊**
- ❖ **လွတ်လပ်မျှတ၍ ပိုမိုကောင်းမွန်သော ရွေးကောက်ပွဲနည်းလမ်းများဖြင့် ပြည်သူ့ဆန္ဒကို မှန်ကန်စွာ ဖော်ထုတ်နိုင်ကြပါစေ၊**
- ❖ **မြန်မာနိုင်ငံ၏ဒီမိုကရေစီရှေ့ခရီး ဖြောင့်ဖြူးသာယာ အောင်မြင်ပါစေ။**

## ရေကြောင်းသတိပေးကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited. သည် ကမ်းလွန်လုပ်ကွက်အမှတ် M–9 တွင် Appraisal Drilling Campaign လုပ်ငန်းများအား Semi–Submersible Drilling Rig, HAKURYU–5 ဖြင့် ဆောင်ရွက်သွားမည့် Restricted Area Boundary Coordinates for M–9 Area များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈ ဒသမ ၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄ ဒသမ ၁၀၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၂ မိနစ် ၁၁ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၅၀ ဒသမ ၅၀၀ စက္ကန့်နှင့် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၈ ဒသမ ၈၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၄ ဒသမ ၁၀၈ စက္ကန့်တို့တွင်လည်းကောင်း၊ Tentative Proposed Well Location များဖြစ်သော Point M9–GTK–21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၇ ဒသမ ၂၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၇ ဒသမ ၉၁၅ စက္ကန့်၊ Point M9–KKN–58–59–60 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၄၈ ဒသမ ၀၅၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၈ မိနစ် ၁၃ ဒသမ ၇၀၉ စက္ကန့်၊ Point M9–KKN–83–84 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၄၂ ဒသမ ၄၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၁၄ ဒသမ ၀၆၀ စက္ကန့်၊ Point M9–GTK–32–33 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၅၂ ဒသမ ၅၈၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၈ မိနစ် ၁၉ ဒသမ ၄၂၇ စက္ကန့်၊ Point M9–ZTK–03 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၄ မိနစ် ၅၉ ဒသမ ၇၆၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၄၈ ဒသမ ၈၇၁ စက္ကန့်၊ Point M9–ZTK–09 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၃ မိနစ် ၄၇ ဒသမ ၄၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၁ မိနစ် ၄၇ ဒသမ ၂၁၇ စက္ကန့်၊ Point M9–ZTK–21 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၄၆ ဒသမ ၅၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၃ မိနစ် ၁၇ ဒသမ ၄၈၁ စက္ကန့်နှင့် Point M9–GTK–24 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၆ မိနစ် ၄၀ ဒသမ ၆၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၇ မိနစ် ၀၃ ဒသမ ၂၄၉ စက္ကန့်တို့တွင်လည်းကောင်း ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M–9 တွင် Appraisal Drilling Campaign လုပ်ငန်းများအား Semi–Submersible Drilling Rig, HAKURYU–5 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ (၄) ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**




ဒီဇင်ဘာ ၂၄ ရက်က တစ်လ ကျပ် ၅၀၀၀ အလှူရှင်များအဖွဲ့က ကြီးမှူး၍ အမေရိကန်နိုင်ငံရောက် မြန်မာမိသားစုများက ဆန် ၈၅ အိတ် (တန်ဖိုး ငွေကျပ် ၂၅ သိန်းခန့်) အား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ၁၀၈ ရပ်ကွက်နေ (ယာယီ) အိမ်ထောင်စု စုစုပေါင်း ၆၀၀ အား လှူဒါန်းစဉ်။ သတင်းစဉ်

## အမှိုက်နှင့် စားစရာလဲလှယ်ခြင်း ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် We Love Yangon တို့ ပူးပေါင်း၍ အနယ်နယ် အရပ်ရပ်မှ အလှူရှင်တို့ကိုယ်စား ဒေါပုံမြို့နယ် ဗိုလ်ထွန်းစံရပ်ကွက်ရှိ ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်ရာ ဗိုလ်ထွန်းစံ ၁လမ်း၊ ၂လမ်းရှိ အိမ်ထောင်စု ၁၀၅ စု ကို ဒီဇင်ဘာ ၂၂ ရက်က စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းသည်။

ကိုဗစ်–၁၉ကာလ၌ ဒေသအသီးသီးမှ အလှူရှင်များကိုယ်စား We Love Yangon လူထုအခြေပြု ပရဟိတအသင်းဝင်များက တစ်အိမ်ထောင်လျှင် ဆန် နှစ်အိတ် (ခြောက်ပြည်နှစ်အိတ်)၊ ဆီ ၅၀ သားတစ်ဘူး ၊ ခေါက်ဆွဲတစ်ဖာနှင့် ငါးသေတ္တာငါးဘူးဖြင့် ထိုလမ်းတို့ရှိ သိမ်းဆည်းထားသော အမှိုက်များဖြင့် လဲလှယ်လှူဒါန်း ထောက်ပံ့ခဲ့ကာ ထိုသို့ အမှိုက်နှင့် စားသောက်ကုန်လဲလှယ် လှူဒါန်းမှုမှာ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တို့တွင် ခြောက်ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။ **သစ္စာ**

**နေရောင်အောက်က**

**သက်ရှိတွေကို**

**စောင့်ရှောက်ဖို့**

**အိုဇုန်းလွှာကို**

**ထိန်းသိမ်းစို့**



## အမည်ပြောင်း

ဦးဇော်ဇော် - ဒေါ်နုနုခိုင်တို့၏သား၊ ဟသ်ာတမြို့နယ်၊ ဘုရားကုန်း(စစ်) အလက Grade-3 အောင်မှ မောင်ရှင်ကျုပ် လင်အား မောင်ပိုင်သူဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ပိုင်သူဖြိုး**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်တီကွင်းရပ်ကွက်၊ အကွက်အမှတ် (၂၃)၊သီလကုန်းအနောက်ရပ်၊ ဦးပိုင်အမှတ် (၆၇)၊ ဧရိယာ၀ဒသမ ၃၅၄ဧကရှိ မြေကို ဦးအောင်အောင်အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဟသ်ာတမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ကျိုးကြောင်းဖော်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဟသ်ာတမြို့**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## နည်းပညာတက္ကသိုလ်(ပခုက္ကူ)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် နည်းပညာတက္ကသိုလ်(ပခုက္ကူ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသော ကုမ္ပဏီများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

**(၁) ဖူဆယ်ဘောလုံးကွင်း(၁၂၂ပေ x၁၅၀ပေ) ဆောက်လုပ်ခြင်းတစ်ခု**

၂။ တင်ဒါလျှောက်လွှာပုံစံများ - ၂၃-၁၂-၂၀၂၀ရက်
စတင်ရောင်းချမည့်ရက်/အချိန် - နံနက် ၉:၃၀နာရီမှ ညနေ ၃:၃၀နာရီအထိ
တင်ဒါပိတ်မည့်ရက်/အချိန် - ၅-၁-၂၀၂၁ရက် ညနေ ၃:၃၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ဒုတိယ ပါမောက္ခချုပ်(ရုံး)ဖုန်း- ၀၉- ၂၃၀၀၉၄၈၊ ဘဏ္ဍာရေးရာဌာန ဖုန်း- ၀၉- ၂၅၆၄၀၈၆၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**နည်းပညာတက္ကသိုလ်(ပခုက္ကူ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# မြန်မာ့စီးပွားရေးဘဏ်
# ကြော်ငြာစာအမှတ် (၁/၂၀၂၀)
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး/ ငွေကိုင်-၄ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(စီးပွားရေးဘွဲ့၊ ဥပဒေဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့၊ အင်ဂျင်နီယာဘွဲ့ ရရှိသူများကို ဦးစားပေးမည်)
(ဂ) အိမ်ထောင်မရှိသူ အမျိုးသားများအား ဦးစားပေးရွေးချယ်မည်။
(ဃ) နယ်စပ်ဒေသအပါအဝင် ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ရွေးချယ်ခန့်ထားခြင်းခံရပါက စတင်တာဝန်ထမ်းဆောင်ရသည့်ဒေသတွင် အနည်းဆုံး (၂)နှစ် တာဝန်ထမ်းဆောင်ရမည်။
(စ) ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၂၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို မြန်မာ့စီးပွားရေးဘဏ်၏ အောက်ဖော်ပြပါစာစစ်ဌာနများတွင် ရယူနိုင်ပြီး စာမေးပွဲဝင်ကြေး ငွေကျပ် ၁၀၀၀/-(ကျပ် တစ်ထောင်တိတိ)ကို မိမိဖြေဆိုလိုသည့်စာစစ်ဌာနတွင် Sundry Deposit A/C Miscellaneous သို့ ပေးသွင်းရပါမည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော် | စာစစ်ဌာန |
|---|---|---|
| ၁ | နေပြည်တော် | နေပြည်တော်ဘဏ် |
| ၂ | ကချင်ပြည်နယ် | မြစ်ကြီးနားခရိုင်ဘဏ်ခွဲ၊ ပူတာအိုခရိုင်ဘဏ်ခွဲ၊ ဗန်းမော်ခရိုင်ဘဏ်ခွဲ |
| ၃ | ကယားပြည်နယ် | ကယားပြည်နယ်ရုံး |
| ၄ | ကရင်ပြည်နယ် | ဘားအံခရိုင်ဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲ |
| ၅ | ချင်းပြည်နယ် | ဟားခါးခရိုင်ဘဏ်ခွဲ၊ ဖလမ်းခရိုင်ဘဏ်ခွဲ၊ မင်းတပ်ခရိုင်ဘဏ်ခွဲ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်းခရိုင်ဘဏ်ခွဲ၊ မုံရွာခရိုင်ဘဏ်ခွဲ၊ ကသာခရိုင်ဘဏ်ခွဲ၊ ရွှေဘိုခရိုင်ဘဏ်ခွဲ၊ မော်လိုက်ခရိုင်ဘဏ်ခွဲ၊ ကလေးခရိုင်ဘဏ်ခွဲ၊ တမူးဘဏ်ခွဲ၊ ခန္တီးခရိုင်ဘဏ်ခွဲ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်ခရိုင်ဘဏ်ခွဲ၊ မြိတ်ခရိုင်ဘဏ်ခွဲ၊ ကော့သောင်းခရိုင်ဘဏ်ခွဲ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ပဲခူးခရိုင်ဘဏ်ခွဲ၊ သာယာဝတီခရိုင်ဘဏ်ခွဲ၊ တောင်ငူခရိုင်ဘဏ်ခွဲ၊ ပြည်ခရိုင်ဘဏ်ခွဲ |
| ၉ | မကွေးတိုင်းဒေသကြီး | မကွေးခရိုင်ဘဏ်ခွဲ၊ သရက်ခရိုင်ဘဏ်ခွဲ၊ မင်းဘူးခရိုင်ဘဏ်ခွဲ၊ ပခုက္ကူခရိုင်ဘဏ်ခွဲ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ဘဏ်ခွဲ (၃) မန္တလေးမြို့၊ ပြင်ဦးလွင်ဘဏ်ခွဲ၊ မြင်းခြံခရိုင်ဘဏ်ခွဲ၊ ညောင်ဦးခရိုင်ဘဏ်ခွဲ၊ မိတ္ထီလာခရိုင်ဘဏ်ခွဲ၊ ကျောက်ဆည်ခရိုင်ဘဏ်ခွဲ၊ ရမည်းသင်းခရိုင်ဘဏ်ခွဲ |
| ၁၁ | မွန်ပြည်နယ် | ဘဏ်ခွဲ (၁)မော်လမြိုင်မြို့၊ သထုံခရိုင်ဘဏ်ခွဲ |
| ၁၂ | ရခိုင်ပြည်နယ် | စစ်တွေခရိုင်ဘဏ်ခွဲ၊ မောင်တောခရိုင်ဘဏ်ခွဲ၊ ကျောက်ဖြူခရိုင်ဘဏ်ခွဲ၊ သံတွဲခရိုင်ဘဏ်ခွဲ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီးရုံး |
| ၁၄ | ရှမ်းပြည်နယ် | တောင်ကြီးခရိုင်ဘဏ်ခွဲ၊ ကျိုင်းတုံခရိုင်ဘဏ်ခွဲ၊ တာချီလိတ်ခရိုင်ဘဏ်ခွဲ၊ လွိုင်လင်ခရိုင်ဘဏ်ခွဲ၊ လားရှိုးခရိုင်ဘဏ်ခွဲ၊ မူဆယ်ခရိုင်ဘဏ်ခွဲ၊ ကျောက်မဲခရိုင်ဘဏ်ခွဲ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်ခရိုင်ဘဏ်ခွဲ၊ ဟသ်ာတခရိုင်ဘဏ်ခွဲ၊ မြောင်းမြခရိုင်ဘဏ်ခွဲ၊ မအူပင်ခရိုင်ဘဏ်ခွဲ၊ ဖျာပုံခရိုင်ဘဏ်ခွဲ |

၄။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲပါရှိရပါမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်/အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဂ) တက္ကသိုလ်ဝင်တန်း/အခြေခံပညာအထက်တန်းအောင် အမှတ်စာရင်း
(ဃ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅)ပုံ
(င) (၆)လအတွင်း ရယူထားသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း
(စ) သက်ဆိုင်ရာရဲစခန်းမှ (၆)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဆ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

၅။ လျှောက်ထားသူများသည် လျှောက်လွှာကို မိမိဖြေဆိုလိုသည့် စာစစ်ဌာနများသို့ ၂-၂-၂၀၂၁ ရက်နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ဌာနတွင်းဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဌာနခွဲ၊ တိုင်းဒေသကြီး၊ ပြည်နယ်ရုံး၏ ထောက်ခံချက်ဖြင့်လည်းကောင်း(၂-၂-၂၀၂၁)ရက်နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၇။ လျှောက်ထားသူများအား ရေးဖြေစစ်ဆေးခြင်းကို ၂၀-၂-၂၀၂၁ ရက်၌ သက်ဆိုင်ရာစာစစ်ဌာနများတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်သူများ၏ အမည်စာရင်းကို သက်ဆိုင်ရာစာစစ်ဌာန၌ ၁-၃-၂၀၂၁ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်-

အင်္ဂလိပ်စာ(ရေးဖြေ) ၂၀-၂-၂၀၂၁ ရက် နံနက် ၉:၃၀နာရီမှ ၁၀:၃၀နာရီအထိ

၈။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပြီး ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းအား ၆-၃-၂၀၂၁ရက်တွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခြင်းအား ၇-၃-၂၀၂၁ ရက်တွင်လည်းကောင်း မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် အောက်ပါအစီအစဉ်အတိုင်းပြုလုပ်မည်ဖြစ်ပါသည်-
(က) ကွန်ပျူတာကျွမ်းကျင်မှု (လက်တွေ့) - ၆-၃-၂၀၂၁ ရက် နံနက် ၉:၃၀နာရီ မှ ၁၀:၃၀နာရီအထိ
(ခ) အထွေထွေ ဗဟုသုတ (လူတွေ့) - ၇-၃-၂၀၂၁ရက် နံနက် ၉:၃၀နာရီ

၉။ ရွေးချယ်ခန့်ထားသည့် အမည်စာရင်းကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ကတ်ပြားများကို ၁၈-၂-၂၀၂၁ရက်နှင့် ၁၉-၂-၂၀၂၁ ရက်၌ မိမိလျှောက်ထားသည့် စာစစ်ဌာနများတွင် ထုတ်ပေးမည်ဖြစ်ပြီး ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် အတူ ရုံးချိန်အတွင်း ထုတ်ယူရန်ဖြစ်ပါသည်။

၁၁။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက နေပြည်တော်ဘဏ်သို့ဖြစ်စေ၊ သက်ဆိုင်ရာစာစစ်ဌာနများသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
## အလုပ်လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
## (၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၂၅ ရက်)

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ ရာထူးလစာနှုန်းကျပ် ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀ ရာထူး(၂)နေရာ အလိုရှိပါသဖြင့် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-
(က) အသက်(၄၀)နှစ်အောက် ဖြစ်ရမည်။
(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဒုတိယ ဦးစီးမှူးအဆင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ် ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်ပါက အစိုးရဌာနတွင် လုပ်ကိုင်ခဲ့သော ဒုတိယ ဦးစီးမှူး လုပ်သက်နှင့် ပုဂ္ဂလိကကုမ္ပဏီတွင် လုပ်ကိုင်ခဲ့သော လုပ်ငန်းအတွေ့အကြုံ စုစုပေါင်းအနည်းဆုံး (၅)နှစ်ရှိရမည်။
(ဃ) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ပြီး မဟာဘွဲ့နှင့် အထက်ရရှိသူများ၊ အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောနှင့် Computer ကျွမ်းကျင် သူများကို ဦးစားပေးမည်။
(င) ရွေးချယ်ခံရပါက ကော်မရှင်မှစေလွှတ်မည့် သင်တန်းများ တက်ရောက်နိုင်ရမည် ဖြစ်ပြီး ကော်မရှင်နှင့် အလုပ်ခန့်ထားခြင်း ဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။
(စ) ဖော်ပြပါ ရာထူးအတွက် စိတ်ပညာစစ်ဆေးမှုခံယူရပါမည်။

၂။ အထက်ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီသူများသည် အောက်ဖော်ပြပါ အထောက်အထားများပြည့်စုံစွာဖြင့် ၂၉-၁-၂၀၂၁ ရက်နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၊ အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်ဖြစ်စေ၊ မှတ်ပုံတင်ပို့စာ (အမြန်ချောပို့)စနစ်ဖြင့်ဖြစ်စေ ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။
- ကိုယ်တိုင်ရေးလျှောက်လွှာ(Curriculum Vitae(CV) Form ပူးတွဲလျက်)၊
- ဘွဲ့လက်မှတ်မိတ္တူ၊
- နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊
- အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး (သို့မဟုတ်) ပြန်တမ်းဝင်အရာရှိ(၁)ဦး (သို့မဟုတ်) အကြီးတန်းမန်နေဂျာ (သို့မဟုတ်)အဆင့်မြင့်အရာရှိကြီး တစ်ဦး၏ထောက်ခံချက်၊
- ပြစ်မှုကျူးလွန်ခဲ့ဖူးခြင်းမရှိကြောင်း နေထိုင်ရာနယ်မြေရဲစခန်း၏ ထောက်ခံချက်၊
- အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
- လိုင်စင်ဓာတ်ပုံ(၃)ပုံ၊
- အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံအထောက်အထားများ
- ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးဦး၏ထောက်ခံချက်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၆၅၄၆၈၁မှ ၆၅၄၆၈၄ Ext: ၈၀၁၊ ၈၃၆တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## မြို့နယ်တရားသူကြီးရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၆

ဒေါ်နုနုခင်
အမှတ် (၄၆)၊ (၅၆)လမ်း၊
ရှော်ဖီလုံးချင်းအိမ်ရာ၊ (၇)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
**တရားလို**

နှင့်

ဒေါ်ခင်မြင့်မြင့်
အမှတ် (၃၆၈)၊ ပိတောက်ရွှေဝါလမ်း၊
(၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ် (၃၆၈)တွင် နေထိုင်သော တရားပြိုင် ဒေါ်ခင်မြင့်မြင့် (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သော ဒေါ်နုနုခင်က အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၄ရက် (၁၃၈၂ ခုနှစ် ပြာသိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ကျော်သူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀၈ အီး-1) ရပ်ကွက်၊ အမှတ် ၂၀၁ ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း(အလျား၄၀ပေXအနံ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟန်အောင် ၈/ခမန(နိုင်)၁၂၂၈၁၄ ထံမှ ဖော်ပြပါမြေကွက်အား အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေကွက်အရောင်းအဝယ်အား ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇင်မာမြင့် (LL.B, D.BL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၉၇)(၅-၁၂-၂၀၁၉)**
**အမှတ်(ဆ/၃)၊ သမာဓိလမ်း၊မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉- ၄၂၈၁၂၉၄၉၈**

## ချင်းပြည်နယ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်၊ ရမ်ထလိုကျေးရွာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) သီပီးချောင်းကူးကြိုးတံတားပေ (၅၀) Double Single Bailey တည်ဆောက်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား ရုံးချိန်အတွင်း ချင်းပြည်နယ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဟားခါးမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၂၄-၁၂-၂၀၂၀ရက် (ရုံးချိန်)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၄-၁-၂၀၂၁ရက်၊ ၁၆:၃၀နာရီ
အိတ်ဖွင့်တင်ဒါရောင်းချ/တင်သွင်းမည့်နေရာ- ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၄။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဆက်သွယ်စုံစမ်းမေး မြန်းနိုင်ပါသည်။

၅။ တင်ဒါဖွင့်မည့်ရက်အား ပြန်လည်ကြေညာပါမည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ချင်းပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဟားခါးမြို့၊**
**ဖုန်း-၀၇၀-၂၁၇၆၈၊ ၀၉-၂၅၉၆၂၂၄၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်နေ ဒေါ်ဆုနန္ဒာစံ ၉/ ကဆန(နိုင်)၁၈၆၆၇၀ ပိုင်ဆိုင်သော အလျား(၆၀)ပေ၊ အနံ (၄၀)ပေ မြေပေါ်တွင် အဆောက်အအုံဆောက်လုပ်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ဆုနန္ဒာစံ ၉/ ကဆန(နိုင်)၁၈၆၆၇၀**
**ဖုန်း-၀၉-၇၇၇၇၈၉၂၀၆**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ တိုက်အမှတ် (၅၆)၊ အခန်း (၁)၊ မြေညီထပ်တိုက်ခန်းအား တရားဝင်လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ ဦးလှမြင့် ၁၂/ဗတထ(နိုင်)၀၂၅၁၈၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်ဦး ၁၂/ပဘတ(နိုင်)၀၁၀၀၀၁က ၂၂-၁၂-၂၀၂၀ရက်စွဲပါ စာချုပ်ဖြင့် အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဝင်းနိုင်ဦး** | **ဒေါ်ဖြူစင်သန့် (LL.B)** |
| **၁၂/ပဘတ(နိုင်)၀၁၀၀၀၁** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၃၇)** |
| | **ဖုန်း-၀၉-၄၂၀၁၇၇၀၂၈** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ်-၆၂၂၊ (အမှတ်-၆၂၂၊ သခင်ဗစိန်လမ်းဟုလည်းခေါ်တွင်သော)အကျယ်အဝန်း ၀ဒသမ၀၆၃ဧကရှိ ဒေါ်မြင့်မြင့်ကြည် အမည်ပေါက်နှစ် ၆၀ မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့်ပတ်သက်ပြီး အမည်ပေါက်ပိုင်ရှင် ဒေါ်မြင့်မြင့်ကြည် ၁၂/ဥကတ(နိုင်)၀၂၆၉၉၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်မိုး ၇/ပခန(နိုင်)၁၇၆၈၈၁နှင့် ဒေါ်နုနုလွင် ၇/ပခန(နိုင်)၀၈၅၇၀၉တို့က လွှဲပြောင်းဝယ်ယူရန်အတွက် သဘောတူညီမှုပြုလုပ်ကြပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** | **စဉ်-၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ်-၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ပြည်သာယာ (၂)လမ်း၊ မြေကွက်အမှတ် (၆၈၈)၊ ဦးစောအောင်ပွင့်အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်၊ ဧရိယာအလျားပေ၄၀xအနံပေ၆၀အနက်မှ မခွဲစိတ်ရသေးသော (ခြေရင်းခြမ်း) အလျားပေ ၂၀xအနံပေ၆၀ မြေကွက်နှင့် တစ်ထပ်ပျဉ်ထောင် နေအိမ်(ရေ မီး)အပါအဝင်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်လှ ၁၂/ဥကတ(နိုင်)၀၄၇၀၀၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန်စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မောင်ကြူ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၂၄)**
**အမှတ် (၁၇၉)၊ ပထမထပ်၊ ရွှေနှင်းဆီ (၄)လမ်း၊ (၂၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၅၀၃၄၃၁၃၊ ၀၉-၄၄၄၄၅၁၄၆၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂(သမိုင်း)၊ မြေကွက်အမှတ် $\frac{\text{၆/က၂-F}}{\text{၂}}$၊ ဧရိယာ၀ဒသမ ၁၁၁ဧကရှိ မြေပိုင်မြေ (အိမ်ရာ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ဗိုလ်စောအောင်လမ်း၊ အမှတ် ၁၂၅-$B^4$ဟု ခေါ်တွင်သည့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးညဏ်လင်းအောင်(ခ)ဦးဆန်နီအောင် ၁၂/လမတ(နိုင်)၀၁၉၇၃၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသတန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ ဒုတိယထပ်၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉- ၅၁၆၀၆၀၇**








## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အောက်ပါယာဉ်၊ စက်၊ ယန္တရားများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | ယာဉ်၊ စက်၊ ယန္တရားအမျိုးအစား | ဝယ်ယူမည့် အရေအတွက် | လျှောက်လွှာ(၁)စုံ စျေးနှုန်း(ကျပ်) |
|---|---|---|---|
| (က) | Compact Mix Asphalt | ၁ | ၁၅၀၀၀/- |
| (ခ) | Paving (With 4.6 Meter) | ၁ | ၁၀၀၀၀/- |
| (ဂ) | Tandem Vibratory Roller (8 Tons) | ၁ | ၁၀၀၀၀/- |
| (ဃ) | Pneumatic Tyre Roller | ၁ | ၁၀၀၀၀/- |
| (င) | Paving Dump Truck | ၅ | ၁၀၀၀၀/- |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများရောင်းချခြင်း ပိတ်သိမ်းခြင်းနှင့် လျှောက်လွှာများ ပြန်လည်တင်ပြခြင်း - ၅-၁-၂၀၂၁ မှ ၁၂-၁-၂၀၂၁ ထိ

၃။ **Power Point/Profile များရှင်းလင်းခြင်း** - ၁၄-၁-၂၀၂၁ မှ ၁၅-၁-၂၀၂၁ ထိ

၄။ **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂ လမ်း (၁၀၆x၁၀၇)ကြား၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန၊ ချမ်းမြသာစည်မြို့နယ်

၅။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်ရက်/အချိန်** - ၂၂-၁-၂၀၂၁ရက် ညနေ ၁၅:၀၀ နာရီ

၆။ **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁x၇၂ လမ်းကြား၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ(၆)ထပ်ဆောင် အစည်းအဝေးခန်းမ

၇။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများအားလုံးကို ပေးဆောင်ရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၁၃၁၆၊ ၀၉-၄၀၂၅၂၆၂၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့်မော်တော်ယာဉ်ဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သည့်ဆေးနှင့် ဆေးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

- တင်ဒါလမ်းညွှန်နှင့် တင်ဒါဖောင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တင်ဒါ Website: (e-tender.mohs.gov.mm)တွင် ကုမ္ပဏီRegister ပြုလုပ်၍ Download ရယူနိုင်ပါသည်။
- စုံစမ်းမေးမြန်းလိုသည်များကို တင်ဒါ Website Contact တွင် ပေးပို့၍ ဆက်သွယ်စုံစမ်း နိုင်ပြီး ပြန်လည်စုစည်းဖြေကြားပေးပါမည်။
- တင်ဒါဖွင့်ဖောက်မည့်ရက်ကို Website တွင် အနည်းဆုံး (၃)ရက်စော၍ အသိပေး ကြေညာမည်ဖြစ်ပါသည်။

| | |
|---|---|
| တင်ဒါစတင်မည့်ရက် | - ၂၄-၁၂-၂၀၂၀ရက် |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - ၂၀-၁-၂၀၂၁ရက်၊ ညနေ ၄နာရီ |
| တင်ဒါတင်သွင်းလွှာစတင်လက်ခံမည့်ရက် | - ၇-၁-၂၀၂၁ရက် |
| ဆက်သွယ်ရန် | - ဖုန်း- ၀၆၇-၃၄၃၁၄၄၉၊ ၀၆၇-၃၄၃၁၁၈၂၊ ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၂၈ |

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
## ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂ၊ အခြားရုံးသုံးပစ္စည်းများ (လက်တွေ့ခန်းသုံးစက်ပစ္စည်းများ)
## (Non-control Items)နှင့် အခြားပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ (မြန်မာ)ကျပ်ငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ် အပ်ပါသည်-

| | | |
|---|---|---|
| (1) | Non Control Items and Other | |
| | Lot. (1) Non Control Item | (၆)မျိုး |
| | Lot. (2) Non Control Item and Other | (၁)မျိုး |
| (2) | Non Control Items | (၃၆)မျိုး |
| (3) | Machinery and Equipment | (၁၅) မျိုး |
| (4) | Office Equipment | (၁၀)မျိုး |
| (5) | Furniture | (၁၈) မျိုး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၂-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ဘဏ္ဍာရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၈-၁-၂၀၂၁ရက် ၁၅:၀၀ နာရီနောက်ဆုံးထား၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် တင်ဒါများတင်သွင်းရမည်။

၃။ ဝယ်ယူမည့် ပစ္စည်းအသေးစိတ်စာရင်းအား ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းတွင် ကြေညာထားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၄၄၃၄၄၀၄၇၆
**တင်ဒါခေါ်ယူရေးကော်မတီ**
**ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
## ပြည်သူ့အင်အား ဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် ရန်ကုန်အလုပ်သမားဆေးရုံကြီးတွင် ခေတ်ခွဲစမ်းသပ်မှုဝန်ဆောင်မှုလုပ်ငန်းကို(၂၄)နာရီ ခေတ်ခွဲခန်းဖွင့်လှစ်၍ လုပ်ဆောင်နိုင်သော ပုဂ္ဂလိကကုမ္ပဏီများအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၄-၁၂-၂၀၂၀ရက်မှ ၈-၁-၂၀၂၁ရက် အထိ |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | - ၂၅-၁-၂၀၂၁ရက်၊ ၊ ၁၆:၀၀ နာရီ |
| (ဂ) | တင်ဒါတင်သွင်းရမည့်နေရာ | - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ် ဌ/၇၇ ရွှေတောင်သီရိလမ်း၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် |

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာ များကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ် အချက်အလက်များသိရှိလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ www.mol.gov.mm Website တွင် လေ့လာနိုင်ပြီး ဖုန်း-၀၆၇-၃၄၁၇၉၁၆၊ ၀၆၇-၃၄၁၇၉၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ(အလုပ်သမားရေးရာဆိုင်ရာ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၅၁၆၊ အကျယ်အဝန်း (၄၀' x ၆၀')အနက်မှ (၂၀' x ၆၀')ရှိ ပါမစ်မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ ပျဉ်ထောင်တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် (လူနေရပ်ကွက် အခေါ်အဝေါ်မှာ-အမှတ် (၅၁၆)၊ သံလွင်လမ်း၊ ၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) အား တရားဝင် ရောင်းချပိုင်ခွင့် ရှိသူ ဦးမျိုးထွန်းကျော် (၁၂/သဃက(နိုင်)၁၁၈၄၈၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)**
**LL.B, LL.M, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (G-1)၊ အောင်ဆန်းကွင်းမြောက်ဖက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၆၀၄၅**

## တင်ဒါတင်သွင်းလွှာ တင်သွင်းနိုင်ကြောင်းကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) မှ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် Procurement of Consultants Services for RFP 31 Feasibility Studies for Centre of Research and Innovation in GTIs and for Curricula Updating of GTIs in States and Regions နှင့် RFP 27 Training of Trainers (TOT) Course for Pilot Trainers in National Vocational Foundation Certificate (NVFC)Programme လုပ်ငန်းများအတွက် တင်ဒါတင်သွင်းလွှာများ တင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်ကြည့်ရှုလိုပါက http://www.moe-st.gov.mm နှင့် http://www.themimu.info တို့တွင် ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဒေါက်တာဝင်းသန်းထွန်း ညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇-၄၀၇၁၁၂၊ ၀၉-၂၅၀၁၀၁၂၂၉၊ drwinthantun@moe.edu.mm သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**

## မွေးသက္ကရာဇ်အမှန်

ဦးတန်နေခင်၏သမီး ဝိုင်းမော်မြို့နယ်၊ ဝါးရှောင်(အထက)မှ အလယ်တန်းပြဆရာမ ဒေါ်နိုးရာ ၁/ဝမန(နိုင်)၀၀၀၀၃၂ ၏ အမည်မှန်မှာ ဒေါ်နူးရာဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ (၁၃-၁၂-၁၉၇၂)ဖြစ်ပါသည်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ် (၅၁၈-က)၊ ဦးပိုင်အမှတ် (၅)၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ လမ်း ၈၀နှင့် ၈၁လမ်းကြားရှိ ဦးထွန်းရင် အမည်ပေါက် ဂရန်မြေကွက်အား ဦးထွန်းရင်မှာ ဒေါ်ခိုနှင့် အိမ်ထောင်ကျပြီးသား၊ သမီးထွန်းကားခဲ့ခြင်းမရှိပါ။ ဒေါ်ခိုမှာ ဦးထွန်းရင်နှင့် အိမ်ထောင်မပြုမီ ဦးဘမောင်နှင့် အိမ်ထောင်ကျ၍ ဦးထွန်းမြင့်၊ ဒေါ်ရွှေသန်းတို့ကို မွေးဖွားခဲ့ပြီးနောက် ကွာရှင်းပြတ်စဲခဲ့ကြရာ သား၊ သမီးများသည် မိခင်ဖြစ်သူနှင့် နေထိုင်ခဲ့ပါသည်။ ပထွေးဖြစ် သူ ဦးထွန်းရင်၊ မိခင်ဖြစ်သူ ဒေါ်ခိုတို့အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၉၇၄/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော ကျန်ရစ်သူ မယားပါသား၊ သမီးများဖြစ်သည့် ဦးထွန်းမြင့် ၉/မရတ(နိုင်)၀၃၁၀၈၅၊ ဒေါ်ရွှေသန်း ၉/မရတ(နိုင်)၀၃၁၀၇၉ တို့က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ် (၂၆၆၄/၂၀၁၉-၂၀၂၀)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်ပျောက်လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိသားစုနှင့်သူငယ်ချင်းများ စွမ်းအားကုမ္ပဏီလီမိတက်

မိသားစုနှင့်သူငယ်ချင်းများစွမ်းအားကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (၀၂၅၄/၂၀၁၇)ဖြင့် အသေးစားငွေရေးကြေးရေး လုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းပိတ်သိမ်းပြီး စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အသင်းဝင်များအနေဖြင့် ပေးရန် ရရန်များကို ကုမ္ပဏီတည်ရှိရာ အကွက်အမှတ် (ထ/၁၀၇) နတ်စင်လမ်း၊ ဝန်ထမ်းရပ်ကွက်၊ ကွမ်းလုံမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ (၁၀-၁-၂၀၂၁) ရက်တွင် နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန် အကြောင်းကြားပါသည်။

**လှိုင်ငွေအောင်**
**မန်နေဂျင်းဒါရိုက်တာ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် ၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု **(RA-2)** ၊ အကွက်အမှတ်(တ-၀၂)၊ မြေကွက်အမှတ် (၀၀၄၇)၊ နှင့် (၀၀၄၈) တစ်ကွက်လျှင် အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)စီရှိ ဦးလွင်ဦး (၁၂/တတန(နိုင်)၁၀၅၈၄၁)အမည်ပေါက် ပါမစ်မြေကွက် (၂)ကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးလွင်ဦး (၁၂/တတန(နိုင်)၁၀၅၈၄၁)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)
## ကြော်ငြာစာအမှတ်၊ ၅၅ / ၂၀၂၀
## ၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
## ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၃ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် စီမံ/ဘဏ္ဍာ ဌာနကြီးနှင့် ပြည်သူ့ဝန်ထမ်းအကယ်ဒမီဌာနကြီးတို့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၇)နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| ခန့်ထားသည့်ရာထူး | ပညာအရည်အချင်း/ ကျွမ်းကျင်အရည်အချင်း | လစ်လပ်ဦးရေ |
|---|---|---|
| အငယ်တန်းစာရေး | တက္ကသိုလ်မှ ဘွဲ့တစ်ခုခု/ ကွန်ပျူတာကျွမ်းကျင်သူ | ၇ နေရာ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) အငယ်တန်းစာရေးရာထူးနေရာအတွက် ၂၂-၁-၂၀၂၁ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်အတွက် အသက်(၂၇)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်ဖြစ်ပြီး ဌာနတွင်းတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ရွေးချယ်ခြင်းခံရသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် အနည်းဆုံး (၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန၏ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) (၂)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊
(ခ) အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ (မူရင်းများတင်ပြနိုင်ရမည်)၊
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း (၃လ အတွင်း)၊
(စ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း (၃လ အတွင်း)၊
(ဆ) ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်း တင်ပြရမည်၊
(ဇ) စာမေးပွဲဝင်ကြေးငွေ ၁၀၀၀ိ/- ပေးသွင်းပြီး ပြေစာမူရင်း။

၄။ လျှောက်လွှာများကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ၂၄-၁၂-၂၀၂၀ ရက် (ကြာသပတေးနေ့)မှစတင်၍ အခမဲ့ထုတ်ယူနိုင်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာတိုက်မှတစ်ဆင့်ဖြစ်စေ ၂၂-၁-၂၀၂၁ ရက်(သောကြာနေ့) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၃၀-၁-၂၀၂၁ ရက် (စနေနေ့) တွင် ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီထိ ရေးဖြေစာမေးပွဲ (မြန်မာ၊ အင်္ဂလိပ်စာ၊ သုတရေးရာ)ကိုလည်းကောင်း၊ ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီထိ ကွန်ပျူတာကျွမ်းကျင်မှု(လက်တွေ့)ကို လည်းကောင်း ဖြေဆိုရမည်။ (ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှု(လက်တွေ့) အောင်မြင်သူများကို သာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။)

၇။ စာမေးပွဲဝင်ကြေး ၁၀၀၀ိ/-ကို မြန်မာ့စီးပွားရေးဘဏ်၊ လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ငွေစာရင်းအမှတ် MD-010213 သို့ပေးသွင်းရမည်။

၈။ ဖြေဆိုခွင့် ကတ်ပြားများကို ၂၈-၁-၂၀၂၁ ရက်နေ့မှ ၂၉-၁-၂၀၂၁ ရက်နေ့ထိ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၂၆၀၆၇ နှင့် ၀၁-၈၆၂၆၀၆၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင် ပါသည်။

၁၀။ ဤကြော်ငြာနှင့် လျှောက်လွှာပုံစံကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm/www.ucsb.gov.mm နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၏ Facebook Page ဖြစ်သော Central Institute of Civil Service( Lower Myanmar) တို့တွင် ဖော်ပြထားပါသည်။

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ်(၂၆၃)ရှိ ပါမစ်မြေ (အလျား၆၀'xအနံ ၄၀') မြေဧရိယာနှင့် ၎င်းမြေကွက်ပေါ်ရှိ (အလျား ၉'xအနံ၂၇') ပျဉ်ခင်း၊ထရံကာ၊ သွပ်မိုး၊ နေအိမ်တန်းလျားတစ်လုံးနှင့် ၎င်းနေအိမ်ခြံမြေ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဦးမောင်မောင်ထွန်း ၅/ခတန(နိုင်)၀၁၁၃၇၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်ထူး ၁၂/ဥကမ(နိုင်)၂၁၀၉၃၀မှ အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (ပိုင်ရေးဆိုင်ခွင့်ရှိသူ) မည်သူမဆို စာမှတ်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးသန့်ဇင်ထူး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝင့်ဝါထွန်း(LL.B)** | **ဒေါ်ခင်ပို့ပို့နိုင် (LL.B,LL.M)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၆၉၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၅၂၃)** |

**ရုံးအမှတ်(၂၉၃)၊ နီလာ(၆)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာမြို့နယ်။**
**ဖုန်း-၀၉-၇၉၉၁၄၆၈၆၃၊ ၀၉-၂၅၀၁၂၅၃၆၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၀၀)၊ မြေကွက်တည်နေရာ အမှတ်(၁၀၀)၊ မဥ္ဇူလမ်း၊(၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးလှဆောင်(TPN-၀၅၆၉၃၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှဆောင် (TPN-၀၅၆၉၃၉) ခင်ပွန်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မာလာဝေ၁၂/မရက(နိုင်)၀၆၆၇၄၃မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊သန်းခေါင်စာရင်းနှင့် နှစ်(၆၀)မြေငှားစာချုပ်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ ဝဲဘက်တွင် အုတ်ကာ၊သွပ်မိုး(၂)ထပ်အိမ်ရှိ ပြီး၊ဝယ်ယူထားသူဒေါ်ခင်မာမာမိသားစု နေထိုင်ခြင်းနှင့်ပတ်သက်၍ ဒေါ်ခင်မာမာမှဝင်စာ-၂၉၂၁(၂၀-၃-၂၀၂၀)ဖြင့် ဒေါ်မာလာဝေမှ ပိုင်ဆိုင်ကြောင်း နှင့် အရောင်းမြေပုံကူးလျှောက်ထားခြင်း နှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိ သဘောတူကြောင်းနှင့် ဝယ်ယူထားသည့် အရပ်ကတိစာချုပ်မိတ္တူပူးတွဲ၍ ဝန်ခံကတိတင်ပြပြီး၊ ယာဘက်တွင် အုတ်ကာ၊ သွပ်မိုး(၁)ထပ်အိမ်ရှိပြီး လျှောက်ထားသူကိုယ်တိုင်နေပြီး ကွင်းဆင်းစဉ်သော့ပိတ်ထားခြင်းနှင့်ပတ်သက်၍ ဝင်စာ-၂၇၉၉/၁၈-၃-၂၀၂၀ဖြင့် ခရီးသွားနေပါသဖြင့် သော့ပိတ်ထားခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုတင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဒေါ်မာလာဝေမှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်း တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄) မကွေးတိုင်းဒေသကြီးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို လုပ်ငန်းတင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | | |
|---|---|---|---|---|
| ၂။ | (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/ နေရာ** | - | ၂၄-၁၂-၂၀၂၀ရက် တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ကင်းလမ်း၊ ရွှေညောင်ရပ်ကွက်၊ မကွေးမြို့ |
| | (ခ) | **Po Cheque ပေးသွင်းရမည့် နောက်ဆုံးရက်** | - | ၂၂-၁-၂၀၂၁ ညနေ ၄:၃၀နာရီ |
| | (ဂ) | **တင်ဒါတင်သွင်းရမည့် ရက်/ အချိန်** | - | ၂၅-၁-၂၀၂၁ရက် နံနက် ၁၀နာရီ |

၃။ တင်ဒါပုံစံ၊ တင်ဒါ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံး၊ ဖုန်း- ၀၆၃- ၂၀၂၈၃၉၀၊ အီးမေးလ်dwir 4.magway @gmail.com သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ (၁၂)နယ်မြေ ၊ ရေတပ်လမ်းရှိ ကွင်းအမှတ်၆၇၂၊ ကျောင်းကုန်းအနောက်ကွင်း၊ ဦးပိုင်အမှတ်(N/1-2) ဟုခေါ်တွင်သော ဧရိယာ ၀.၁၁၃မ၁၄ ဧက အကျယ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်လွင် ၁၂/ကတတ(နိုင်) ၀၀၅၄၁၉၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ရည်မွန်မြင့် ၁၂/ သလန(နိုင်) ၀၉၂၉၄၉ထံမှ ကျွန်မ၏မိတ်ဆွေ ဒေါ်နွဲ့နွဲ့အောင် ၈/တတက(နိုင်) ၀၀၈၂၂၉ က အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)နှင့်တကွ ကျွန်မထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်နွဲ့နွဲ့အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူမြတ်သွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၇၇)**
**အမှတ်(၄)၊ ငြိမ်းချမ်းလမ်း**
**မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း-၀၉-၅၁၃၂၆၄၇**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနရှိ 230/33/11kV, 50MVA Three Phase Transformer (1)No အား သာကေတဓာတ်အားပေးစက်ရုံမှ စစ်တောင်းပင်မဓာတ်အားခွဲရုံသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)သို့ တင်ဒါပိတ်ရက် ၆-၁-၂၀၂၁ ရက် ၁၄:၀၀ နာရီတွင် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါဆိုင်ရာ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်၍ ကုမ္ပဏီ (၁)ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ဦးမိုးဇော်(ဘ)ဦးဖိုးအေး၇/ကတခ(နိုင်)၀၉၇၁၁၁ နှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာမြင့် (ဘ)ဦးလှမြင့် ၁၂/မဂဒ(နိုင်)၀၈၅၇၁၁၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း၏ အများသိစေရန် ကြေညာချက်အား အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် လူကြီးမင်းတို့မှာလွန်ခဲ့သော (၇)နှစ်ခန့်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာ သား(၂)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှာ မယားဝတ္တရားကျေပွန်စွာပြုမူဆောင်ရွက်နေထိုင်ခဲ့ပြီး လူကြီးမင်းနှင့် ဒိုးတူပေါင်ဖက်အလုပ်လုပ်ကိုင်၍ သား(၂)ဦး၏ ဝေယျာဝစ္စကိစ္စများအား ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် လူကြီးမင်းတစ်ဦးတည်း၏ လုပ်အားခငွေဖြင့် ပစ္စည်းဥစ္စာများဖြစ်ထွန်းခဲ့ခြင်းမဟုတ်ပါ။ ကျွန်ုပ်၏မိတ်ဆွေနှင့် လူကြီးမင်းတို့နှစ်ဦးအတူရှာဖွေစုဆောင်းကာရရှိသော အတူပိုင်လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။ ထို့ပြင် လူကြီးမင်း၏ သတင်းစာတွင်ဖော်ပြထားသော လက်ထက်ပွားပစ္စည်းများအပြင် Wish အဖြူရောင် (5J-4124)နှင့် Hijetအဖြူရောင် (2H-6640)ကား(၂)စီးမှာလည်းလူကြီးမင်း၏ လက်ဝယ်တွင်ရှိနေပါသည်။ လူကြီးမင်းအား Covid -19ရောဂါကို အကြောင်းပြ၍ ဆေးရုံသို့ပို့ရန် အကြောင်းမရှိပါ။Covid-19ရောဂါစောင့်ကြည့်ထိန်းချုပ်ရေးကော်မတီမှ လူကြီးမင်း၏ ကျန်းမာရေးအရ ဆေးရုံသို့ ပို့ဆောင်၍ စောင့်ကြည့်ရန်လိုအပ်ကြောင်းညွှန်ကြား၍ ဆေးရုံတက်ရောက်ခဲ့ရခြင်းသာဖြစ်ပါသည်။ လူကြီးမင်းသည် လွန်ခဲ့သော(၂)နှစ်ခန့်မှ စ၍ ယနေ့အချိန်ထိ လင့်ဝတ္တရားကျေပွန်စွာ ဇနီးနှင့် သားတို့အား ထောက်ပံ့ပေးကမ်းခြင်းမရှိခဲ့ပါ။ ထို့ကြောင့် လူကြီးမင်း၏ သတင်းစာပါ ကိစ္စနှင့်ပတ်သက်၍ သဘောဆန္ဒအတိုင်းဆက်လက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်သန္တာမြင့်** | **ဒေါ်ခင်နီနီအောင်(LL.B)** |
| **၁၂/မဂဒ(နိုင်)၀၈၅၇၁၁** | **လိုင်စင်ကျသည့်နေ(၁၆-၅-၂၀၁၇)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၅)** |
| | **အမှတ်(၇၀)၊၂-လမ်း၊ အေးသာယာကွက်သစ်** |
| | **ပ.လ.ရအပိုင်၊ မင်္ဂလာဒုံမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |

## တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ထားဝယ်)မှ တာဝန်ယူဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအား ၂၁-၁၀-၂၀၂၀ရက်မှ ၁-၁၂-၂၀၂၀ရက်အထိ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိသော အောက်ဖော်ပြပါ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်းအချိန်မီ ပြီးစီးရန်အလို့ငှာ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **လမ်းတံတားလုပ်ငန်း**
မြေသားလမ်း(၁/၁)မိုင်၊ ကျောက်လမ်း၊ (၆/၄)မိုင်၊ ကွန်ကရစ်လမ်း၊ (၂/၀)မိုင်+(၃၉၆၅)ပေ၊ သံကူကွန်ကရစ်တံတား(၆)စင်း

(ခ) **ရေရရှိရေးလုပ်ငန်း**
စက်ရေတွင်းတွင်းနက်တူးဖော်ခြင်း(၆)တွင်း

(ဂ) **အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း**
ပညာရေးဝန်ထမ်းအိမ်ရာ(၁၉)လုံး

(ဃ) **စွမ်းအင်လုပ်ငန်း**
နေရောင်ခြည်စွမ်းအင်သုံး(Solar Power System)
မီးလင်းရေး(၈၀)စုံ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၃-၁၂-၂၀၂၀ရက်တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး ၆-၁-၂၀၂၁ရက် ညနေ၄:၃၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဆိပ် ကမ်းသာလမ်း၊ ထားဝယ်မြို့ ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၅၉-၂၂၁၂၆၊ ၀၉- ၇၉၆၈၂၃၃၆၈၊ ၀၉-၇၉၅၉၀၁၁၅၆ ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ တင်ဒါဖွင့်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

မုဒုံမြို့၊ ကော့ခပုံရွာကြီး၊ အနောက်ပိုင်းတွင် ဒေါ်ခင်ခင်အေး ၁၀/မဒန(နိုင်)၀၀၀၅၇၇သည် လှိုင်းခတ်သံ ရေသန့်စက်ရုံ တည်ဆောက်ပြီး သောက်ရေသန့်ထုတ်ရောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းအစုံအလင်ဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်ခင်အေး**
**မုဒုံမြို့၊ ကော့ခပုံရွာကြီးအနောက်ပိုင်း**
**ဖုန်း- ၀၉- ၇၇၄၄၀၁၄၄၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ စ/၄(တိုးချဲ့)၊ မြေကွက်အမှတ်-၅၅၁၊ အကျယ်အဝန်း(၄၀x၆၀)ပေ ရှိ ဦးမောင်မောင်ရင် မြေချပါမစ်အမည်ပေါက် မြေကွက်ကြီးအထဲမှ အလယ်(၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံ၍ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ခင်ခင်လေး(ခ) ဒေါ်ခင်ခင်အေး ၁၂/အလန(နိုင်) ၀၁၅၇၇၈က ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်သွယ်သွယ်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၃၇)စုပေါင်းရုံးဝင်း**
**အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၄၁၁၃၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ စကားဝါပင်လမ်း၊အမှတ်-၈၆(ပထမထပ်)အခန်းနှင့်ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိသော ဒေါ်မီမီအေး ၁၂/လမတ(နိုင်)၀၀၄၈၆၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု တရားဝင်စာချုပ်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြေညာပါသည့်(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆုမွန်အောင်(LL.B,LL.M)** | **ဒေါ်ရီရီသိန်း B.A(Law),LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၃၇၆၉၅)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်(၁၉၆)၊ စိန်မေရီဝန်း၊** | **(စဉ်-၂၅၅၄/၃၀-၃-၁၉၈၄)** |
| **ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊** | **အမှတ်-၅၃၊ ကွမ်းရွဲတန်းလမ်း၊** |
| **ရန်ကုန်တိုင်းဒေသကြီး** | **ဈေးကြီးအရှေ့ရပ်ကွက်** |
| **ဖုန်း-၀၉-၄၃၁၇၄၆၄၈** | **ကြည့်မြင်တိုင်မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း-၀၉-၃၀၃၄၉၁၀၃,** |
| | **၀၉-၄၂၆၆၁၀၀၉၂** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၀၊ ဖြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ်-၁၆၀၈(ခ)+၁၆၀၉(က+ခ)၊ ဧရိယာ(၆၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိထားအမည်ပေါက်ပိုင်ဆိုင်လျက်ရှိသူ ဦးမင်းသန်း ၁၀/မဒန(နိုင်)၀၆၁၃၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၃)**
**အမှတ်(၉၇) ၃၉လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း၀၉-၇၉၉၉၃၄၄၃၅၊ ၀၉-၄၂၀၁၃၉၅၈၃**

## ဗိုလ်မှူးကြီး မျိုးခင်(ငြိမ်း)
### ကြည်း-၅၆၉၇
### လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
### အသက်(၉၃)နှစ်

သထုံမြို့နေ (ဦးကျော်ဝင်း-ဒေါ်မြခင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ(မင်းမနိုင်)၊ တိုက် ၂၃၊ အခန်း ၂နေ (ဒေါ်မြမြသန်း)၏ခင်ပွန်း၊ ဗိုလ်မှူးချုပ်ဇော်ထွန်း(လေ-ငြိမ်း)-ဒေါ်စောကေခိုင်၊ ဗိုလ်မှူးချုပ်မြင့်ဆွေ(ငြိမ်း)-ဒေါ်ခင်မြမြအုန်း၊ ဒေါ်ခင်မြမြပြုံး၊ ဦးဘိုလတ်-ဒေါ်ခင်မြမြစိုး၊ ဒေါ်ခင်မြမြမျိုး၊ ဦးထွန်းအောင်ရင့်-ဒေါက်တာခင်မြမြမိုး၊ ဦးနိုင်ဆွေဦး(နိုင်ငံတော်သမ္မတရုံး/ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)-ဒေါ်ခင်မြမြတိုး၊ (ဦးရဲဇေရဲထွန်း)-ဒေါ်ခင်မြမြဖြိုးတို့၏ဖခင်၊ မြေး ၂၁ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၁၂-၂၀၂၀ ရက်(ကြာသပတေးနေ့) နံနက် ၁၀:၂၅ နာရီတွင် တဆရ(၂/၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၂၀ရက်(သောကြာနေ့)ညနေ ၃နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးရွှေကို(ငြိမ်း)
### ကြည်း-၂၃၆၁၇(OTS-84)
### (မန်နေဂျာ၊ မြန်မာ့အလင်းပုံနှိပ်တိုက်)
### အသက်(၅၈)နှစ်

မန္တလေးမြို့နေ (ဦးဝင်း-ဒေါ်ပေါ်ငွေး)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂လမ်း၊ တိုက်(၁၂)၊ ပထမထပ်နေ ဦးအောင်စိန်-(ဒေါ်အုံးမြ)တို့၏ သားသမက်၊ ဒေါ်လေးခိုင်၏ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်ကြီးအောင်ဖြိုးဟိန်း-မမေဖူးမြတ်မော်(CB Bank)၊ ကိုဟိန်းထက်အောင် (Uniteam Marine)-မယုနန္ဒာကို၊ ဗိုလ်ကြီးဇင်ကိုကိုအောင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဘုန်းမြတ်ဟိန်း၏ ချစ်လှစွာသော ဘိုးဘိုး၊ ဦးဝင်းတင်-ဒေါ်မြင့်မြင့်သန်း၊ (ဦးတင်ကို)-ဒေါ်မြင့်မြင့်ရီ (AGD Bank)၊ ဦးမောင်မြင့်-ဒေါ်အေးအေးသွယ် တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၄-၁၂-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် (၀၃:၀၇) နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၀၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၂၀ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးတင်လှိုင်(ကြို့ပင်ကောက်)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန
### အသက်(၈၁)နှစ်

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူး ဦးကျော်ဇင်သန့်၏ဖခင်ဖြစ်သူ ဦးတင်လှိုင် အသက်(၈၁)နှစ်သည် ၂၃-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁:၁၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံးမှ အရာထမ်း၊ အမှုထမ်းများ

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်အယ်သယ်
### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊စိန်မေရီဝင်း၊ အမှတ်(၃)နေ (ဦးအောင်ဖေ)-ဒေါ်အေးမြင့်တို့၏သမီး၊ ဦးကျော်မြင့်-(ဒေါ်နီ)တို့၏ သမီးချွေးမ၊ ဒေါ်မာဂရက်မေမြင့်ငွေး၊ ဦးဒယ်နီရယ်တင်ထူးနွယ်၊ ဒေါ်စီစီလျာ ဆန်းယဉ်နွဲ့၊ ဒေါ်လီလီယာလှလှနွယ်-ဦးမျိုး သန့်၊(ဒေါ်မော်နီကာသန္တာဆွေ) တို့၏ချစ်လှစွာသောညီမ၊ ဦးလှမြင့်ဦး၏ဇနီး၊ မောင်ရှိုင်းမင်းခန့်၊ မဖလောရင့်မြင့်မြတ်ဝသန်(ထ-၂ စမ်းချောင်း)တို့၏ မိခင်၊ တူ၊တူမ ရစ်ယောက်တို့၏ အဒေါ်သည် ၂၄-၁၂-၂၀၂၀ရက် ညနေ ၅:၂၀နာရီတွင်ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၁၂-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ယဉ်မြ (ဟသ်ာတ)
### လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ရုံးချုပ်
### အသက်(၈၅)နှစ်

ဟသ်ာတမြို့နေ (ဦးဘကြိုင်-ဒေါ်လှဖျော်)တို့၏သမီး၊ (ဦးဖြူ-ဒေါ်သိန်းရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အမှတ်(3/2A)၊ မဟာဗေယျလမ်းနေ ဦးအုန်းရှိန်(အကြီးတန်းကြီးကြပ်မှုအင်ဂျင်နီယာ၊ ငြိမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၏ ချစ်လှစွာသောဇနီး၊ (ဦးတင့်ထူးရှိန်)-ဒေါ်မိမိခိုင်၊ ဒေါ်လဲ့လဲ့ရှိန်၊ ဦးနေမျိုးရှိန်-ဒေါ်သက်သက်ထွေး၊ (ဦးကျော်ဇောထွန်း)-ဒေါက်တာမေချောရှိန်၊ ဦးသွင်စိုးရှိန်-ဒေါ်နော်ဒေဇီ၊ ဦးသွင်မိုးရှိန်- ဒေါ်ငွေးငွေးဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မမေဖူးပွင့်ရှိန်၊ မမေမြတ်နိုးရှိန်၊ ၊မောင်ရဲခေါင်၊ မောင်ဘုန်းမြတ်သူ၊ မောင်မင်းခန့်သူ၊ Khlon Zara Sheinတို့၏ ဘွားဘွားကြီးသည်၂၂-၁၂-၂၀၂၀ရက် (အင်္ဂါနေ့)နံနက် ၁၀:၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးရွှေကို (ငြိမ်း)
### (မန်နေဂျာ၊ မြန်မာ့အလင်းပုံနှိပ်တိုက်)
### အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂ လမ်း၊ တိုက်(၁၂)၊ ပထမထပ်နေ ဒေါ်လေးခိုင်၏ခင်ပွန်း ဗိုလ်ကြီးရွှေကို(ငြိမ်း)(မန်နေဂျာ၊ မြန်မာ့အလင်းပုံနှိပ်တိုက်)သည် ၂၄-၁၂-၂၀၂၀(ကြာသပတေးနေ့) နံနက် ၃:၀၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်သိန်း
### အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာနေ ဦးသန်းအောင် ပညာရေး၊ ကာ/ယ(ဂျာမနီ)၏ဖခင် ဦးအောင်သိန်းသည် ၂၃-၁၂-၂၀၂၀ရက် တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအုန်းခင်၊ ဦးရဲမြင့်၊ ဦးမဲအောင်
ဦးတင်စော၊ ဦးကျော်ဒွေး
ဒေါ်ခင်ခင်ငွေး၊ ဒေါ်ခင်မြသက်၊ ဒေါ်ခင်မြခက်၊
ဒေါ်သီတာလှိုင်

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
## ဒေါ်ယဉ်မြ (ဟသ်ာတ)
### လက်ထောက်မန်နေဂျာ(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်
### ငွေစုဘဏ်ရုံးချုပ်
### အသက် (၈၅)နှစ်

ဟသ်ာတမြို့နေ (ဦးဘကြိုင်-ဒေါ်လှဖျော်)တို့၏သမီး၊ (ဦးဖြူ-ဒေါ်သိန်းရင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အမှတ်(3/2A)၊ မဟာဗေယျလမ်းနေ ဦးအုန်းရှိန် (အကြီးတန်းကြီးကြပ်မှု အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)၏ချစ်လှစွာသောဇနီး၊ (ဦးအုန်းခင်-ဒေါ်စိန်စိန်)၊ (ဦးဦးမြင့်-ဒေါ်သန်းဆွေ)၊ (ဦးမြင့်ဆွေ-ဒေါ်မြမြ)တို့၏ညီမ၊ (ဗိုလ်မှူးခိုင်ထွန်း) -ဒေါ်မြင့်မြင့်၊ (ဦးလှမြင့်)-ဒေါ်ကြည်မြင့်၊ (ဦးကြည်မြင့်)-ဒေါ်ထွေးထွေးဝင်းတို့၏အစ်မသည် ၂၂-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီး မျိုးခင်(ငြိမ်း)
### ကြည်း-၅၆၉၇
### လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ(မင်းမနိုင်)၊ တိုက် ၂၃၊ အခန်း ၂နေ (ဒေါ်မြမြသန်း)၏ ခင်ပွန်း၊ ဦးနိုင်ဆွေဦး(နိုင်ငံတော်သမ္မတရုံး/ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)-ဒေါ်ခင်မြမြတိုးတို့၏ဖခင်သည် ၂၄-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၁၀:၂၅နာရီတွင် ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနဝန်ထမ်းမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်သိန်း
### အသက် (၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရေလဲကလေး ကျေးရွာနေ ဦးသန်းအောင် ပညာရေး (ကာယ-ဂျာမနီ)၏ ဖခင် ဦးအောင်သိန်းသည် ၂၃-၁၂-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဂျာမနီပညာသင်အဖွဲ့**
**ဦးမြင့်သိန်း၊ ဦးညွန့်ဝင်း၊ ဦးလှထွန်း၊ ဦးဖေဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးရွှေကို(ငြိမ်း)
### ကြည်း/၂၃၆၁၇(OTS-84)
### မန်နေဂျာ၊ မြန်မာ့အလင်းပုံနှိပ်တိုက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂လမ်း၊ တိုက် ၁၂၊ ပထမထပ်နေ ဒေါ်လေးခိုင်၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်ကြီးရွှေကို(ငြိမ်း)သည် ၂၄-၁၂-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၃:၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)မိသားစု**

## ဒေါ်မြင့်မြင့်ကြည်(ဇဟန်း)
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ဇဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဇဟန်း(၂)လမ်း၊ အမှတ် ၄၅၊ အခန်း 2B နေ(ဦးကျော်-ဒေါ်ရင်ငွေ)တို့၏သမီး၊ (ဦးထွန်းလှိုင်-ဒေါ်ညွန့်ရီ)တို့၏သမီးချွေးမ၊ ဒေါက်တာမြင့်သန်း-ဒေါ်သင်းသင်းလှိုင်တို့၏ညီမ၊ ဦးငြိမ်းလှိုင်- ဒေါ်စန်းစန်းဝင်း၊ ဒေါ်သက်သက်နွယ်၊ ဒေါ်အေးအေးသန်းတို့၏အစ်မ၊ ဦးမင်းဇော်၏ ချစ်လှစွာသော ဇနီး၊ ကိုဟိန်းထက်လှိုင်-မနှင်းပြည့်စုံအောင်၊ ဗိုလ်ကြီးမင်းပြည့်-မသီတာမွန်တို့၏ မိခင်၊ မောင်ဟိန်းမင်းမြတ်လှိုင်၏ အဘွားသည် ၂၄-၁၂-၂၀၂၀ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ရွှေကြည်(ပုလောမြို့)
### အလပြ၊ အထက- ပုလော(ငြိမ်း)
### သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်
### အသင်းဝင်အမှတ် ၆၈၅
### အသက်(၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၄၄ နေ ဦးဘတင်၏ဇနီးသည် ၂၃-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၂၀ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီ တွင် နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဒေါ်ခင်သန်းမြင့်(ဝါးခယ်မမြို့)
### ကျောင်းဆရာမ(ငြိမ်း)
### အထက(၅)၊ တ/ဥက္ကလာပ
### အသက်(၈၀)

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ အမှတ် ၁၇၃၀ နေ (ဦးသင်း-ဒေါ်ငွေညှာ)တို့၏သမီး၊ (ဦးဝင်းထိန်) ၏ချစ်လှစွာသောဇနီး၊ (ကိုနေမျိုးထွန်း- မခင်မိုးသူ)၊ ဒေါက်တာ နွယ်နွယ်ဝင်း( TTU)၊ ကိုသူရိန်ထွန်း- မဇင်ဝေလွင်တို့၏မိခင်၊ မခင်သူဇာတင်၊ ကိုညာဏ်ဝင်းတင့် တို့၏ အဒေါ်၊ မောင်အောင်လင်းထက်(Final Part -2, UM-2)၏ အဘွား သည်၂၃-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၂-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ရွှေကြည် (ပုလောမြို့)
### (အလ ပြ၊ အထက-ပုလော-ငြိမ်း)
### အသက် (၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၄၄)နေ (ဦးလှဖေ-ဒေါ်သိန်းကျင်)တို့၏သမီး၊ ဦးဘတင်၏ဇနီး၊ ကိုမျိုးအောင်-မခင်မာသက်၊ ကိုမျိုးသန့်-မအိအိခင်၊ ကိုမျိုးလှိုင်-မဖြူဖြူစိန်၊ ကိုအောင်ကျော်ဆင့်-မနုနုလွင်တို့၏မိခင်၊ မအိရှုပါမျိုး၊ မောင်လင်းထက်အောင်၊ မောင်စွမ်းရည်ထက်၊ မလင်းရတီလွင်၊ မောင်သူရဟိန်း၊ မောင်စွမ်းပြည့်ထက်၊ မောင်မင်းသုဟန်၊ မောင်အောင်မင်းဟန်တို့၏အဘွားသည် ၂၃-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှပုလောမြို့သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်ကြည်
### အသက် (၆၇)နှစ်

အမှတ် (၅) ခြေမြန်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်မှူးမင်းဇော်(ငြိမ်း)၏ဇနီး ဒေါ်မြင့်မြင့်ကြည်သည် ၂၄-၁၀-၂၀၂၀ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်သည်တော်ဟောင်းများ**
**အမှတ် (၅) ခြေမြန်တပ်ရင်း (အင်းမ)**

## ကျေးဇူးအထူးတင်ရှိခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ထာဝရရေသန့်အလှူရှင်ဒါယကာကြီး
## ဦးလေးမြင့်ကျော်
### အသက် (၅၄)နှစ်

၁၅-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆:၄၅နာရီတွင် ကွယ်လွန်သွားသော ဦးလေးမြင့်ကျော် နာမကျန်းဖြစ်ချိန်မှ နောက်ဆုံးအချိန်ထိ မေတ္တာစေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးရှင်မိခင်ကြီးနှင့်အစ်မများ၊ ဆွေမျိုးညီအစ်ကို မောင်နှမများအားလုံး၊ စေတနာအပြည့်ဖြင့် စောင့်ရှောက်ကုသပေးကြပါသော ဝိတိုရိယဆေးရုံမှ တာဝန်ရှိအုပ်ချုပ်သူများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဝန်ထမ်းများ၊ CBDG သွေးပရဟိတအဖွဲ့မှ သွေးလှူရှင်များ၊ ရပ်ဝေးရပ်နီးမှ အားပေးနှစ်သိမ့်ကြသူများ၊ လှူဖွယ်ပစ္စည်းနှင့် အလှူငွေများပေးပို့လှူဒါန်းကြသူများ၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြသူများ၊ မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

### အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ဆိုဖီယာခါန်း(ခ)ဒေါ်မီမီနိုင်(လှိုင်ကော်)
### ဆရာမကြီး(ငြိမ်း) အထပြ
### အသက် (၇၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ/၁၁၀၈)၊ ဣန္ဒာ (၇)လမ်းနေ (ဦးခါန်း-ဒေါ်ငယ်)တို့၏သမီးကြီး၊ ဆရာကြီး ဦးအောင်မြင့် (ပညာရေး-ငြိမ်း)၏ ဇနီး၊ ဦးသန်းနိုင်စိုး-ဒေါ်အေးသီတာမြင့်၊ ဦးမျိုးမင်းအောင်-ဒေါ်စုမြနန္ဒာသန်း၊ ဦးအောင်ဖြိုးဝေ-ဒေါ်အေးကြည်သာမြင့်တို့၏မိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၂၀-၁၂-၂၀၂၀ရက် ည ၉:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၂၀ရက် (တနင်္လာ နေ့) နံနက်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သစ်တောသစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး
အလှတိုး

**အဖီဂန်ဆေးကို ကိုဗစ်-၁၉ လူနာများအား ကုသရာတွင် အသုံးပြုရန် သင့်မသင့် ဆက်လက်စိစစ်မည်**

စာ - ၁၃

**ဒစ်ဂျစ်တယ် စီးပွားရေး အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်**

စာ - ၁၆၊ ၁၇

# သန်လျင် - ရန်ကုန် အမှတ်(၃)တံတား ၆၀ ရာခိုင်နှုန်း ပြီးစီး

ရန်ကုန် ဒီဇင်ဘာ ၂၄

ပဲခူးမြစ်ကိုဖြတ်ကျော်၍ သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်စပ်ပေးမည့် သန်လျင်-ရန်ကုန် အမှတ်(၃) တံတားကြီးတည်ဆောက်မှုမှာ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး တံတားတည်ဆောက်မှုအားလုံး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် ပြီးစီးနိုင်မည်ဖြစ်ကြောင်း သန်လျင်မြို့နယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက ပြောကြားသည်။

တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သန်လျင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်မှတာဝန်ရှိသူများ ဒီဇင်ဘာ ၂၀ ရက်က သွားရောက်လေ့လာရာတွင် မြန်မာ့အလင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ❖



သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ပေးမည့် သန်လျင် - ရန်ကုန် အမှတ်(၃) တံတားကြီးတည်ဆောက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သန်းဝင်း(သန်လျင်)

## ပင်လောင်းမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေး နှာခေါင်းစည်းတပ်ဆင်ခြင်း လှုပ်ရှားမှုဆောင်ရွက်



ပင်လောင်း ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် နှာခေါင်းစည်းတပ်ဆင်ခြင်း လှုပ်ရှားမှုနှင့် အသိပညာပေးလုပ်ငန်းများကို မြို့မဈေးရှေ့ မင်းလမ်းမပေါ်နှင့် မြို့မဈေးအတွင်း၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နှာခေါင်းစည်းတပ်ဆင်ခြင်း လှုပ်ရှားမှုနှင့် အသိပညာပေးလုပ်ငန်းများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ●

## မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာ ၃၀ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

မုံရွာ ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာကုန်စည်ဒိုင်ကို ဒီဇင်ဘာ ၂၃ ရက်က အလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်နှင့် အသင်းသားများ၏ဆန္ဒအရ ဒီဇင်ဘာ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင် သတင်းနှင့်ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုထံမှ သိရသည်။

မုံရွာကုန်စည်ဒိုင်တွင် အသင်းသား ၄၅၀ ကျော်ရှိသော်လည်း နေ့စဉ် အသင်းသား ၁၀၀ မှ ၁၅၀ ကြားသာရှိကြောင်း၊ အသင်းသားများ ကုန်စည်ဒိုင်အတွင်း ဝင်ရောက်သည့်အခါ နှာခေါင်းစည်းတပ်ခြင်း၊ လက်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများပြုပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိသည့်

စာမျက်နှာ ၁၂ ကော်လံ ၄ ✻

## လက်စတာနှင့် မန်ယူ၊ အာဆင်နယ်နှင့် ချယ်ဆီးတို့ ဆုံတွေ့နေသည့် ပရီမီယာလိဂ်ပွဲစဉ် (၁၅)

ယခုအပတ်တွင် အသင်းကြီးများဖြစ်သည့် မန်ယူ၊ မန်စီးတီး၊ ချယ်ဆီး၊ အာဆင်နယ်၊ လက်စတာအသင်းတို့အပါအဝင် ပရီမီယာလိဂ်ပွဲစဉ် (၁၅) မှ ခြောက်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (စနေနေ့) တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထိုအသင်းများထဲမှ ပရိသတ်အကြိုက်တွေ့စေမည့် ပွဲစဉ်အဖြစ် လက်စတာနှင့် မန်ယူ၊ အာဆင်နယ်နှင့် ချယ်ဆီးပွဲများ ရှိနေသည်။ ပရီမီယာလိဂ်ပွဲစဉ် (၁၄) ကစားပြီးချိန်တွင် အမှတ်ပေးဇယားကို လီဗာပူးအသင်းက ၃၁ မှတ်ဖြင့် ဦးဆောင်ထားသည်။

ပရီမီယာလိဂ်ပွဲစဉ် (၁၅) အစောဆုံးပွဲစဉ်အဖြစ် လက်စတာအသင်းနှင့် မန်ယူအသင်းတို့ လက်စတာအိမ်ကွင်း၌ စနေနေ့ ည ၇ နာရီတွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အမှတ်ပေးဇယား အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် နည်းပြရော်ဂျာ၏ လက်စတာအသင်းနှင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည့် နည်းပြဆိုးလ်ရှား၏ မန်ယူအသင်းတို့ ထိပ်တိုက်ဆုံတွေ့နေခြင်းကြောင့် စိတ်လှုပ်ရှားဖွယ်စောင့်ကြည့်ရမည့်ပွဲစဉ်အဖြစ် ရှိနေသည်။ လက်စတာအသင်းသည် ပရီမီယာလိဂ် ၁၄ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၂၇ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေပြီး မန်ယူအသင်းက ၁၃ ပွဲကစား ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၃) နေရာတွင် ရပ်တည်နေသည်။ ရမှတ်ကွာဟမှုတွင် တစ်မှတ်သာရှိနေသည့် အသင်းနှစ်သင်း ဆုံတွေ့နေသောကြောင့် ကြည့်ရှုသူပရိသတ်အား မည်မျှအထိ ဖျော်ဖြေမှုပေးစွမ်းသွားမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မန်ယူအသင်းသည် ယခု လက်စတာအသင်းနှင့် ပွဲစဉ်မတိုင်မီ လိဂ်ဖလားကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားထားရသည့်အတွက်

စာမျက်နှာ ၁၉ ကော်လံ ၁ ❍




MYANMA TOURISM BANK
မြန်မာ့ခရီးသွားဘဏ်

